


THIHAYADANAR

သီဟရတနာစာပေ

အမှတ် ၁၀၀ (D)၊ အင်းလျားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်၊

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိပ္ပံရတနာစာစဉ် – (၈၃)

# စကြာရှုနှင့် ဘဒ္ဒါ

## ချစ်ဦးညို

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ

စာမူခွင့်ပြုချက်အမှတ် - ၁၀၄၃/ ၂၀၀၄ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၄၄/ ၂၀၀၄ (၁၀)

| | | |
|---|---|---|
| ပုံနှိပ်မှတ်တမ်း | ■ | **ပထမအကြိမ်** |
| | | ၁၉၈၄ ခုနှစ်၊ ခေတ်စမ်းစာပေ |
| | | **ဒုတိယအကြိမ်** |
| | | ၁၉၉၃ ခုနှစ်၊ မိုးကြည်စာပေ |
| | | တတိယအကြိမ် |
| | | ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ |
| | | သီဟရတနာစာပေ |
| အုပ်ရေ | ■ | (၁၀၀၀) |
| ထုတ်ဝေသူ | ■ | ဦးသိမ်းစိုး |
| | | (မြ-၀၁၉၈၂) |
| | | (သီဟရတနာစာပေ) |
| | | အမှတ် (၁၀၀-D)၊ အင်းယားလမ်း၊ |
| | | ကမာရွတ်မြို့နယ်။ |
| မျက်နှာဖုံးနှင့် | ■ | ဒေါ်ခင်အေးမြင့် |
| အတွင်းပုံနှိပ် | | (ရာပြည့်အော့ဖ်ဆက်) |
| | | ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။ |
| ကွန်ပျူတာစာစီ | ■ | Dream City |
| မျက်နှာဖုံးဒီဇိုင်း | ■ | THIHA GROUP |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၃၀၀ ကျပ် |

# ချစ်ဦးညို

စာရေးဆရာချစ်ဦးညိုကို ၁၉၄၇၊ ဒီဇင်ဘာ (၃၀)တွင် မန္တလေးမြို့၌ အဖ ဦးရွှေဒေါင်းညို၊ အမိဒေါ်စိန်ရင်တို့မှ ဖွားမြင်သည်။ မွေးချင်း (၇)ယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးကျော်စွာဖြစ်သည်။ မန္တလေးမြို့၊ နန်းတော်ရှေ့၊ မတ္တရာတိုက်၊ မူလတန်းကျောင်းတွင် အခြေခံပညာဆည်းပူးခဲ့ပြီး ၁၉၅၆ တွင် မန္တလေးမြို့ ဝက်စလီကျောင်းနှင့် ဘီဘီဖို့ အေကျောင်းများ၌ အလယ်တန်းတက်ရောက်ခဲ့သည်။ မန္တလေး အ. ထ. က (၁) မှ ဆယ်တန်းအောင်ခဲ့ပြီး ၁၉၆၂ တွင် မန္တလေးတက္ကသိုလ်၌ ဥပစာဝိဇ္ဇာ (က)တန်း တက်ရောက်သည်။ ၁၉၆၃-၆၈ တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ ဒဿနိကဗေဒအဓိကဖြင့်တက်ရောက်ပြီး ၁၉၆၈ တွင်ဂုဏ်ထူး (၃)ဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ မဟာဝိဇ္ဇာဆက်လက်တက်ရောက်ခဲ့သည်။

၁၉၇၀ မှစ၍ လုပ်သားများကောလိပ်၊ စစ်တွေကောလိပ်၊ ဗဟို သမဝါယမ သင်တန်းကျောင်းတို့တွင် နည်းပြဆရာအဖြစ်အမှုထမ်းကာ ၁၉၇၅ တွင် အမှုထမ်းဘဝကို စွန့်လွှတ်ပြီးနောက် ဇာတ်အဖွဲ့ ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ကျူရှင်ဆရာအဖြစ် ကျင်လည်ခဲ့သည်။

၁၉၇၀၊ အောက်တိုဘာလထုတ် မိုးဝေစာပေမဂ္ဂဇင်းတွင် ပထမဆုံး ပုံနှိပ်စာမူအဖြစ် 'ရန်ကုန်မြို့အလယ်' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ မိုးဝေစာပေ မဂ္ဂဇင်းနှင့် ရှုမဝရုပ်စုံမဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ ဘာသာပြန်များရေးသားခဲ့သည်။ ပထမဆုံးလုံးချင်းဝတ္ထုမှာ 'လက်ဘဒီပချစ်သူ' (၁၉၇၇) ဖြစ်ပြီး သူ၏အထင်ရှားဆုံး ဝတ္ထုလည်းဖြစ်သည်။ သူ၏ အခြားထင်ရှားသောဝတ္ထုများမှာ 'ချစ်သောပါဒစေကရီ' (၁၉၇၉) နှင်းတောသရော ချစ်တဲ့သူရဲကောင်း' (၁၉၇၉) 'သုဝဏ္ဏဘူမိဝေနှာ' (၁၉၈၀)၊ 'ခုနှစ်အိမ်တန်းက မေျှမ်းဘုံ' (၁၉၈၁) 'တိမ် တိမ်တွေဖုံးပါလို့ အုံးမြိုမ့်မြိုမ့်ည်' (၁၉၈၁) 'ရွှေတိုက်စိုး' (၁၉၈၆)၊ 'ရတနာဂီရိအကျဉ်းသား' (၁၉၈၉) 'မဟာ်စန္ဒာဥဒါန်း' (၁၉၉၁) 'သဒ္ဒါ' (၁၉၉၃) 'ရာဇကုမာရ' (၁၉၉၄) 'ရှင်စောပု' (၁၉၉၆) 'လောကခံနှင့် လမ်းလျှောက်အတူထွက်ခြင်း' (၁၉၉၉)၊ 'သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေမယ့်စကားများ' (၁၉၉၉) တို့ဖြစ်ကြသည်။ စာရေးသက် (၂၅)နှစ်အတွင်း ဗုဒ္ဓယဉ်ကျေးမှုနောက်ခံဝတ္ထု (၁၄)အုပ်၊ သမိုင်းနောက်ခံဝတ္ထု (၁၆)အုပ်၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပေါင်းချုပ် (၈)အုပ်၊ လူမှုရေးအတွေးအခေါ်ဆိုင်ရာ (၆)အုပ်၊ သုတေသနစာတမ်း (၃)စောင် ရေးသားထုတ်ဝေပြီး ဖြစ်သည်။

ချစ်ဦးညိုသည် စာပေရေးသားရင်း သဘင်မဂ္ဂဇင်းစာတည်းချုပ် (၁၉၈၃-၁၉၈၈) နှင့် ရွှေပြည်တန်ဖျာနယ်စာတည်းချုပ် (၁၉၉၉-၂၀၀၀) အဖြစ် လုပ်ခဲ့သည်။ (၁၉၉၇) တွင် တက္ကသိုလ်ဘုန်းနိုင်၏ 'သူကျွန်မခံပြီ'ဝတ္ထုကို ရုပ်ရှင်ရိုက်ကူးရာ၌ ဇာတ်ညွှန်းနှင့် အနုပညာဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ၊ ဇာတ်သဘင်ပြိုင်ပွဲတစ္စာတွင် အကဲဖြတ်အဖွဲ့ခေါင်းဆောင်အဖြစ် လုပ်ဆောင်ခဲ့သည်။ (၁၉၉၈ - ၂၀၀၂) များအတွင်းတွင် စင်ကာပူ၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ မလေးရှားနှင့် အမေရိကန် နိုင်ငံများသို့ စာပေနှင့်ယဉ်ကျေးမှုအနုပညာဆိုင်ရာ လုပ်ငန်းများအတွက် သွားရောက်ခဲ့သည်။

ယခုတိုင် စာပေရေးသားခြင်း၊ ဇာတ်ညွှန်းရေးသားခြင်းလုပ်ငန်းများ အပြင် ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ်တွင် ပညာရေးအဖွဲ့ဝင်၊ ပြင်ပစာစစ်မှူး နှင့် ဇာတ်သဘင်ပညာဌာန အကြံပေးအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

## စာရေးသူ၏အမှာ

**လေးစားအပ်သော စာဖတ်သူသို့**

ဤစက္ကုရနှင့် ဘဒ္ဒါဝတ္ထုသည် အလောင်းမင်းတရား အရေးတော်ပုံမှ တစ်ခုသော ကာလအခါကို အခြေခံ၍ ရေးသားထားသော ဝတ္ထုဖြစ်ပါသည်။ အလောင်းမင်းတရားဟု ဆိုလိုက်သည်နှင့်ပင် မြန်မာသက္ကရာဇ် (၁၁၁၄–၁၁၂၂) ကုန်းဘောင် ဆက်ပထမပိုင်းကို နားလည်သိမြင်ပြီး ဖြစ်ပါလိမ့်မည်။

အလောင်းမင်းတရား အရေးတော်ပုံကား စင်စစ် ကျယ်ဝန်းများပြားလှပေသည်။ ခရစ်သက္ကရာဇ် ၁၇၅၂–၅၃ တွင် မုဆိုးဘိုတပ်ကို အခြေခံအစိုင်အမာပြု၍ ရွှေဘိုမြို့နန်းတည်သည့် အချိန်မှစ၍ မင်းတရား နတ်ရွာစံသည့် အချိန်အထိ ဖြစ်စဉ်ဖြစ်ရပ်များမှာလည်း နိုင်ငံတော် ထူထောင် သိမ်းသွင်းရေးတိုက်ပွဲများအထိ ကြီးကျယ်လျက် ရှိလေသည်။ ရန်အောင်ဇလ၊ စိန္တကျော်သူ ဦးသြ၊ မင်းလက်ဝဲသုန္ဒရဘွဲ့ခံအမတ်ကြီး ဦးမြတ်စံ၊ ပဒုကျယ်ဓမ္မသတ်ကြီးကို စီရင်သူ အမတ်ကြီး မဟာသိရိဇေယျ ဥတ္တမသကြန်၊ ဓမ္မဝိနိစ္ဆယ ဓမ္မသတ်ကျမ်းကို စီရင်သူ တရားမင်းကြီး လက်ဝဲဘိန္နသူ…စသည့် နှလုံးရည်ချွန် ပညာရှိကြီးများ ပေါ်ထွက်ခဲ့သလို မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာ၊ ဒလဝန်း (မွန်စစ်သူကြီး) ခင်ဦးစား လက်ျာပျံချီ ငချစ်ညို…စသည့် သေနင်္ဂကျွမ်းကျင်လှပေသော သူရဲကောင်းကြီးများလည်း ပေါ်ထွက်ခဲ့လေသည်။



အလောင်းမင်းတရား အရေးတော်ပုံကို တစ်စိတ်တစ်ဒေသ ထင်ဟပ် ခံစားသောအားဖြင့် ကျွန်တော်သည် စစ်သူကြီး ဒလဝန်း (ဝတ္ထုစဉ်)၊ မဏိပူရပူရပိုက် (ဝတ္ထုစဉ်)၊ ခနုဖြူတွင် (ရှမဝ) ဝတ္ထုသုံးပုဒ်ကိုလည်း ရေးဖြစ်ခဲ့ပါသည်။

ယခု စက္ကုရနှင့် ဘဒ္ဒါ။

ဤဝတ္ထု နောက်ခံကားသည် အယုဒ္ဓယသို့ အလောင်းမင်းတရား တပ်များ သွားရောက် တိုက်ခိုက်ပိတ်ဆို့ပြီးနောက် ယိုးဒယားမှ အပြန် တပ်ဆုတ်ခရီးကာလ အပိုင်းအခြားပင် ဖြစ်ပါသည်။

ဤဝတ္ထုအမည်ပါ 'စက္ကုရနှင့် ဘဒ္ဒါ'ဟူသော အမည်ပိုင်ရှင် ပုဂ္ဂိုလ်နှစ်ဦးသည် စာရေးသူ၏ စိတ်ကူးဖြင့် ဖန်တီးထားသော ဇာတ်ကောင်များ ဖြစ်ပါသည်။ တကယ်ရှိခဲ့သော သမိုင်းဝင် ဇာတ်ဆောင်ပုဂ္ဂိုလ်ကြီးများနှင့်အတူ 'စက္ကုရနှင့် ဘဒ္ဒါ' ဟူသော လူသားနှစ်ဦးကို ဖန်တီးထားပါသည်။ ထိုနှစ်ဦးကို တကယ်သမိုင်းဝင် ဖြစ်ရပ်များထဲသို့ ထည့်သွင်း လှုပ်ရှားစေပါသည်။ အလောင်းမင်းတရား၊ မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာ စသော သူရဲကောင်းများ၏ ရုပ်ပုံလွှာသည် ဤဝတ္ထုထဲ၌ တစေ့တစောင်း ရုပ်ပုံလွှာများသာ ဖြစ်ပါလိမ့်မည်။ အကြောင်းမှု ဤဝတ္ထု၏ အဓိက ဇာတ်ဆောင်များမှာ စက္ကုရနှင့် ဘဒ္ဒါတို့ ဖြစ်သောကြောင့်ပင်။

စက္ကုရ ဘဒ္ဒါတို့နှင့်အတူ သမန်ကြီး၊ သမန်ငယ်၊ တနစိုသူကြီး စသော စိတ်ကူးထဲမှ ဇာတ်ဆောင်များလည်း ပါဝင်လာကြပါမည်။ သူတို့တစ်တွေ၏ လှုပ်ရှားမှုများသည် မင်းတရားအရေးတော်ပုံ၏ လက်အောက်ခံ (သို့မဟုတ်) အစိတ်အပိုင်းများသာ ဖြစ်ပေမည်။

ကျွန်တော်သည် လက်လှမ်းမီရာ သမိုင်း (ရာဇဝင်) စာအုပ်များကို ဖတ်ရှုလေ့လာတိုင်း အလောင်းမင်းတရား အရေးတော်ပုံကျမ်းကို ဖတ်မိတိုင်း မင်းခေါင်နော်ရထာခေါ် မုဆိုးချုပ်ဖိုလ် ဦးတွန်အားအခြားသူရဲကောင်းပုဂ္ဂိုလ်ကြီးများထက် ပို၍ စိတ်ဝင်စားမိပါသည်။ မင်းခေါင်နော်ရထာ၏ အလောင်းမင်းတရားအပေါ် သစ္စာစောင့်ပုံ၊ ပွဲကြီး လမ်းကြီးရှိသမျှကို တပ်ဦးက ရှပ်ရှပ်ခွခွ တိုက်ခိုက်ပုံ၊ တိုက်လေသမျှလည်း အောင်ပွဲခံရပုံ၊ အနစ်နာခံတတ်ပုံ၊ စိတ်ဓာတ်ကြီးကျယ်မြင့်မြတ်သလောက် သံသယနှင့် အာဃာတ သဘောတရားများအပေါ်

ဆက်ဆက်ထိ မခံနိုင်ပုံ၊ မိမိ၏ ဖြောင့်မတ် မှန်ကန်မှု တစ်ရွေးတစ်စေ့မျှ မရွေ့လျော မယိမ်းယိုင်ပုံ စသည့် အရည်အသွေးများကို နှစ်သက်မြတ်နိုးနေမိပါသည်။ ထိုမင်းခေါင်နော်ရထာ၏ ရုပ်လုံးသည် အလောင်းမင်းတရားကြီး အယုဒ္ဓယမှ စစ်ဆုတ် အပြန်ခရီးကာလတစ်လျှောက်တွင် ပို၍ အသက်ဝင်လာသည်။ ထိုကာလသည် မင်းခေါင်နော်ရထာ၏ ရုပ်ပုံလွှာအထင်ရှားဆုံး ကာလပင် ဖြစ်လေသည်။ ထိုကာလသည်ပင် မင်းခေါင်နော်ရထာနှင့်တကွသော မုဆိုးချုပ်သူရဲကောင်းကြီးများအတွက် ဝမ်းနည်းကြေကွဲစရာ ကာလများ ဖြစ်လာပြန်လေသည်။

စင်စစ် ကျွန်တော်သည် ဗိုလ်တွန်ခေါ် မင်းခေါင်နော်ရထာကို မဏ္ဍိုင်ပြုလျက် မုဆိုးချုပ်သူရဲကောင်းကြီးများအား ဦးညွှတ်သော ဝတ္ထုတစ်ပုဒ်ကို ရေးချင်နေမိသည်။ သို့သော် ကျွန်တော်၏ လေ့လာမှုအား အချိန် အခြေအနေ စိုက်ထုတ်နိုင်မှု အားများကို ကိုယ်တိုင်နှိုက်ကပင် အားမလိုအားမရ ရှိနေသေးသဖြင့် လောလောဆယ်တွင် 'စက္ကရုနှင့် ဘဒ္ဒါ'ကို ရေးဖြစ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် 'စက္ကရုနှင့် ဘဒ္ဒါ' သည် ကျွန်တော် တကယ် ရေးချင်သည့် အလောင်းမင်းတရား အရေးတော်ပုံ နောက်ခံဝတ္ထု၏ အစွယ်အပွား အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

တစ်နည်းဆိုသော် အလောင်းမင်းတရား အရေးတော်ပုံကြီးကို မိမိ ရောက်ရှိနေသည့် သေးငယ်သော တစ်ထောင့်တစ်နေရာမှ တစေ့တစောင်း လှမ်းကြည့်ခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း စိတ်ကူးဇာတ်ဆောင်၊ စိတ်ကူးဖြစ်ရပ်များကို ထည့်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ စိတ်ကူးဇာတ်ဆောင်၊ စိတ်ကူးဖြစ်ရပ်များဖြင့် ဖွဲ့စည်းထားသည်မှာ မှန်သော်လည်း ပင်မ အဆောက်အအုံ အရေးတော်ပုံကြီးကို မထိပါ။ မပွန်းပဲ့စေရအောင် ကျွန်တော် အားထုတ်ပါသည်။ သို့စင်လျက်မှာပင် အကယ်တိ တစ်စုံတစ်ရာ အလျော့အတင်း ရှိသွားခဲ့ပါက ဤ 'စက္ကရုနှင့် ဘဒ္ဒါ'သည် (Fiction) အမျိုးအစားဝင်သော ရသအဖွဲ့တစ်ခုသာ ဖြစ်ကြောင်း နှလုံးသွင်း ဆင်ခြင်စေလိုပါသည်။



ဥပမာအားဖြင့် မင်းခေါင်နော်ရထာကျဆုံးခန်းသည် ဦးဘသန်း ရေးသားသော ကျောင်းသုံး မြန်မာစာ ရာဇဝင်ပါ ဖော်ပြချက်နှင့် အနည်းငယ် ကွဲလွဲနေပါလိမ့်မည်။

*'ကျောက်ဆည် အရှေ့တောင်ခြေတွင် သေနတ်လုလင်တစ်ယောက် သေနတ်နှင့် ပစ်မှန် ထိမှန်သော အနာသည်းသည်နှင့် မည်သို့မျှ မခံနိုင်သည့်အတွင်း ရဲမက်တော်တို့ ဝန်းရံ၍ ခေါင်းကို ဖြတ်သည်။ မင်းခေါင်နော်ရထာ ဆုံးရှာ၏'*

**(ဦးဘသန်း မြန်မာရာဇဝင်**
**စာ ၃၁၄–၃၁၅)**

စက္ကရုနှင့် ဘဒ္ဒါထဲတွင် ဤသို့မဟုတ်ပါ။

သို့သော် အဆိုပါ ကွဲလွဲချက်ကလေးများသည် ပြောပလောက်အောင် အရာမထင်နိုင်ဟု ဝတ္ထုရေးသမားတစ်ယောက်အနေဖြင့် ရိုးသားစွာ ယုံကြည်မိပါသည်။

ဤဝတ္ထုကို ရေးရာ၌ လက်ဝဲနော်ရထာ စီရင်သော အလောင်းမင်းတရား အရေးတော်ပုံကျမ်းကိုလည်း အကိုးအကားပြုပါသည်။

ဝေဖန်သုံးသပ်မှုများကိုလည်း ဆက်လက်ခံယူသွားပါမည်။

**လေးစားသော**
**ချစ်ဦးညို**
၁၇–၂–၈၄

---

***ပထမအကြိမ်မှ အမှားအား ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။***

ဆောင်းနှောင်းနှင်းငွေ့တို့၏ ပျပျရေးရေး လွင့်လွင့်မျောမျော မြူခိုးတို့အကြားတွင် ယမ်းငွေ့တို့ ထောင်းထောင်းထနေသည်။

တောစပ်ခင်တန်းဘက်ဆီက သဇင်ပန်းရနံ့တို့ တချက်ချက် လွင့်လာတတ်သော်လည်း ယမ်းနံ့တို့ကို ထိုးဖောက်ခြင်းငှာ မစွမ်းနိုင်ကြကုန်။

တစ်တောတစ်တောင် တစ်ခွင်တစ်ပြင်လုံး စိမ်းစိမ်းစိုနေသော တောင်စွယ်တောစပ်၏ မြမြမိုင်း အဆင်းတို့သည်လည်း 'ဤလူသားသုံးဦးတို့၏ ကိုယ်မှ စိမ့်ယိုစီးကျကုန်သော သွေးနီနီအဆင်းကို ဖုံးကွယ်ခြင်းငှာ မစွမ်းနိုင်ကြကုန်။

အံ့သွားတို့ ကျိုးကြေမတတ် တင်းတင်းစေ့သော မျက်နှာထားဖြင့်ပင် တောက်တစ်ချက် ခေါက်လိုက်သည်။ သူ့မျက်နှာထား တင်းမာနေစေကာမူ သူ့မျက်အိမ်မှာ မျက်ရည်စတွေနှင့်။

ငိုကြွေးနေသူကား တပ်မင်းကြီး မဟာမင်းလှနော်ရထာ။

ရင်းစား ပြန်မရနိုင်တော့သော ဆုံးရှုံးမှုရှေ့တွင် မဟာမင်းလှနော်ရထာ၏ မျက်ရည်များက နောက်ဆုံးအဖြစ် ဦးညွှတ်နေသည်။



## [၁]

အလောင်းမင်းတရားသည် တဲနံရံတွင် ချိတ်ထားသော သားရေချပ် မြေပုံကြီးဆီမှ လုံ့သွားကို ဖယ်ရှားလျက် အမိန့်စကားကို အဆုံးသတ်လိုက်သည်။

"ဖြတ်စီးမြို့မှာ တို့ တပ်စောင့်တွေ ရှိတယ်။ ဇနီလွှန်းရွာမှာလည်း မြင်း တပ်ထားခဲ့တယ်။ သဖန်းပုန်းမှာတော့ တို့အင်အား အများဆုံး ဖြည့်ထားခဲ့ပြီး ပြီ။ တာလန်ချောင်းကိုလည်း တို့ သိမ်းထားနိုင်ပြီ။ အခု မင်းတို့အားလုံး သိပြီး ဖြစ်တဲ့အတိုင်း တို့တပ်စွဲထားတာဟာ အယုဒ္ဓယရဲ့ မြောက်ဘက် ဘားနောင်တွန် အရပ်။ စစ်ခင်း စစ်ဖြန့် စစ်ဖွဲ့ သေနင်္ဂတော့ တို့ဘက်က အလုံးစုံ သာလွန် နေတယ်။ ဒါပေမယ့် သားတော်က မနက်ကပဲ သတင်းလျှောက်လာတယ်။ တပ်တော်ထဲမှာ နာမကျန်းသူတွေ သိပ်များနေတယ်တဲ့။ ငါလည်း တပ်တွင်း လှည့်မစစ်နိုင်တာ တစ်ပတ်ရှိသွားပြီ။ ရဲမက်တွေထဲမှာ မကျန်းမမာသူတွေ အတော်များနေသလား။ ငတွန် ပြောစမ်း"

အပြင်ဘက်က ညဦးအမှောင်တွင် မိုးတဖြောက်ဖြောက်ကြားနေရသည်။ မင်းခေါင်နော်ရထာဘွဲ့ခံ တပ်မင်းဗိုလ်ငတွန်သည် မိုးရည်တွေ ရွှဲနေသည့် ကိုယ်ကျပ်ကို လက်ဖြင့် သပ်လိုက်ပြီး ရှေ့တိုးလာသည်။

"မြေဒူးမင်းသားပြောတာ အမှန်ပါပဲ မင်းတရား။ အခု မိုးဦးရာသီလည်း ရောက်လာပါပြီ။ သူ့တိုင်းပြည် မိုးဥတုမှာ မိုးဦးကောင်းပုံရပါတယ်။ ဒီနေ့အထိ မိုးအဆက်မပြတ် ရွာနေတာ လေးရက် ရှိသွားပါပြီ။ မိုးကြောင့် ရဲမက်တွေ အဖျားအနာ အတော်ဖြစ်ကြတယ်"

"အင်း"

မင်းခေါင်နော်ရထာ၏ စကားကို အလောင်းမင်းတရား ငြင်းစရာမလို။ တဲနန်းအတွင်း စစ်ရေးဆွေးနွေးနေသည့် ယခုအချိန်မှာပင် မိုးက သဲသဲမဲမဲ ရွာနေချေသည်။

"ကျွန်တော်တို့ အယုဒ္ဓယ စစ်မျက်နှာကို ရောက်နေကြတာ တစ်နှစ်ကျော်သွားပြီ မင်းတရား။ မနှစ်က တန်ခူးလပြည့်ကျော် ဆယ့်တစ်ရက်မှာ သင်္ကြန်ကျတယ်။ ကျွန်တော်တို့ တိုင်းတစ်ပါးနယ်မြေ စစ်မျက်နှာမှာပဲ နှစ်သစ်ကူးခဲ့ကြရတယ်။ ဒီနေ့အထိဆိုရင် အယုဒ္ဓယ စစ်မြေပြင်မှာ ကျွန်တော်တို့ တစ်နှစ်တစ်လနဲ့ ဆယ့်တစ်ရက် ရှိသွားပြီ"

"တယ်သေချာပါလား မဟာမင်းလှ နော်ရထာရဲ့"

အလောင်းမင်းတရားက ဗိုလ်ငရွဲကို ဘွဲ့အမည်တပ်ခေါ်လိုက်သဖြင့် သားတော် မြေဒူးမင်းနှင့်တကွ တဲနန်းအတွင်းရှိ တပ်မှူးများအားလုံး ရယ်မိကြသည်။ စင်စစ် အလောင်းမင်းတရားသည် မုဆိုးဘိုရွာ ထန်းလုံးတပ်က အစပြုခဲ့သော သူ့သွေးသောက်ရဲဘော်များကို ဘယ်တော့မှ ဘွဲ့အမည်ဖြင့် မခေါ်။ အမည်ရင်းကိုသာခေါ်၍ ရင်းနှီးစွာ ဆက်ဆံလေ့ ရှိသည်။ သားတော်ကြီး အိမ်ရှေ့မင်းကိုပင် နန်းတော်က ခေါ်သလို 'နောင်တော်ကြီး'ဟု မခေါ်။ ငယ်နာမည် 'မောင်လောက်'ဟူသာ ချစ်စနိုး ခေါ်လေ့ ရှိလေသည်။

အရယ်အမောကို ပထမဆုံး ရပ်တန့်လိုက်သူကား ဒုတိယသားတော် မြေဒူးမင်း။

"သားတော် တစ်ခုပြောချင်တယ်"

"ဆို...မောင်ရွှေ"

"ခမည်းတော်လည်း စိတ်ဆောင်နေလို့သာ ခုထိ ကိုယ်တော်တိုင် ဦးစီးကွပ်ကဲနေတာပါ။ ခမည်းတော် ကိုယ်တိုင်လည်း ကောင်းကောင်း ကျန်းခန့်သာတာ မဟုတ်ပါဘူး"

"အဲဒီတော့ ဘာဖြစ်သလဲ"

"သူ့နယ်မြေ သူ့ပြည်အေးသထိ စစ်ထွက်ခဲ့ကြတာမို့ သားတော်တို့မှာဆင် မြင်း လူသူ လက်နက် စစ်အင်အားလည်း လိုသလောက် မပါလာခဲ့ပါဘူး"

"အေးလေ၊ မင်း ဘာပြောချင်သလဲ"

"ရောဂါကလည်းရ၊ ရာသီကလည်း ထန်၊ ခမည်းတော်မှာ အသက်ကလည်း ထောက်"





"တီတီစမ်း၊ စကားပြောရင် ရှင်းရှင်းပြတ်ပြတ် လိုရင်းကို ဆိုရမယ်လို့ ငါပြောထားတာ မင်း ခုထိ နားမလည်သေးဘူးလား၊ မြေဒူးမင်းဟာ စကားစ ရှည်ကို ရှည်ချင်တတ်တယ်"

အလောင်းမင်းတရား၏ ဒေါသကို ကောင်းစွာ သိသော မြေဒူးမင်း အသံတိတ်သွားသည်။ ဆက်မပြောရဲ။ သို့သော် တပ်မင်း၊ တပ်မှူးများရှေ့တွင် အအော်အငေါက်ခံလိုက်ရသဖြင့် မျက်နှာကြီး မည်းသွားကာ ခေါင်းငုံ့သွားလေသည်။

"ကျွန်တော်မျိုး စစ်ရဲ့သဘောကို လျှောက်ပါရစေ"

"ငတွန်လား၊ အင်း...ပြော"

"ရတ်တရက် ရှောင်တခင် တိုက်ရလို့တော့ ကျွန်တော်တို့ တပ်တွေဟာ အောင်ပွဲမလွဲပါဘူး မင်းတရား၊ အရေး ပြီးလွယ်ပါတယ်။ အခု ရန်သူကို ဝိုင်းထားတဲ့ ကာလဟာ ကြာတောင်ကြာရှည် ရှိခဲ့ပြီ၊ စစ်ညောင်းနေပြီ၊ တပ်အိုမင်းနေပြီ၊ မိုးရာသီမှာ ခြင်ယင်ရဲကလည်း ထူလို့ တပ်ထဲမှာ အနာရောဂါလည်း ရောက်နေပါပြီ။ သည်တစ်ကြိမ် နေပြည်တော်ပြန်ပြီး နောက်တစ်ကြိမ်မှာ လုပ်ကြရရင် အယုဒ္ဓယဟာ ကျွန်တော်တို့လက်က မလွတ်နိုင်ပါဘူး။ ရန်သူနဲ့ ကျွန်တော်တို့ တစ်ဦးလက်ရည်လည်းတစ်ဦး အပြန်အလှန် သိပြီးနေပါပြီ"

မင်းတရား၏ ဒေါသထဲတွင် ဓွတ်ဝင်ပြောရဲသူမှာ မင်းခေါင်နော်ရထာ ဘွဲ့ခံ ဗိုလ်ငတွန်တစ်ယောက်သာ ရှိသည်။ မင်းခေါင်နော်ရထာကား မင်းတရား၏ မုဆိုးဘိုသား ရိုးရင်းပေါင်းဖော် ဖြစ်ရုံသာမက မင်းတရား၏ စိတ်ဓာတ်နှင့် အနီးကပ်ဆုံးလည်း ဖြစ်လေသည်။

မင်းခေါင်နော်ရထာ၏ စကားကြောင့် တပ်မှူးများ ဖြစ်ကြသော မင်းကျော်စည်သူ၊ မင်းလှစည်သူတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ မင်းတရားကား မင်းခေါင်နော်ရထာ၏ စကားကို စဉ်းစားဟန်ဖြင့် မျက်စိအစုံ မှိတ်နေသည်။

"မောင်ကောင်းသာရှိရင် ဘယ်လိုပြောမလဲ မသိဘူး"

မောင်ကောင်းဟူသော အမည်ကား သေနတ်ဝန်၊ မဟာသေနာပတိကို မင်းတရားခေါ်သည့်အမည်။ သေနတ်ဝန်ကား သံလျင်တိုက်ပွဲတွင် ရဲဝံ့ပြောင်မြောက်စွာ ကျဆုံးသွားခဲ့ပြီ။

"သေနတ်ဝန် ရှိနေရင်လည်း ကျွန်တော် ပြောသလို ပြောမှာပါ မင်းတရား"

မင်းခေါင်နော်ရထာက မဆိုင်းမတွ ပြောလိုက်သည်။

အပြင်တွင် မိုးပိုသည်းလာသည်။ တဲနန်းရွက်ဖျင်ကို ထိမှန်သော မိုးပေါက်သံများ ပို၍ ကျယ်လောင်လာသည်။ မိုးသက်လေအရှေ့တွင် တဲနန်းအတွင်းရှိ မီးတိုင်မှ မီးတောက်တို့ ယိမ်းခါသွားကြသည်။ မြေဒွးမင်းသားက မင်းတရား၏ သားမွေးကိုယ်ရုံကို နံရံမှ ဖြုတ်ကာ မင်းတရား ပခုံးပေါ်သို့ လွှမ်းခြုံပေးလိုက်သည်။

"ကဲ...ပြန်ကြတော့၊ မကျန်းမာသူတွေကို ဆေးဆက်ကု၊ ရိက္ခာကိုလည်း မကျန်းမာတဲ့ ရဲမက်တွေအတွက် ဝေစားများများ ပိုပေးကြ၊ နောက်နေ့မှ မင်းတို့နဲ့ ထပ်တွေ့မယ်"

သားတော် မြေဒွးမင်းသားနှင့်တကွသော တပ်မင်းများ အားလုံး အလောင်း မင်းတရားကို လက်အုပ်ချီ နှုတ်ဆက်ကာ တဲနန်းအတွင်းမှ ထွက်ခွာရန် စတင် လှုပ်ရှားကြသည်။

"ငတွန်၊ မိုးဒဏ် အချမ်းကို ခံနိုင်အောင်ဆိုပြီး သေရည်တွေ သိပ်သောက် မနေနဲ့ဟေ့"

တဲနန်းအပြင်သို့ ခြေလှမ်းခါနီးအထိ မင်းတရား၏ ရင်နှီးစွာ နောက်ပြောင်သော စကားကို ကြားရသဖြင့် မင်းခေါင်နော်ရထာ ပြုံးမိလေသည်။

ကောင်းကင်တစ်ပြင်အထိ မိုးလုံးမည်းနေပေပြီ။ လျှပ်နွယ်များက ချွန်မြသော လက်သည်းများဖြင့် ကုတ်ခြစ်သောအခါ မိုးမှောင်ကောင်းကင်သည် အသံနက်ကြီးဖြင့် ရူးရူးစွာ အော်မြည်နေသည်။

တပ်စခန်းချရာ အယုဒ္ဓယမြို့ မြောက်ဘက်၊ ဘားနောင်တွန်ဒေသတစ်ခုတည်း မိုးကွက်၍ သဲကြီးမဲကြီး ရွာနေပြီ ထင်ရသည်။ ခြေမျက်စိမြှုပ် ရေပြင်ကို ဖြတ်ရင်း မင်းခေါင်နော်ရထာတဲသို့ ပြန်ခဲ့သည်။ လျှပ်ပြက်တိုင်း အမှောင်နက်အတွင်းက တဝင်းဝင်းပေါ်လာသည့် တဲစခန်း တမျှော်တခေါ်တို့ကို မြင်ရသည်။

သည်မျှ သည်းထန်သော မိုးရာသီတွင် မည်သို့ စစ်ချီမည်နည်း။ အယုဒ္ဓယစစ်သည်တို့ကား လုံခြုံခိုင်ခံ့သော မြို့ရိုးတွင်းမှာ နွေးထွေးစွာ ရိက္ခာစားနပ်ပြည့်စုံစွာ အင်အားသစ် စုဆောင်းနေလောက်ပေပြီ။ မြန်မာတို့ကား...မိမိတို့မှာကား တဖြည်းဖြည်း လျော့ပါးလာနေသော ရိက္ခာ၊ တဖြည်းဖြည်း တိုးပွားလာသော နာဖျားရောဂါ ဝေဒနာသည် ရဲမက်များ ဖြင့်သာ။





တဲတစ်ခုကို အလွန်တွင် မိုးရေထဲမှ ခြေသံတစ်ခုကြားလိုက်ရသည်။ စစ်သွေးဖြင့် ထာဝစဉ် နိုးကြားနေသော မင်းခေါင်နော်ရထာ၏ လက်သည် ဓားရိုးပေါ်သို့ ရောက်သွားသည်။

"တပ်မင်း...ကျွန်တော်ပါ"

မိုးစက်တွေ ရွှဲနစ်နေသော သဏ္ဌာန်တစ်ခု မင်းခေါင်နော်ရထာရှေ့သို့ တိုးလာသည်။

ဝင်းခနဲ ပြက်သွားသော လျှပ်တစ်ချက်၏ အလင်းရောင်ကြောင့် ထိုသဏ္ဌာန်ကို ပီသစွာ တွေ့လိုက်ရသည်။ မင်းခေါင်နော်ရထာ အံ့အားသင့်သွားလေသည်။ မောက်လုမဆောင်း၊ ကိုယ်ကျပ်မဝတ်၊ ခါးတောင်းကျိုက်ဖြင့် အထက်ပိုင်း ဗလာစွာ၊ လှံရှည်တစ်ချောင်း ဆွဲထားသည်။

"ဟင်...စက္ကူရပါလား"

"ဟုတ်ပါတယ် တပ်မင်း"

"မင့် ကင်းအလှည့်က သန်းခေါင်မှ မဟုတ်လား"

"အစောပိုင်း ကင်းကျရဲမက် ဖျားနေတယ်တပ်မင်း၊ ဒါကြောင့် ကိုယ်စားယူပေးနေတာပါ"

"ရဲမက်တစ်ယောက်ယောက်ကို အမှုချပေးရောပေါ့ကွာ"

"သူငယ်တွေ ဖျားနာကြမှာစိုးလို့ ကျွန်တော်ကိုယ်တိုင်"

"မင်းကတော့ သွေးသားနဲ့ မဟုတ်ဘဲ သံနဲ့ ဖွဲ့စည်းထားတာမို့လို့လား"

"ခုချိန်ထိတော့ ကျွန်တော် နှာတစ်ချက်မချေ၊ ချောင်းတစ်ချက် မဆိုးသေးဘူး တပ်မင်း"

မင်းခေါင်နော်ရထာသည် တဟားဟားရယ်ရင်း ကိုယ်ကျပ်ဝတ်မထားသော စက္ကူရ၏ ဗလာကိုယ်အထက်ပိုင်းကို သဘောကျစွာ ကြည့်နေမိသည်။

ဤကမ္ဘာလောက၌ မွေးမိခင်သည် သူ့သားကို စစ်သားလုပ်ချေရော ဟူ၍ မွေးပေးလိုက်သည့် ယောကျ်ားတစ်ယောက်ရှိသည် ဆိုလျှင် ထိုသူကား စက္ကူရမှ အပ အခြားသူ မဖြစ်နိုင်။

စက္ကူရကား စစ်သားဖြစ်ဖို့အတွက် လူလာဖြစ်သော သူပင်တည်း။

"စက္ကူရ"

ဝင်းခနဲ လျှပ်တစ်ချက်အပြက်တွင် ထင်ရှားစွာ တွေ့လိုက်ရသော စက္ကူရ၏ ရင်အုပ် လက်မောင်းသားကြီးများကို ကြည့်ရင်း မင်းခေါင်နော်ရထာက တရင်းတနှီးလေသံဖြင့် ခေါ်လိုက်သည်။

“အမိန့်ရှိပါ တပ်မင်း”

“ဒီလောက် သဲကြီးမဲကြီး မိုးထဲလေထဲမှာ မင်းက ဘာကြောင့် ကိုယ်ကျပ်မဝတ်တာလဲ တပ်ထဲမှာ ဖြစ်နေတဲ့ အဖျားရောဂါကို ဖိတ်ခေါ်နေတာလား”

မိုးရေတစွတ်စွတ်ထဲတွင် လျှောက်ကြရင်း မင်းခေါင်နော်ရထာ၏ တဲဝ ရောက်လာသည်။

“အထဲခဏဝင်ဦးကွာ၊ စကားစမြည်ပြောကြရအောင်”

“ကျွန်တော်ကင်းစောင့်အလှည့်”

“ငါ လုလဲပေးမယ်၊ ဟော…ရဲမက်၊ ဒီမှာ မနေနဲ့တော့ သန်းခေါင်အထိ ကင်းအလှည့်ယူ ကြားလား”

မင်းခေါင်နော်ရထာက တဲဝရှိ အစောင့်ရဲမက်သို့ လှမ်းပြောလိုက်သည်။

“ကိုင်း အထဲဝင် စက္ကရ”

မင်းခေါင်နော်ရထာ၏ တဲထဲမှာ လက်နက်တွေချည်း ပြည့်နေသည်။ အထပ်လိုက် ကျွဲရေ ဒိုင်းလွှားများ၊ အစည်းလိုက် လှံတိုများအပြင် ခုံပေါ်မှ သေနတ်ပြောင်းရှည်များ။

တဲအလယ်မှ မီးလင်းဖိုကြောင့် တဲထဲမှာ အနွေးဓာတ် ကောင်းစွာ ရနေပေသည်။ မင်းခေါင်နော်ရထာက မိုးရေစွဲနေသော ကိုယ်ကျပ်ကို ချွတ်ကာ ရေညှစ်ပြီး တန်းပေါ်သို့ လွှားလိုက်သည်။ စစ်၏ အမှတ်အသားဖြစ်သော အမာရွတ်များဖြင့် ပြည့်နေသည့် ကိုယ်ခန္ဓာမှာ မီးရောင်တွင် ကြေးနီရောင်တောက် နေလေသည်။

စက္ကရလည်း မီးဖိုအနီးတွင် ထိုင်လိုက်သည်။

မင်းခေါင်နော်ရထာက စင်ပေါ်မှ ကြွေတစ်ကောင်းတစ်လုံးကို လှမ်းယူကာ မော့ချလိုက်သည်။ ထို့နောက် နှုတ်ခမ်းမွေးထက်က သေရည်စများကို လက်ခုံဖြင့် သုတ်ကာ ကြွေတကောင်းကို စက္ကရထံသို့ လှမ်းလိုက်လေသည်။

“ရော့ကွာ အချမ်းသက်သာအောင်”

စက္ကရက မတုန့်မလှုပ် လက်မကမ်းရှိသဖြင့် ကြွေတကောင်းကို ကိုင်ရင်း မင်းခေါင်နော်ရထာက တအံ့တသြကြည့်သည်။ စက္ကရ နှိမ့်ချရိုကျိုးစွာ ပြုံးနေသည်။

“သြော် ဟုတ်ပေသား၊ ငါ ရုတ်တရက် သတိမေ့သွားတယ်။ ရေကြမ်း၊ မြေကြမ်း၊ ခရီးလမ်းနဲ့ စစ်တလင်းမှာ အလောင်းမင်းတရားရဲ့ တပ်သားတိုင်း





သေသောက်ကြတာမို့ ဟုတ်ပေသား၊ ဒီအထဲမှာ သေမသောက်တဲ့ စစ်သားဆို လို့ မင်းတစ်ယောက် ရှိတာပဲ၊ လောကမှာ သေမသောက်တတ်သော စစ်သား တစ်ယောက် ရှိသည်။ အမည်ကား စက္ကရ၊ ဟား…ဟား”

စက္ကရသည် ပြုံးသည် ဆိုရုံမျှသော မျက်နှာဖြင့် မီးဖိုတွင် လက်နှစ်ဖက် ကို ကင်နေလေသည်။

“ကိုင်း…ဆိုစမ်း၊ စောစောက စကားပြတ်သွားတယ်၊ မိုးထဲလေထဲထွက် ပြီး ကင်းစောင့်နေတာ ဘာကြောင့် ကိုယ်ကျပ်မဝတ်၊ ဝတ်ရုံမလွှားဘဲ လုံးတီး နေ နေတာလဲကွ စက္ကရ”

“ကိုယ်ကျပ်ဝတ်လျက်သားဆိုရင် ပိုပြီး အအေးမိလွယ်တယ် တပ်မင်း”

“အင်း…ဟုတ်ပြီထားတော့၊ ကိုယ်ကျပ်မဝတ်ချင်နေ တပ်တော်ထဲမှာ ရဲမက်တိုင်းကို မိုးရေကာဝတ်ရုံတွေ ဝေထားသားပဲ၊ ဝတ်ရုံလွှားပေါ့ကွ”

“ကျွန်တော့်အစုထဲက အဖျားတက်နေတဲ့ ရဲမက်တစ်ယောက်ကို ကျွန်တော့် ဝတ်ရုံပေးထားလို့ပါ တပ်မင်း”

“ဟုတ်ပေ့ကွာ”

ဗိုလ်ချုပ် မင်းခေါင်နော်ရထာသည် သူ့တပ်မထဲတွင် အားအထားရဆုံး ဖြစ်သော စက္ကရ၏ မျက်နှာကို ကြင်နာစွာ ကြည့်မိလေသည်။ စက္ကရကား ရဲမက်တစ်ရာစီကို ဦးစီးသည့် တပ်မှူးငါးယောက်တို့၏ ဦးစီးဖြစ်သော ဗိုလ်တစ် ယောက်ဖြစ်သည်။ အလောင်းမင်းတရား၏ ကနဦးတိုက်ပွဲဖြစ်သော မုဆိုးဘို တိုက်ပွဲမှ အစပြုကာ အဝတိုက်ပွဲ၊ ပြည်ရေကြောင်းတိုက်ပွဲ၊ ဒဂုံတိုက်ပွဲ၊ သံလျင် တိုက်ပွဲ၊ ဟံသာဝတီတိုက်ပွဲ၊ မဏိပုရတိုက်ပွဲ စသည့် တိုက်ပွဲများတွင် ရွပ်ရွပ် ချွံချွံ အမှုတော်ထမ်းခဲ့သည်အတွက် သာမန်တပ်သားငယ်အဖြစ်မှသည် တိုက်ပွဲ တစ်ပွဲပြီးတိုင်း အိုးစား၊ အကြပ်၊ သွေးသောက်၊ တပ်မှူးအဆင့်များသို့ တစ်ဆင့် ပြီးတစ်ဆင့် အရာတိုးမြှင့်ခံရသူ ဖြစ်သည်။ မင်းခေါင် နော်ရထာ၏ တပ်မထဲ တွင် ရာထူးအတက်အမြန်ဆုံး စစ်သား။

ယခုလည်း မကြာခင်မှာပင် ငါးရာ ဗိုလ်အဆင့်မှ သည်တပ်ပေါင်း ဗိုလ်အဆင့်သို့ တိုးမြှင့်ပေးရန် အလားအလာ အရှိဆုံးသူ ဖြစ်လေသည်။

ယင်းသို့သော ဗိုလ်စက္ကရအား ‘အိုးစား’ အဆင့်ကတည်းက သူ့လက် အောက် တပ်သားငါးယောက်အပေါ်တွင် အကြီးအကဲ ပီသစွာ၊ ခေါင်းဆောင် ပီသစွာ အုပ်ချုပ်တတ်ခဲ့သူလည်း ဖြစ်သည်။ ယခု သူ့လက်အောက်တွင် တပ်မှူး

ငါးယောက်၊ သွေးသောက် ဆယ်ယောက်၊ အကြပ်ငါးဆယ်၊ အိုးစား နှစ်ရာငါးဆယ်၊ တပ်သားငါးရာတို့ကို အုပ်ချုပ်နေသူလည်း ဖြစ်သည်။

ဗိုလ်စက္ကူရသည် ငယ်သားတို့အပေါ် ခေါင်းဆောင်ပီသစွာ ကြင်နာတတ်သူ၊ စစ်မိန့်နှင့် စပ်လျဉ်းသောအခါ တိကျ ပြတ်သားစွာ အရေးယူတတ် သူကိုယ်တိုင်လည်း ရှပ်ရှပ်ချွံချွံ ပွဲဝင်တတ်သူ။ ဆင်စီး မြင်းစီး ဓားလှံ သေနတ် သေနင်္ဂတို့၌ ပြည့်စုံကုံလုံသူအဖြစ် သတင်းမွှေးသူတည်း။

"စက္ကူရ"

"အမိန့်ရှိပါ တပ်မင်း"

"ငါတဲထဲကို ဖိတ်ခေါ်တဲ့နေရာမှာ မင်း ကိုယ်ကျပ်မဝတ်၊ ဝတ်ရုံမလွှားတဲ့ကိစ္စကို မေးချင်တာ သက်သက်ကြောင့် ခေါ်တယ် ထင်သလား"

"မင်းတရားကြီးရဲ့ တဲနန်းထဲမှာ မြေဒူးမင်းသားနဲ့တကွ တပ်မင်းတို့ အားလုံးကို ဆောဆောက ခေါ်တွေ့ခဲ့တယ်လို့ သိရပါတယ်။ အခု တပ်မင်း မင်းတရားကြီးဆီက ပြန်လာတယ်လို့ ထင်ပါတယ်။ ကျွန်တော့်ကို တဲထဲဝင်ဖို့ ခေါ်တာ အဲဒီကိစ္စနဲ့ ပတ်သက်နေပါသလား တပ်မင်း"

အကင်းပါးသော စက္ကူရကို မင်းခေါင်နော်ရထာက သဘောကျစွာဖြင့် ပခုံးပုတ်လိုက်သည်။

"ဟုတ်တယ်၊ အဲဒီကိစ္စပဲကွ။ မြေဒူးကိုယ်တော်လေးက တပ်ထဲမှာ ရဲမက်တွေ နာဖျားမကျန်း ရှိကြတဲ့အကြောင်းမင်းတရားကြီးကို လျှောက်ခဲ့တယ်။ မင်းတရားကြီးက အဲဒါ ခေါ်မေးတာပဲ"

"ကျွန်တော့်တပ်မှာတော့ တပ်မှူးသုံးယောက် ဖျားပြီး အိပ်ရာက မထနိုင်ကြဘူး။ သွေးသောက်နှစ်ယောက်စလုံးလည်း လဲနေကြတယ်။ အကြပ်လေးယောက်ကတော့ အဖျားကြီးလွန်းလို့ ကယောင်ကတမ်း အော်နေကြတယ်။ အနေအစား ပိုဆင်းရဲတဲ့ အိုးစားနဲ့ တပ်သားတွေတော့ အနာအဖျားကင်းတဲ့သူ မရှိသလောက်ပါပဲ တပ်မင်း"

"အနာအဖျားကင်းတဲ့ လူဆိုလို့ မင်းတစ်ယောက်ပဲ ရှိတော့တယ် ဆိုပါတော့"

"မဟုတ်ဘူး တပ်မင်း။ နှစ်ယောက်။ ကျွန်တော်နဲ့ နောက်ပုဂ္ဂိုလ်တစ်ယောက်"

"ဘယ်သူလဲ"





"တပ်မင်းပါ"

"ဟား ဟား ဟား"

စက္ကူရကလည်း အလောင်းမင်းတရား တပ်မကြီးများ၏ တပ်မင်းများအနက်တွင် အမွင့်လင်းဆုံး၊ အပြတ်သားဆုံး၊ သတ္တိဗျတ္တိ အပြည့်စုံဆုံးဟု ကျော်ကြားသော မင်းခေါင်နော်ရထာကို လေးစားခန့်ညားစွာ ကြည့်နေမိလေသည်။

မင်းခေါင်နော်ရထာသည် ကြွေတကောင်းကို နောက်တစ်ခါ ထပ်မော့လိုက်ပြီးနောက် ...

"နားထောင်စမ်း စက္ကူရ၊ မင်းတရားဟာ အယုဒ္ဓယကို အပြီးတိုင် သိမ်းဖို့ကိုလည်း အလိုတော်ရှိနေတယ်။ တို့ အခုတပ်တွေ စွဲထားတာကလည်း အချက်အချာနေရာတွေချည်းပဲ။ ဒါပေမယ့် အခု မိုးကျလာပြီ။ စစ်ပွဲကို ရပ်ထားရတာလည်း တစ်ပတ်ကျော်သွားပြီ မဟုတ်လား။ အခုအချိန်မှာ ရဲမက်တွေလည်း အနာအဖျား အများအပြား ရှိနေကြတယ်။ ဒီကိစ္စတွေကို သိချင်လို့ တို့ကို ခေါ်မေးတာပဲ။ ငါကတော့ ခြေခင်းလက်ခင်း မသာတဲ့အတွက် တပ်ပြန်ရုပ်ဖို့ မင်းတရားကို လျှောက်ခဲ့တယ်။ မြေဒူးမင်းသားနဲ့ တခြားတပ်မင်းတွေလည်း ဒီအတိုင်း သဘောတူကြတယ်။ ဒါပေမယ့် မင်းတရားဟာ တပ်ပြန်သိမ်းဖို့ အလိုတော်မရှိဘူး ဖြစ်နေတယ်"

"စစ်သောင်းနေတာတော့ အမှန်ပဲ တပ်မင်း။ ဒီလိုချည်းနေတာကို ကျွန်တော် မကြိုက်ဘူး။ အခုမှ မိုးဦးရာသီပဲ ရှိသေးတယ်။ မိုးက နောက်လေးလလောက် ရွာဦးမှာပဲ"

"ဟုတ်တယ်၊ ရန်သူအဖို့ကတော့ လုံလုံခြုံခြုံနဲ့ အားမွေးခွင့်ရနေပြီး တို့များမှာတော့ ရာသီဥတုရှေ့မှောက်မှာ တို့အင်အားတွေကို အချည်းနှီး ဖြုန်းတီးပစ်နေတယ်"

"ကျွန်တော်တို့ ရေကြောင်းချီပြီး တက်တိုက်ပစ်လိုက်ရင်ကော ..."

"မဖြစ်နိုင်ဘူး စက္ကူရ၊ မိုးထဲ ရေထဲမှာ ရေပြင်ကို ဖြတ်နိုင်တယ် ထားဦး၊ ဖရန်စစ်* အမြောက်နဲ့ မီးပေါက်သေနတ်တွေဟာ မိုးရေထဲမှာ သိပ်သုံးလို့ မရဘူးကွ"

* ပြင်သစ်

"ဆင်တပ်ကိုလည်း ခုချိန်မှာ အားကိုးလို့ မရနိုင်ဘူးနော် တပ်မင်း"

နွဲ့နွဲ့နဲ့ မိုးရေတွေဟာ တို့နဲ့ တိုက်ဆင်တွေအတွက် အကောင်းဆုံး ကျုံးတွေ ဖြစ်ကုန်မှာပေါ့ စက္ကူရ၊ မင်းလှနော်ရထာနဲ့ ငါ တိုင်ပင်ပြီးပြီ။ သေနင်္ဂအမျိုးမျိုး ချကြည့်တယ်။ စစ်ချီလေးပါးမှာ တစ်ပါးမှ အထမြောက်ဖို့ မလွယ်ဘူး။ နောက်ဆုံးအဖြေထွက်တာကတော့ သိဟဂတိ ဗျူဟာပဲ"

"သိဟဂတိဗျူဟာ"

စက္ကူရက ထိုစကားလုံးကို ထပ်မံရွတ်လိုက်သည်။ စစ်ရည်ဝနေသော စက္ကူရသည် ထိုစကား၏ အနက်အဓိပ္ပာယ်ကို ချက်ချင်း နားလည်လိုက်သည်။ သိဟဂတိဗျူဟာ စစ်ပြန်ရမည်။ တပ်ဆုတ်ရမည်။ စစ်ပြန်ခြင်း သုံးပါးရှိသည့်အနက် တစ်ပါးသော စစ်ပြန်ခြင်း။

ဝေဖန်ခန့်ထား သူရဲများနှင့် ခြားနားလှည့်လည် မင်းရေ့တည့်တွင် ပြန် လည်မှာကား တောဖျားမြိုင်စွန် ဟောမဝန်ဝယ် လျော်မှန်ရန်စွင်း ခြင်္သေ့မင်းနှင့်လှိုင်းခင်းစစ်ပြန် ခြင်္သေ့သွားသကဲ့သို့ စစ်ပြန်သော သိဟဂတိဗျူဟာ။

"အမာဝါသီ ဗျူဟာကို တို့ ပထမစဉ်းစားကြသေးတယ်။ မဖြစ်နိုင်ဘူး။ ငါးယူဇနာလောက်ကျယ်တဲ့ စစ်တလင်းမှာ ရေပြင်တဖွေးဖွေးရှိနေတယ်။ မြစ်ပြင်ကြီးတမျှ ရှိနေတဲ့ ရေပြင်ပေါ်မှာ တို့တပ်တော်ရဲ့ တဲတွေ၊ ဆင်ကျုံးတွေ၊ မြင်းဇောင်းတွေဟာ အယုဒ္ဓယမြို့ရိုးပေါ်ကနေကြည့်ရင် အတိုင်းသားပဲ။ ဒီလောက် အထင်အရှားဖြစ်နေတဲ့ တပ်မတွေအဖို့ အမာဝါသီဗျူဟာ သုံးလို့မရဘူး။ ဆင် တစ်ကောင်၊ မြင်းတစ်စီး တပ်စုတစ်စု ရွေ့ပြီဆိုတာနဲ့ ရန်သူက သိမှာပဲ"

အမာဝါသီဗျူဟာ ဆိုသည်ကား ရန်သူမသိစေရအောင် တပ်ကို ဖျောက်ကာ တိတ်တဆိတ် စစ်သိမ်း စစ်ရုပ် စစ်ပြန်ရသော လကွယ်ကဲ့သို့ စစ်ပြန်ခြင်း အင်္ဂါပင်။

"သည်တော့ ရန်သူသိမှာချင်း အတူတူ မင်းတရားကို တပ်ရှေ့ပို့ပြီး နောက်ကနေ တပ်သားတွေ အထပ်ထပ်လှည့်ရင်း စစ်ပြန်တာက အကောင်းဆုံးပဲ စက္ကူရ"

"တကယ်လို့ သိဟဂတိဗျူဟာကို သုံးမယ်ဆိုရင် တပ်နဲ့ နောက်ဆုံး အစုကနေ ကျွန်တော်တို့ လိုက်ပါရစေ တပ်မင်း"

စက္ကူရက တက်ကြွစွာ ပြောလေသည်။

မင်းခေါင်နော်ရထာက လေးနက်စွာ ကြည့်လျက်...





"မင်းတရား အမိန့်တော်ရလို့ စစ်ပြန်ကြရရင် ငါနဲ့အတူ တပ်နောက်ကွယ်မှာ မင်းနေရမှာပေါ့ စက္ကူရ၊ စစ်အစီအရင် ခုနစ်ပါးမှာ သေနာပဒနဲ့ သေနာနိဝတ္တနဟာ အရှုပ်အထွေး အနက်ရှိုင်းဆုံးပဲ၊ စစ်ဖျက် စစ်ပြန်ကိစ္စမှာ ငါပဲ တာဝန်ယူကြပ်မတ်ရမှာပဲ"

"မင်းတရားက အမိန့်တော် ချပါမလား တပ်မင်း"

"မင်းတရားဟာ တို့ထက် သေနင်္ဂကျွမ်းသူပါကွာ၊ ပြီးတော့ အလောင်းမင်းတရားဟာ ပကတိ အခြေအနေကို ယထာဘူတအမြင်နဲ့ ကြည့်မြင်သုံးသပ်တတ်တဲ့ သူရဲကောင်းတစ်ယောက်ပဲ"

"ဟုတ်တယ် တပ်မင်း၊ ကျွန်တော်တို့ အယုဒ္ဓယ စစ်မျက်နှာကို ရောက်နေကြတာ တစ်နှစ်ကျော်သွားပြီး မဟုတ်လား"

"အံမာ...မင်းက ရဲဘာသနာ လွမ်းစရာများ ရှိနေလို့လား"

"သားတွေ သမီးတွေကလည်း မျှော်ကြရောမယ် တပ်မင်း"

"ဟား ဟား ဟား...တော်ပါကွာ"

စစ်မြေပြင်မှအပ၊ လက်နက်မှအပ၊ ဘာတစ်ခုမှ သံယောဇဉ်တွယ်စရာ မရှိသော တစ်ကောင်ကြွက်သမား စက္ကူရ၏ ဘဝကို အစင်းသိ ဖြစ်သောကြောင့် မင်းခေါင်နော်ရထာ အားရပါးရ ရယ်လေသည်။

တဖေါဖေါ မိုးသံများကိုပင် ဖုံးလွှမ်းသွားမတတ်။

* * *

# [၂]

နောက်သုံးရက်မြောက်နေ့မှာပင် မင်းခေါင်နော်ရထာပြောခဲ့သော စကားများ အမှန်ဖြစ်လာသည်။ တပ်တော်သည် သီဟဂတိဗျူဟာကို စီမံကြရပြီ။

အမိကအကြောင်းကား အလောင်းမင်းတရားကိုယ်တိုင် ပြင်းစွာ မကျန်းမမာရှိလာသောကြောင့် ဖြစ်သည်။ အလောင်းမင်းတရားသည် ဖျားနာစ အခြေအနေဖြင့်ပင် တပ်မများကို မိုးထဲလေထဲ၌ လှည့်လည်စစ်ဆေးခဲ့သည်။ လျော့ပါးလာသော ရိက္ခာများကို ခွဲဝေရေးအတွက် ကိုယ်တိုင်ကြပ်မတ်ခဲ့သည်။ တစ်နေ့နှင့် ညဉ့်ဦးပိုင်းတစ်ချိန်လုံးလုံး မိုးလေသည်းသည်း အောက်တွင် ပင်ပန်းခဲ့သောဒဏ်ဖြင့် မင်းတရား ပြင်းစွာ နာဖျားမကျန်း ဖြစ်လေတော့သည်။ မုဆိုးဖိုရွာကြီးကို ထန်းလုံးတပ်စီရင်၍ ဗိုလ်ဝင်ခံခဲ့သည့် အချိန်မှစပြီး ခုနစ်နှစ်ကျော် ရှစ်နှစ်နီးပါး မနားမနေ နိုင်ငံစည်းလုံးမှု ထူထောင်ရေးကို ကြိုးပမ်းခဲ့သော ပင်ပန်းမှုတို့လည်း အလုံးအရင်းနှင့် ဖိနှိပ်ကြလေပြီ။

စက်ရာထက်တွင် လဲသည့်အချိန်က စ၍ အဖျားရှိန်မှာ လျော့သည် တန့်သည်မရှိတော့။ မင်းတရား၏ သက်တော်လည်း ငါးဆယ်တွင်းသို့ ချဉ်းခဲ့ပြီဖြစ်လေသည်။ မိုးဦးရာသီနှင့်ပါလာသော ဝမ်းရောဂါကလည်း နှိပ်စက်လာသည်။

မင်းတရားသည် သတိမလစ်ရအောင် ကြိုးစားတည်ဆောက်ရင်းမှ သားတော် မြေဒူးမင်းသားနှင့် တပ်မင်းများအားလုံးကို ခေါ်ကာ–

'စစ်ပြန်နှုတ်၊ သီဟဂတိ ဗျူဟာကို သုံး၊ ငတွန်နဲ့ ငရွဲက နောက်ဆွယ်ကနေလိုက်ခဲ့၊ ငတွန်က စစ်ပြန် လမ်းကြောင်းတစ်လျှောက်မှာ ရိက္ခာလုံလောက်ဖို့





အဓိကတာဝန်ယူ၊ မြေဒူးက ငါ့အနားနေ'ဟု စက်ရာပေါ်မှာ လဲရင်း အမိန့်တော်ချလေသည်။

ရက်ပေါင်းလေးရာနီးပါး ရန်သူ့နယ်မြေတွင် တပ်စွဲခဲ့ရသော တပ်သားများအားလုံး မင်းတရား၏ အမိန့်ကို ကြားကြရသောအခါ ပြည်တော်ပြန်အရေးအတွက် ပျော်ရွှင်သွားကြ၏။ မင်းတရား၏ အမိန့်ကို ဖြတ်စီး၊ ဇန့်လွှင်၊ သဖန်းပုန်း၊ တာလန်ချောင်းဒေသများရှိ တပ်များသို့ ချက်ချင်း ထုတ်ဆင့်လိုက်သည်။ မြေဒူးမင်းသားလည်း ခမည်းတော်အား တပ်၏ ရှေ့ဆုံးတွင် သက်သာလုံခြုံစွာ လိုက်ပါနိုင်ရေးအတွက် ဆင်တပ် တပ်မှူးများနှင့် ချက်ချင်း စီစဉ်လေသည်။

ပြည်တော်ပြန် ခရီးအတွက် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ် တပ်အားလုံးရှိ ရဲမက်များ ဝမ်းသာအားရမဆုံး ရှိနေကြသော်လည်း ဝမ်းမသာနိုင် သူသုံးဦးရှိနေသည်။

သူတို့ကား မင်းခေါင်နော်ရထာ၊ မင်းလှ နော်ရထာနှင့် စက္ကုရ။

ခြေလျင်တပ်များကို သေနင် အစီအမံဖြင့် တပ်နုတ်သည့်အချိန်တွင် တပ်မှူးနှစ်ယောက်နှင့် စက္ကုရတို့ ဆွေးနွေးဖြစ်ကြလေသည်။

"ငတွန်နဲ့ ငရွဲပဲ အရေးရှိ အမှုတော်ထမ်းရတာပဲ မဟုတ်လား သူငယ်ချင်း"

မင်းခေါင်နော်ရထာက မင်းလှနော်ရထာကို ပြောလေသည်။

"မင်းတရားရဲ့ ကိုးစားမှုကို ခံရလို့ ဂုဏ်ယူရမှာပေါ့'ဟု မင်းလှနော်ရထာက မတုန်မလှုပ်ဆိုသည်။ မင်းခေါင်နော်ရထာက ခေါ်ထားသဖြင့် အနားတွင် မပြတ်ရှိနေရသော စက္ကုရကား တပ်မင်းနှစ်ယောက်အကြား စကားမဝင်သာ။

"စစ်ဆုတ်စစ်ပြန် သိပ်အရေးကြီးတယ်၊ ပြီးတော့ သီဟဂတိဗျူဟာ"

"မှန်တယ်၊ ငါထင်တာကတော့ ရန်သူဟာ တာလန်ချောင်း မကျော်ခင်ဘဲ တို့ကို လိုက်တိုက်မယ် ထင်တာပဲ"

"ဒီလိုလုပ်ကြရအောင် သူငယ်ချင်း"

"ဆို"

မင်းလှနော်ရထာက ကိုယ်ကို ရှေ့သို့ ကိုင်းညွတ်လျက် နားစွင့်သည်။

"ငါတပ်က နောက်ဆုံးကလိုက်ခဲ့မယ်။ ငါတပ်မှာ ကျန်းမာနေသေးတဲ့ ရဲမက်တွေ အများကြီး ကျန်သေးတယ်။ မင်းတပ်က ငါ့ရှေ့က ချီနှင့်။ မငြင်းပါနဲ့ သူငယ်ချင်း။ ပြည်တိုက်ပွဲတုန်းက မင်းအလိုကျ မင်းတပ်ကို ရှေ့က အရင်တက်ခွင့် ငါ ပေးခဲ့ရတယ် မဟုတ်လား။ ဒီတစ်ခါ ငါ့အလို လိုက်ပါ"

"ဗိုလ်တွန် ...စစ်ဆုတ်စစ်ပြန်နော်၊ နောက်ပြီး မိုးထဲလေထဲမှာ အန္တရာယ်ကြီးပြီး သိပ်ရှုပ်ထွေးတဲ့ သေနင်္ဂ။ မင်းဟာ တိုက်လဲတိုက်ရမယ်၊ စစ်ခံလဲပြုရမယ်၊ တပ်ကိုလဲ ရှေ့တပ်တွေနဲ့ အဆက်အသွယ်မလပ်အောင် ဆုတ်ရဦးမယ်။ တို့နှစ်တပ်စလုံး နောက်ကနေ အတူဆုတ်ကြရအောင်"

"တပ်မနှစ်တပ် အတူပေါင်းဆုတ်ရမယ်လို့ မင်းဆိုသလား။ ဒီလောက်မိုက်မဲတဲ့ သေနင်္ဂကို မင်း ဘယ်လိုလုပ် စိတ်ကူးရတာလဲ၊ မင့်တပ်က ရဲမက်လူနာတွေကို မိုးရေထဲမှာ ရန်သူ့မြားတံတွေအောက်မှာ အချည်းနှီး လွှင့်ပစ်မလို့လား"

မင်းလှနော်ရထာ စကားမဆိုနိုင်တော့။ မင်းခေါင်နော်ရထာ၏ စကားက ယုတ္တိကျိုးကြောင်းသင့်နေသည်။

"ငရွှဲ သူငယ်ချင်းရယ်၊ မင်းနဲ့ငါဟာ မှုဆိုးဖိုထန်းလုံးတပ်ကို စတည်ကတည်းက ထန်းပင်ကို အတူလှဲ၊ ကျင်းအတူတူး၊ ထန်းလုံးအတူစိုက်၊ မျှော်စင်အတူဆောက်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ၊ မင်း ငါ့ကိုချစ်သလို ငါလည်း မင်းကိုချစ်တဲ့အကောင်ပါ၊ ဒါပေမယ့် ဒီကိစ္စဟာ ငရွှဲနဲ့ ငတွန်တို့ရဲ့ သူငယ်ချင်းအချစ်မဟုတ်ဘူးကွ၊ မင်းလှနော်ရထာနဲ့ မင်းခေါင်နော်ရထာဆိုတဲ့ တပ်မင်းကြီးနှစ်ပါးရဲ့ စစ်ပြန်သေနင်္ဂဗျူဟာ၊ မင်းနားလည်စမ်းပါ၊ ငါ့ကို စိတ်မချလို့ဆိုတဲ့ ကျဉ်းမြောင်းတဲ့ အကြောင်းပြချက်ကို မင်း ဆုပ်ကိုင်မထားစမ်းပါနဲ့"

"ကောင်းပြီလေ"

မင်းလှနော်ရထာသည် မရိုတ်မသင် ကြာရှည်ခဲ့ပြီဖြစ်သော နှုတ်ခမ်းမွေးများကို လက်ဖြင့်သပ်ရင်း

"ကဲ... မင်း နောက်ဆုံးက စစ်ခံရင်း ဆုတ်ခဲ့ပေတော့၊ ဒါပေမယ့် စစ်ဆုတ် စစ်ပြန် လမ်းတစ်လျှောက်မှာ ရိက္ခာစုဖို့ဆိုတဲ့ မင်းတာရဲ့အမိန့်ရှိသေးတယ်၊ အဲဒါအတွက်တော့ ငါ့တာဝန်၊ လုံးလုံးလျားလျား ဖြစ်စေရမယ်၊ ရှေ့နှစ်တပ်နဲ့ နောက်က မင့်တပ်အတွက် ရိက္ခာကို စုဆောင်းဖို့ ဖြန့်ဝေဖို့ တာဝန်ဟာ ငါ့တာဝန်ပဲ"





သည်အချက်ကိုကား မင်းခေါင်နော်ရထာ မငြင်းနိုင်။

"ကောင်းပြီလေ၊ ရိက္ခာအတွက် မင်းတာဝန်ယူနိုင်ပါတယ်"

"ငါဆီက သွေးသောက်နှစ်တပ်စာလောက် ယူဦးမလား"

"ငါ့မှာ လုံလောက်ပါတယ်ကွာ၊ မင့်လူတွေ မင်းသုံးပါ"

သွေးသောက် နှစ်တပ်စာဆိုလျှင် အင်အား တစ်ရာရှိနေလေသည်။

"ဒါဖြင့် ကျောက်မီးသေနတ်တစ်ရာလောက်တော့ လိုလိုမည်မည် ယူထားကွာ၊ မိုးထဲလေထဲမှာ နားခွက်ယမ်းကို မီးမစွဲဘဲဖြစ်နေမယ်"

ရဲမက်တို့ကိုင်သော ကျောက်မီးသေနတ်များမှာ မီးခတ်ကျောက် တပ်ထားသည့် မိုးမောင်းကိုတင်၍ ခလုတ်ဆွဲရသောသေနတ်မျိုး။ မီးမောင်းကျပြီးသောအခါမှ နားခွက်ပေါ်မှာ အုပ်ထားသော သံချက်နှာပြင်နှင့် ရိုက်ပြီး ဖွင့်ရသည်။ ယခုလို မီးရေတရွှဲရွှဲတွင် အခန့်မသင့်လျှင် မီးမပွင့် ရှိနိုင်ပေမည်။ မီးပွင့်သော်လည်း နားခွက်ယမ်းကို မီးမစွဲ လွဲချော်နိုင်မည်။ အကြိမ်ကြိမ် မောင်းတင်၍ ဖြုတ်ပါမှ တစ်ချက်တလေ ထွက်နိုင်သည်။ ဒါကို ရည်မှန်း၍ မင်းလှနော်ရထာ ဆိုသည်ဖြစ်သောကြောင့် မင်းခေါင်နော်ရထာသည် ကျောက်မီးသေနတ်တစ်ရာကို လက်ခံရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ၊ သေနတ်တစ်ရာတော့ ပေးထားခဲ့၊ ဒါပေမယ့် တို့ အရေးအကြီးဆုံး တစ်ခုကိုတော့ မေ့နေတယ် ငရွှဲ"

"မမေ့ပါဘူး၊ ငါဆက်ပြောမလို့ပါ၊ ရိက္ခာအတွက်၊ သတင်းအတွက် မင့်တပ်နဲ့ ငါတပ်အကြား ခေါက်တုံ့ခေါက်ပြန် ကူးနေရမယ့် သွေးသောက်ဖွဲ့နဲ့ ခေါင်းဆောင်တစ်ယောက်လိုတယ်၊ ဒါမဟုတ်လား"

"အေး ဟုတ်တယ်"

"တပ်နှစ်တပ်အကြားမှာ ယက်ကန်းရက်သလို သွားနေရမှာ၊ ခရီးကလည်း ကြမ်းတယ်၊ ရန်သူ့နယ်မြေလည်း ဖြစ်တယ်၊ ချောင်းတွေ မြစ်လက်တက်တွေကို ကူးရမယ်၊ တောအုပ်တွေ၊ တောင်လျှိုတွေကိုလည်း ဖြတ်ရမယ်၊ အဲဒီကြီးလေးတဲ့ တာဝန်အမှုတော်တွေအတွက်တော့ ..."

"ဗိုလ်စက္ကူရုကို တပ်မင်းတို့ မေ့နေကြပြီထင်ပါတယ်"

တစ်ချိန်လုံး ငြိမ်သက်နေသော စက္ကူရုထံမှ အသံဖြစ်သည်။ တပ်မင်းနှစ်ယောက်လုံး စက္ကူရုကို လှမ်းကြည့်လိုက်ကြလေသည်။

မင်းခေါင်နော်ရထာသည် ရင်ကျက်စွာ ပြုံးလိုက်သည်။

"မြေလျှင်၊ မြင်း၊ ဆင်၊ လှေ၊ ရိက္ခာ၊ အကူးအပို့၊ ရန်သူနဲ့တွေ့ခဲ့သော် အတိုက်အခိုက်၊ လျင်မြန်ခြင်း၊ မဆိုင်းမတွရှိခြင်း၊ ကြံ့ခိုင်သန်စွမ်းခြင်း၊ ဒီအရည်အသွေးနဲ့အပြည့်စုံဆုံး၊ ဒီတာဝန်ကိုထမ်းရွက်ဖို့ အသင့်တော်ဆုံး စစ်သားဟာငါ့ရဲ့ ဗိုလ်စက္ကူရုကလွဲပြီး ဘယ်သူရှိနိုင်ဦးမလဲ"

"ထိုက်တန်သော ချီးမြှောက်ခြင်းလို့ ကျွန်တော် ဂုဏ်ယူပါတယ် တပ်မင်း"

စက္ကူရုသည် တပ်မင်းနှစ်ပါးရှေ့တွင် ဒူးထောက် ဦးညွှတ်လိုက်လေသည်။

ထိုခဏမှာပင် သီဟဂတိဗျူဟာအတွက် စတင်အချက်ပေးလိုက်သော တံပိုးသံနှင့် မဒိန်းသံတို့သည် တပ်မများ၏ တဲများအားလုံးအပေါ် စူးရှစွာ တခဲနက် ဖြန့်ကြက်သွားသည်။

စစ်သံကို ကောင်းစွာကျွမ်းဝင်ပြီးသော တိုက်ဆင်၊ စစ်မြင်းတို့၏ အော်သံများလည်း တစ်ပြိုင်တည်း ပေါ်လာကြသည်။

ခက်ခဲသော၊ ကြီးကျယ်သော၊ ရှုပ်ထွေးသော၊ စစ်ပြန်အစီအစဉ် သီဟဂတိဗျူဟာ စတင်လေပြီ။ မင်းလှနော်ရထာသည် မင်းခေါင်နော်ရထာ၏ လက်မောင်းအိုးကို ဆုပ်ကိုင်လိုက်သည်။ တပ်မင်းနှစ်ပါးတို့ တစ်ယောက်ကိုတစ်ယောက် စူးစူးစိုက်စိုက် ကြည့်ကြသည်။ စကားတစ်လုံး မဆိုကြတော့။ မင်းလှနော်ရထာ လှည့်ထွက်သွားသည်။ မင်းခေါင်နော်ရထာက မြေရင်းတွင် ဒူးထောက်ဆဲရှိသည့် စက္ကူရုကို ငုံ့ကြည့်ကာ မောက်တိုဆောင်းမထားသော ဦးခေါင်းပေါ်သို့ လက်တင်လိုက်သည်။

အရှုပ်ထွေးဆုံးနှင့် အန္တရာယ် အထူပြောဆုံး သေနင်္ဂဗျူဟာထဲသို့ တိုးဝင်ကြတော့မည်ဟူသော အသိဖြင့် စစ်သွေးတို့သည် တပ်မင်းနှင့် စက္ကူရုတို့ထံ၌ အပြန်အလှန် စီးဝင်နေကြသည်။

"စက္ကူရု"

စက္ကူရုက ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။

တောက်ပြောင်ရွှန်းလက်သော မျက်လုံးများကို တွေ့လိုက်ရသည်။

"မင့်သားသမီးတွေနဲ့ တွေ့ရတော့မှာပါကွာ ဟား... ဟား... ဟား"

* * *

# [၃]

မင်းခေါင်နော်ရထာ၏ တပ်မထဲမှ အကြမ်းအရမ်းဆုံး၊ အခက်ထန်ဆုံး၊ သေအသောက်ဆုံး၊ မိုက်ရူးရဲအဆန်ဆုံး ရဲမက်နှစ်ယောက်ကို စက္ကူရု အခေါ်လွှတ်လိုက်သည်။ သူတို့ကား တပ်သားဆယ်ဦးပါဝင်သော အိုးစားနှစ်ဖွဲ့စီကို အုပ်ချုပ်ရသည့် အကြပ်နှစ်ယောက်။ ညီအစ်ကိုလည်း ညီအစ်ကို။

အစ်ကိုကား သမန်ကြီး။

ညီကား သမန်ငယ်။

သမန်ကြီးနှင့် သမန်ငယ်တို့သည် စက္ကူရုရှေ့တွင် ကျောက်ရုပ် ဘီလူးကြီးနှစ်ကောင်အလား တောင့်တင်း ခိုင်မတ်စွာ ရပ်လိုက်ကြသည်။

"ကျွန်တော်တို့ ရောက်...ဗိုလ်မင်း"

သမန်ကြီးက အသံသြကြီးဖြင့် ပြောသည်။ အကြပ် ညီအစ်ကိုနှစ်ယောက်မှာ မဏိပူရသားများ ဖြစ်ကြသည်။ လွန်ခဲ့သော နှစ်နှစ်ခန့် မဏိပူရ ကသည်းဒေသကို မင်းတရားကြီး သိမ်းသွင်းခဲ့ပြီးနောက် လုပ်ရည်ကြံရည်ရှိသော စစ်သားကောင်းများဖြစ်ကြောင်း တွေ့ရသဖြင့် မင်းခေါင်နော်ရထာကိုယ်တိုင် တပ်တော်ထဲသို့ လက်ခံလိုက်သည့် ကသည်းလူမျိုးများ ဖြစ်လေသည်။ တပ်တော်သို့ ရောက်စက သေသောက်လွန်း၊ ခိုက်ရန်သတ်ပုတ် ရှိလွန်းသဖြင့် စက္ကူရု၏လက်အောက်သို့ မင်းခေါင်နော်ရထာက ပို့ပေးလိုက်ခြင်းပင်။

သမန်ကြီးနှင့် သမန်ငယ်ကား မိမိ အရှင်သခင်မှအပ မည်သည့်အခြား တစ်ပါးသူ၏ စကားအဆွဲ မြေအတင်ကိုမျှ မခံသည့် မြင်းရိုင်းနှစ်ကောင်ပမာပင်

တည်။ တပ်တော်ထဲတွင် ဤကသည်း အကြပ် ညီအစ်ကိုနှစ်ယောက်အဖို့ စက္ကရှမှတစ်ပါး မည်သူ့သြဇာကိုမှ မခန့်ညားချင်။

ပြောင်ရိုင်းကြီး၏ ကုပ်ပိုးသားနှင့်တူသော သူတို့၏ပခုံးသားကြီးများကို ကြည့်ရင်း သူတို့ညီအစ်ကိုနှစ်ယောက်နှင့် ဆုံခဲ့သောအဖြစ်ကို စက္ကရှ သတိရနေမိသည်။

ထိုစဉ်က ဒဂုံဆံတော်ရှင်ဘုရားသို့ ကုသိုလ်တော်ပြုရန် မင်းတရားကြီး ဒဂုံတွင် စံနေသည့်အချိန်။ ထိုအချိန်မှာပင် ထားဝယ်နယ်သို့ အယုဒ္ဒယတပ်များ ထိပါးလာသဖြင့် မြိတ်၊ တနင်္သာရီမြို့များသို့ မင်းတရားကြီး စစ်ချီခဲ့သည်။ တနင်္သာရီတိုက်ပွဲကာလ။

အချိန်တိုတိုတောင်းတောင်းအတွင်း အိုးစားနှစ်ဖွဲ့ တပ်သားဆယ်ယောက်ကို အုပ်ချုပ်ရသော အကြပ်ရာထူးကို ရရှိလာကြသဖြင့် သမန်ကြီးနှင့် သမန်ငယ်တို့မှာ စစ်သွေးနှင့်အတူ မာနသွေးပါ ကြွနေခဲ့ကြသည်။ တပ်ထဲတွင် အချိန်နှင့်အမျှ သေသောက်သည်၊ မင်းတရားကြီးကား နေပြည်တော်တွင် စစ်မဲ့ကာလတွင် သေအရက်ကို ပြင်းစွာ ကျပ်တည်းတားမြစ်သော်လည်း စစ်ကာလ စစ်မြေပြင်တွင်မူ ပင်ပန်းဆင်းရဲလွန်းသော တပ်သားများကို သေသောက်ခွင့်ပြုထားလေသည်။ သို့သော် မဏိပူရ ညီအစ်ကိုနှစ်ယောက်ကား သေကို စစ်သားလို မသောက်၊ သေသမားလို သောက်ကြသူများပင်။

သူတို့ မူးမူးရူးရူးနှင့် တွေ့ကရာ လိုက်ခုတ်နေကြသည်။

မည်သူမျှ ဝင်မဆွဲရဲကြ။ အနီးသို့ ဓားတစ်ကမ်းအကွာ မချဉ်းရဲကြ။ သမန်ကြီးနှင့် သမန်ငယ်တို့ကား ယာလက်တွင် ဓားလွတ်၊ ဝဲလက်တွင် လက်ကိုင်တပ် သေတဆောင်း ကိုယ်စီကိုင်လျက် ကျော့ချင်းကပ်ကာ သေမော့လိုက်၊ ဓားဝင့်လိုက်ဖြင့် ပွဲတောင်းနေကြလေသည်။

"ကသည်းညီနောင် သွေးဆာနေတယ်ဟေ့၊ ယောကျ်ားကောင်း သွေးပဲ သောက်ချင်တယ်"

"သမန်ကြီး ဓားကြိုက်လား၊ သမန်ငယ် ဓားကြိုက်လား၊ ကြိုက်ရာရွေး"

သမန်ညီနောင်တို့လို အကြပ်ငါးယောက်အပေါ် အုပ်ချုပ်ရသည့် သွေးသောက်ကြီး စက္ကရှဆီ အမောတကော ပြေးလာသည်။

"ဗိုလ်မင်း ကသည်းညီအစ်ကိုနှစ်ယောက် သေမူးပြီး ကြမ်းနေကြတယ်၊ ဘယ်သူမှ မကပ်ရဲဘူး၊ ဓားလွတ်တွေနဲ့ လူမခုတ်ရရင် မြင်းတွေခုတ်မယ်ဆိုပြီး မြင်းဇောင်းဆီ သွားကြလေရဲ့"





စက္ကရှ ချက်ချင်း ထလိုက်သွားသည်။ မြင်းဇောင်း အဝင်တံခါးဝတွင် သူတို့နှင့် ရင်ဆိုင်မိသည်။ မြင်းဇောင်းထဲမှ မြင်းများ လန့်နေကြသည်။ ဇောင်းထဲ ဝင်ကာနီး ကသည်းညီနောင်တို့သည် စက္ကရှကို တွေ့သောအခါ လှမ်းဝင်အံ့ခြေတို့ကို တွန့်လိုက်ကြလေသည်။ စက္ကရှက လက်နက်မပါ ဗလာလက်ဖြင့် သူတို့ရှေ့သို့ ဝင်ရပ်လိုက်သည်။

"အား … ညီလေး၊ ဗိုလ်မင်း ရောက်လာပါပကော"

"အစ်ကို ငါတို့ဗိုလ်မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဟောဒီတဆောင်းထဲက လက်ကျန်တွေအားလုံး မော့ချလိုက်ကြရအောင်လား"

"ကောင်းသဟိတ်၊ ဟား ဟား ဟား"

ကသည်းညီနောင်နှစ်ယောက် သေတဆောင်းကို ပါးစပ်ဆီသို့ မြှောက်ယူလိုက်ပြီး နှုတ်ခမ်းတွင် တေ့လိုက်ကြသည်။

သို့သော် သေတစ်စက်မှ လောင်းမချရသေးမီမှာပင် သေတဆောင်းနှစ်ခုစလုံး တချွမ်းချွမ်းကွဲကြေကာ လွင့်စဉ်သွားကြလေသည်။ သမန်ကြီးက မျက်လုံးကြီးများ ပြူးကြည့်ပြီးမှ …

"ဟ ညီလေး၊ ဗိုလ်မင်း ဆော်ထည့်လိုက်တော့ တို့တဆောင်းတွေ ကိစ္စဆုံးကုန်ကြပြီဟေ့"

"အေးကွ၊ တစ်ချက်တည်းနဲ့ သေတဆောင်းနှစ်လုံး၊ ဟား ဗိုလ်မင်း လက်ပုတ် လက်ရိုက် တယ်ကောင်း"

"သေသောက်စရာ မရှိတော့ဘူး ညီလေးရ၊ တို့ဘာလုပ်မလဲ"

"ဘယ်လက်ထဲကဟာ မရှိတော့၊ ညာလက်ထဲက ဟာပဲရှိ"

"ဟား ဟား ဟား…အဲဒါပဲ ငါပြောမလို့၊ ကိုင်း… ဗိုလ်မင်း ဓားကိုင်ဗျာ၊ သေတဆောင်း လွင့်သွားအောင် လုပ်နိုင်တဲ့ ဗိုလ်မင်းဟာ ကျုပ်တို့ဦးခေါင်းတွေကိုတော့ လွင့်သွားအောင် ဖြတ်နိုင် မဖြတ်နိုင်"

"အစ်ကို"

"ဆိုကွ … ညီလေး"

"မင့်ခေါင်းပြတ်သွားရင် ငါပြန်တပ်ပေးလို့ရတယ်၊ ငါ့ခေါင်းပြတ်သွားရင်လည်း မင်းပြန်တပ်ပေးလို့ရတယ်၊ ဗိုလ်မင်း ခေါင်းပြတ်သွားရင်တော့"

"ကိုယ့်ဟာကိုယ် ကောက်ပြီး ပြန်တပ်ပေါ့ကွ၊ ဟား ဟား ဟား…"

"တိတ် …"

စက္ကရုက မကျယ်သော်လည်း နက်ရှိုင်းသောအသံကြီးဖြင့် အော်လိုက်သည်။ သမန်ညီနောင်တို့က ကြောက်ရွံ့တုန်လှုပ်သွားဟန်ပြရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ထို့နောက် ပြိုင်တူပင် တဟားဟား ရယ်ကြပြန်လေသည်။

"သမန်ကြီး… သမန်ငယ်"

"ဟုတ်ကဲ့ ဗိုလ်မင်း"

တစ်ပြိုင်တည်း ထူးကြသည်။ အသံမှာ ပီဘီမထိမဲ့မြင်။

"ငါ့ခေါင်းကို မင်းတို့ တကယ်ခုတ်မလို့လား"

သေအယစ်လွန်သဖြင့် ရှေ့သို့ ငိုက်ကျသွားမည်ရှိသော သမန်ငယ်ကို သမန်ကြီးက ဖမ်းဆွဲထားလိုက်ရသည်။ သမန်ငယ်ကား သမန်ကြီး လက်ထဲတွင် ဒယိမ်းဒယိုင် အလဲလဲအပြိုပြို ဖြစ်နေရင်းမှ…

"အစ်ကို…ခုတ်ကြစို့ကွာ"

"အေးပါဟ၊ ကဲ…ဗိုလ်မင်း ဓားဆွဲဗျာ"

"ငါ ဓားမကိုင်ဘူး၊ ရန်သူနဲ့တွေ့လို့ စစ်မြေပြင်ရောက်မှ ငါက ဓားကိုင်တာ။ နွားတွေ ခွေးတွေနဲ့ တွေ့လို့ကတော့ ခြေနဲ့ပဲကန်တယ်၊ ဒီလို"

စက္ကရု၏ စကားသံအဆုံးမှာပင် တဖုန်းဖုန်း အသံနှစ်ချက် ဆင့်ပေါ်လာကာ သမန်ညီနောင်နှစ်ယောက်မှာ ခုတ်လှဲလိုက်သော ကျွန်းပင်ကြီးများကား ပြင်းထန်စွာ လဲကျသွားကြလေသည်။

သည်တွင်မှ နှစ်ယောက်စလုံး အယစ်ပြေသွားကြဟန်ရှိသည်။ လက်မှ အစွဲအမြဲကိုင်ထားဆဲရှိသေးသော ဓားများကိုထောက်ကာ အားယူရင်း သူတို့ ချက်ချင်းပြန်ထလိုက်ကြသည်။ နှစ်ယောက်စလုံး၏ မျက်လုံးများမှာ မီးဝင်းဝင်း ထွက်တော့မတတ်ပင်။

စက္ကရုက သူတို့ရှေ့တွင် ဒူးထောက်ကာ လည်စင်းပေးလိုက်သည်။ မည်သို့မျှ မချော်လင့်သော အပြုအမူ။

"ကိုင်း… ခုတ်ကြတော့၊ မင်းတို့ အလှည့်ရောက်ပြီ"

သမန်ညီနောင် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ မြှောက်ချီထားသော ဓားများအပေါ်တွင် တန့်နေကြသည်။

"ခုတ်လေကွာ၊ ငါ့ခေါင်း ငါပြန်တပ်နိုင်ပါတယ်"





ဓားနှစ်လက် မြေပေါ်သို့ ကျသွားကြသည်။ သမန်ညီနောင်တို့၏ ဒူးအစုံများလည်း စက္ကရု၏ဘေး မြေပြင်ပေါ်သို့ ရောက်လာကြသည်။

"ကျွန်တော်တို့… ကျွန်တော်တို့"

စက္ကရု ပြန်ထလိုက်သည်။ သမန်ညီနောင်နှစ်ယောက်မှာ စက္ကရု၏ခြေထောက်ဘေး ဝဲယာတွင် ဒူးထောက်လျက် ကျန်ရစ်ခဲ့ကြလေသည်။

"မင်းတို့မခုတ်ရင် ငါခုတ်ရမလား"

"ခုတ်ပါ ဗိုလ်မင်း"

ဓားကို ကောက်ယူလိုက်သည်။

"ဘယ်သူ့ခေါင်းက အရင်လဲ"

"ညီလေးကို နောက်မှခုတ်ပါ၊ ကျွန်တော့်ကို အရင်"

"ကျွန်တော့်ကို အရင်ခုတ်ပါ၊ အစ်ကို့ကို နောက်မှ"

ပြိုင်တူ အသံထွက်လာကြပြန်သည်။

"ကိုင်း… တစ်ပြိုင်တည်း ခုတ်မယ်ကွာ"

"အကောင်းဆုံးပါ ဗိုလ်မင်း"

စက္ကရုလက်ထဲမှဓား နေရောင်ထဲတွင် ပြိုးပြက်သွားသည်။ ထို့နောက် မလှမ်းမကမ်းနေရာဆီသို့ သမန်ညီနောင်တို့၏ နီကြန်ကြန်မှိုင်းတမ်းသော ဆံနွယ်များ အလိပ်လိုက် အခွေလိုက် လွင့်စဉ်သွားလေသည်။

"ကိုင်း… ထ"

ပြန်ထလာကြသော သူတို့မျက်အိမ်တွင်၊ ပါးပြင်တွင် မျက်ရည်ပေါက်ကြီးများကို တွေ့ရသည်။

"မင်းတို့ အပြစ်ရှိသလား"

"ရှိပါတယ် ဗိုလ်မင်း"

"ဘာအပြစ်လဲ နားလည်လား"

"နားလည်ပါတယ် ဗိုလ်မင်း"

"တပ်ကထွက်ပြီး တမူးကိုပြန်ချင်ကြသလား"

"ကျွန်တော်တို့ မပြန်ပါရစေနဲ့ ဗိုလ်မင်း၊ မပြန်ပါရစေနဲ့"

"ဒီနေရာမှာပဲ အဆုံးစီရင်ယင်ကော"

"အဲဒီလိုပဲ လုပ်လိုက်ပါ ဗိုလ်မင်း"

"ငါ မစီရင်ချင်ဘူး၊ မင်းတို့ချင်းစီရင်ရမယ်၊ နှစ်ယောက်စလုံးရဲ့အပြစ်ဟာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ဆေးကြောလိုက်ကြမှ စင်မယ် သိလား"

"ဟုတ်ပါတယ် ဗိုလ်မင်း"

"ဓားပြန်ကိုင်ကြ"

ဓားရိုးများသည် ညီနောင်နှစ်ဦး လက်ထဲတွင် ဆတ်ဆတ်တုန်နေကြသည်။

"တစ်ပြိုင်တည်းနော်၊ တစ်ချက်တည်းနဲ့ သေအောင်ထိုးနိုင်ဖို့ ကြိုးစားကြ"

သူတို့ဓားတစ်ကမ်းအကွာ မျက်နှာချင်းဆိုင်ရပ်လိုက်ကြသည်။ မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် စီးကျနေကြသည်ကား ကသည်းညီနောင်တို့၏ ပါးပြင်ထက်တွင် မြင်မကောင်းပြီ။

"ငါ အမိန့်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ထိုးကြပေတော့...သိလား"

စက္ကုရ နောက်သို့ ဆုတ်လိုက်သည်။ ဓားလွတ်ကို တင်းကျပ်စွာ ကိုင်ရင်း တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်စတမ်း ကြည့်ရင်း အသံမထွက်သော ငိုကြွေးခြင်းဖြင့် ရှိုက်ငိုရင်းဖြင့် အမိန့်သံကို စောင့်နေကြသည့် ညီနောင်နှစ်ယောက်၏ အသွင်ကို စက္ကုရ မမေ့နိုင်တော့။ ကျွဲပေါက်ကြီးများပမာ ထွားကျိုင်းခိုင်ဖြိုးသော ယောကျာ်းကြီးနှစ်ဦး၏ ထိုတဒင်္ဂ မျက်လုံးနှစ်စုံလောက် ထူးခြားသောမျက်လုံးမျိုးလည်း မရှိနိုင်တော့ဟု စက္ကုရထင်သည်။

ဓားကိုင်လက်များမှ အကြောကြီးများ ဖုဖုထလာကြသည်။

ရင်အုပ်ကြီးများမှာ လှိုင်းလုံးကြီးများနှယ် တနိမ့်နိမ့် တမြင့်မြင့် လှုပ်ရှားနေကြသည်။

မြင်းဇောင်းအနီးတွင် စုဝေးလာသော တပ်သားပေါင်းများစွာတို့၏ အသက်ရှူသံက အထုအထည်ကြီးစွာသော တိတ်ဆိတ်ခြင်းပေါ်သို့ အတိုင်းသား ကျရောက်နေသည်။

စက္ကုရသည် အမိန့်သံအစား လှုပ်ရှားမှုတစ်ခုကိုသာ ပြုလိုက်သည်။ နှလုံးသားဆီသို့ အပြန်အလှန် တည့်မတ်စွာ ချိန်ရွယ်ထားသော ဓားသွားနှစ်ခု အကြား စက္ကုရ ဝင်ရပ်လိုက်သည်။

ထို့နောက်–





"အပြစ်ဒဏ် စီရင်မှု ပြီးသွားပြီ။ ဓားတွေချလိုက်ကြတော့ လာ...ငါနဲ့ လိုက်ခဲ့။ မင်းတို့လည်း သေအရှိန်ပြယ်သွားပြီ။ သမန်ကြီး...သမန်ငယ် သေသမား ညီနောင်နှစ်ယောက် သေဆုံးသွားပြီ။ သမန်ကြီး သမန်ငယ် စစ်သားကောင်း ညီနောင်နှစ်ယောက် မွေးဖွားလာခြင်း အထိမ်းအမှတ်နဲ့ ငါတို့ ထမင်းအတူစားကြရအောင်။ အဲဒီကျမှ မင်းတို့ သေထပ်သောက်။ ကိုင်း...လာကြ"

ကသည်းညီအစ်ကိုနှစ်ယောက်ကို ဝဲယာတစ်ဖက်စီတွင် ထားကာ ပခုံးကို ဖက်လျက် စက္ကုရ ထွက်ခဲ့လေသည်။

နောက်မှ တပ်သားများကား တစ်ခဲနက်သော ကောင်းချီးသံများဖြင့် အော်ဟစ်ကာ တရုန်းရုန်း လိုက်လာခဲ့ကြလေသည်။

ထိုအချိန်မှစ၍ သမန်ကြီး သမန်ငယ်တို့သည် စက္ကုရအတွက် သေဆိုသေ၊ ရှင်ဆိုရှင်။ အကြွင်းမဲ့သစ္စာရှိ ရဲမက်နှစ်ဦးဖြစ်လာခဲ့လေသည်။

သည် ကသည်းညီအစ်ကိုနှစ်ယောက်ကို တပ်ထဲမှာ ရလိုက်ခြင်းကား အရေတော်စွာဟုလည်း စဉ်းစားမိရင်း ကျေနပ်နေလေသည်။

"သမန်ကြီး သမန်ငယ်"

"ဟုတ်ကဲ့ ဗိုလ်မင်း"

"တပ်တော်အားလုံး သီဟဂတိဗျူဟာနဲ့ စစ်ပြန်ကြမယ်ဆိုတာ မင်းတို့ သိပြီးပြီနော်"

"စစ်ဆုတ်စစ်ပြန်လမ်းမှာ တို့တပ်ဟာ နောက်ဆုံးက လိုက်ပါတယ်။ တို့ရှေ့မှာ တပ်မင်း မင်းလှနော်ရထာရဲ့တပ်၊ မဟာမင်းလှနော်ရထာရဲ့ တပ်က ခရီးတစ်လျှောက် ရိက္ခာအတွက် တာဝန်ယူထားတယ်။ မင်းတို့နှစ်ယောက်နဲ့ ငါ ပေါင်းသုံးယောက်ရဲ့ တာဝန်က မဟာမင်းလှနော်ရထာဆီက ပို့တဲ့ ရိက္ခာ ကို တို့တပ်ဆီ ပြန်ယူ။ တို့တပ်ရဲ့ စစ်ဆုတ်စစ်ခံစစ်သတင်းကို ရှေ့တပ်ပြန်ပို့။ တပ်နှစ်တပ်အကြားတို့ မနားမနေကူးနေကြရမယ်။ နားလည်လား"

"နားလည်တယ် ဗိုလ်မင်း"

"အကောင်းဆုံး မြင်းသုံးစီး ရွေးထား။ ငါ့အတွက်တော့ ဘော်ငွေရောင် အာကာကိုပဲ ထုတ်ထားလိုက်။ တို့ခရီးကြမ်းမယ်။ နေ့ညမရှိဘူး။ ရန်သူဟာ စစ်ပြန်တဲ့တို့ရဲ့ တပ်တွေကို ဘယ်နေရာကမဆို ထွက်တိုက်လိမ့်မယ်။ အခါက,က တို့ရိက္ခာ အလွန်အမင်း နည်းနေပြီဆိုတာ သူတို့ သိတယ်။ ရိက္ခာသယ်၊ သတင်းသယ်မယ့် ငါတို့ကို ရိက္ခာဖြတ်ဖို့ သူတို့ အစွမ်းကုန် ကြိုးစားလိမ့်မယ်။ တို့ အစွမ်းကုန် လှုရှေးပြကြရလိမ့်မယ်"

သမန်ညီနောင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးကြလေသည်။

အခက်ခဲဆုံးသော တာဝန်ကို ယူကြရတော့မည် ဟူသော အသိက သူတို့၏ စိတ်သွေးများကို ဆူဝေစေကာ မျက်နှာများ နီရဲလာကြသည်။

"ရေဖူးခြောက်၊ ဆန်စလွယ်အိတ်၊ ဓန်း၊ အိုး စတဲ့ တစ်ကိုယ်စာ ရိက္ခာအတွက် ယူနေကျပစ္စည်းတွေ မယူနဲ့။ တို့ကြုံတဲ့နေရာ၊ ကြုံတဲ့အချိန်မှာ ကြုံရာစားသွားကြရလိမ့်မယ်။ အေး လက်နက်တော့ အပြည့်အစုံတပ်ခဲ့ကြ။ ဓားလွတ်၊ အဲဆောင်း၊ လုံကျင်၊ သေနတ်၊ ကျည်ယမ်း၊ ကျည်လုံး၊ မီးကျောက်ပြား၊ အုန်းဆံကာပတ်၊ ဓားမ၊ ပုဆိန်၊ တူရွင်းဆောက်၊ တူရွင်းပြား၊ ဆောက်ပြား၊ လက်ရိုက်လွှ၊ ဆူးထွင်းအပ်၊ လွှား၊ တံပိုး၊ ဒူးလေး၊ မြားလေး၊ လင်းလေး အကုန်ယူ နားလည်လား"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့"

ဝမ်းမြောက်ပျော်ရွှင်စွာ ရှေ့နောက်ဆင့် ပြောကြသည်။

"တိုက်ပွဲ အကျဉ်းအကျပ်ရောက်ရင် ဘယ်သူ့ဘယ်သူမှ စိတ်ကူဖို့ မကြိုးစားနဲ့။ ကိုယ်လွတ်ရုန်းပြီး ရအောင် ဖောက်ထွက်၊ တပ်နှစ်တပ်အကြား ရိက္ခာနဲ့ သတင်းအဆက်အသွယ် မကင်းမပြတ်ဖို့ အရေးကြီးတယ်။ သုံးယောက်စလုံး ရန်သူလက်မကျဖို့ အရေးကြီးတယ်။ ငါ အရေးမလှရင် ငါ့ထားခဲ့။ ဝင်ပြီးကူရင် ခရီးဖင့်တယ်။ တာဝန်နှောင့်နှေးတယ်။ နားလည်လား"

"နားလည်တယ် ဗိုလ်မင်း"

"မေးစရာရှိ မေး"

တစ်ယောက်ကိုတစ်ယောက် ကြည့်ကြပြန်သည်။ သမန်ကြီးက မျက်ရိပ်မျက်ခြည် ပြလိုက်သည်။ သမန်ငယ်က…

"တစ်ခုမေးမယ် ဗိုလ်မင်း"

"မေး"

"ကျွန်တော်တို့ ဘယ်တော့ စထွက်ရမလဲ"

"အခု"

သမန်ညီနောင်တို့ တစ်ပြိုင်တည်းလိုလိုပင် စက္ကူရှေ့သို့ ဒူးတုပ် ရပ်ဝပ်ကာ လက်အုပ်ချီ ရှိခိုးလိုက်ကြလေသည်။

* * *

## [၄]

တပ်မများအားလုံး စနတ်ကတည်းက အယုဒ္ဓယတပ်တို့သည် မြို့တွင်းမှ ထွက်ကာ အလုံးအရင်းဖြင့် တိုက်ကြလေတော့သည်။

အလောင်းမင်းတရားကား ပြင်းစွာသောအဖျားဖြင့် ဆင်ပေါ်တွင် သတိလစ်မတတ် ရှိခဲ့လေသည်။ သားတော်လက်သတိုးမင်းစောဘွဲ့ခံ မြေဒူးမင်းသားသည် မင်းတရား၏ ဆင်တော်ပတ်ပတ်လည်မှ ဝန်းရံပိတ်ဆို့လိုက်ပါသော မြင်းတပ်ကို ကြီးမှူးရင်း မင်းတရားကို ကိုယ်ဖိရင်ဖိ ပြုစုခဲ့ရသည်။

အလောင်းမင်းတရားသည် ပြင်းစွာ နာမကျန်းဖြစ်ကာ စစ်ပြန် မြန်မာတပ်မှူးကြီးများ၏ ရှေ့ဆုံးတပ်မှ ဆုတ်သွားကြောင်း အယုဒ္ဓယတပ်တို့ သတင်းရသွားကြသည်။

ထို့ကြောင့် မင်းတရား၏ လိုက်ပါလာရာတပ်ဦးသို့ ထိုးဖောက်ရန် ကြိုးစားတိုက်ခိုက်ကြသည်။ သို့သော် အဆင့်အဆင့် အထပ်ထပ် ပိတ်ကာထားသော တပ်တို့ကို သူတို့မဖောက်နိုင်ကြ။

နောက်ဆုံးမှလိုက်ပါလာသော မင်းခေါင်နော်ရထာ၏ တပ်ကိုပင် မကျော်နိုင်ကြ။ သို့သော် ရာသီဥတုက အယုဒ္ဓယတပ်ဘက်မှ ကူ၍ တိုက်ပေးနေသည်။

အယုဒ္ဓယ မိုးဦးရာသီကား ဆိုးရွားလှချေသည်။

မိုးကြမ်းနှင့် လေပြင်းတို့သည် မရပ်မနား ကျရောက်နေသည်။ ချောင်းစွယ် ချောင်းလက်တက်တို့ကလည်း သစ်မြစ်ဆုံကဲ့သို့ အကြောအမျှာ ထူထပ်လှသည်ဖြစ်သောကြောင့် ရေစီးသန်သော ချောင်းများကို မကြာခဏ ဖြတ်ကျော်နေရသည်။

အယုဒ္ဓယတပ်တို့သည် ချောင်းကမ်းထိပ်၊ မြစ်လက်တက်ကမ်းထိပ်၊ တောအုပ်တွေထဲတွင် အသင့်နေရာယူကာ ချောင်းဖြတ်သောအချိန်ကို စောင့်၍ သဲသဲမဲမဲ တိုက်ကြသည်။ မင်းခေါင်နော်ရထာ၏တပ် အထိနာလှချေသည်။

မိုးသက်လေပြင်းနှင့် တစ်ရှိန်ထိုးစီးသော ချောင်းရေအလယ်တွင် ရန်သူကို မခုခံသာ။ မြင်းရောလူပါ ရန်သူ့သေနတ်ကျည်၊ လှံကျင်၊ မြားတံစွဲသင့်လျက် ရေစီးအတိုင်း မျောပါသွားကြသည်။

မြစ်ငယ်တစ်စင်းပမာ ကျယ်ပြောသော တာလွန်ချောင်းကို ဖြတ်ရသည့်အခါတွင်ကား မင်းခေါင်နော်ရထာသည် စစ်အစီအမံကို ပြောင်းလိုက်လေသည်။

ရှေ့တပ်နှင့် ခရီးမကွာရအောင် လိုက်ပါချီတက်မည့်အစား ချောင်းကို မဖြတ်ခင် ကမ်းပါးနှစ်ဖက်ရှိ ရန်သူ့တပ်များကို ဦးစွာ စစ်ဖွင့်ရင်ဆိုင် တိုက်ခိုက်တော့သည်။ ရေထဲမှာ ရန်သူ့ပစ်ကွင်းအဖြစ် ထီးထီးမားမားပေါ်နေသည့်အချက်ကို မင်းခေါင်နော်ရထာ နားလည်သွားသည်။

ထိုအခါ ချောင်းစပ်မြစ်လက်တက်အစပ်များတွင် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပေါ်တော့သည်။

တိုက်ပွဲများ အဆက်ပြတ်သည် မရှိတော့။ ချောင်းစွယ်၊ မြောင်းစွယ် ထူထပ်လှသည် ဖြစ်သောကြောင့် ချောင်းစပ် ကမ်းပါးတိုက်ပွဲတစ်ခုကို ဖြတ်ကျော်အပြီးတွင် နောက်ထပ် မြစ်လက်တက် ကမ်းထိပ်မှ နောက်ထပ်တိုက်ပွဲတစ်ခုက အသင့်ဆီးကြိုနေသည်။

မိုးသည်းလေသည်းမြစ်ထဲရေထဲတွင် ကျောက်မီးသေနတ်များမှာ ကောင်းစွာ မီးမစွဲကြ။ နားစွက်ယမ်းကို မီးမစွဲသောကြောင့် သေနတ်များ အချည်းနှီးဖြစ်ကြရသည်။ မင်းခေါင်နော်ရထာ၏ တပ်သားများ လှံကျင်နှင့် ဒူးလေးကိုသာ အများဆုံး အသုံးပြုကြရသည်။

အယုဒ္ဓယ တပ်များက အမိုးအကာနှင့်တကွ တကူးတက သယ်လာသော အမြောက် စိန်ပြောင်းများဖြင့် တဒိုမ်းဒိုမ်းပစ်သည်။ အမြောက်တဆံသည် မင်းခေါင်နော်ရထာ၏ တပ်သားလေးငါးယောက်ကို တစ်ချိန်တည်း ကျစေလေသည်။

သို့သော် တာလွန်ချောင်းစပ်၏တိုက်ပွဲ နှစ်နေရာ သုံးနေရာလောက်သာ အမြောက်ဒဏ်ကို ခံရသည်။ မင်းခေါင်နော်ရထာသည် မုဆိုးဘိုသား မြင်းရည်တက် လက်ရွေးစင် လက်ဖြောင့်ရဲမက်များကို ရွေးချယ်ကာ အမြောက် စိန်ပြောင်းကိုင် ရန်သူတို့အား ချိန်ရွယ်ပစ်လွှတ်စေသည်။





မုဆိုးဘိုသားတို့၏ ဒူးလေးမှ မြားတံတို့သည် ရန်သူ့အမြောက်မှ ကျည်ဆန်လောက် ပြင်းဆင်ချိန် မကြာသည့်အတွက် ရန်သူ အမြောက်သားတို့ ဒူးလေးသင့်ကာ မရှုမလှ ကျကြသည်။

အမြောက်တပ်သားတို့ အရေးမလှလေသောအခါမှ လှံကျင်၊ ဓားလွှတ်၊ အဲမောင်းကိုင်တို့ ရန်သူတပ်ထဲသို့ တဟုန်းထိုးဝင်စီးလိုက်ကြသည်။

ရင်ဆိုင်တိုက်ပွဲတွင် အယုဒ္ဓယသားတို့မှာ မင်းခေါင်နော်ရထာ၏ တပ်ကို လက်ရည်မယှဉ်သာ။

တာလန်ချောင်းကား မိုးသည်းလေသည်းတွင် သွေးခြင်းခြင်းရဲလျက် ရှိတော့သည်။

စက္ကရှု၊ သမန်ကြီးနှင့် သမန်ငယ်တို့ကား မီးပေါက်သေနတ်ကျည်များအောက်တွင် ရှေ့တပ်နှင့် နောက်တပ်အကြား ယက်ကန်းလွန်းသဖွယ် ခေါက်ပြန်ခေါက်တုံ့ ကူးချည်ဖြတ်ချည်။

ရှေ့တပ်မှ တပ်မင်း မင်းလှ နော်ရထာကား ရိုက္ခာသယ်၊ သတင်းလှယ်၊ အမှုတော်ကို ကြောက်ခမန်းလိလိထမ်းကြသော စက္ကရှုတို့ သုံးဦးကို ကြည့်ကာ 'တို့သေနင်္ဂအောင်မြင်မှာမလွဲ'ဟု ကြုံးဝါးလေသည်။

ချောင်းစပ်တိုက်ပွဲနှစ်ပွဲ၊ ရေလယ်တိုက်ပွဲလေးပွဲ၊ ကုန်းမြေတောတွင်း တိုက်ပွဲငါးပွဲနွှဲခဲ့ပြီးမှ တာလန်ချောင်းကို ကျော်နိုင်ခဲ့ကြသည်။

ဤတိုက်ပွဲများအနက် အတွေ့အကောက်များသော တာလန်ချောင်းကို ခြောက်နေရာ ဖြတ်ခဲ့ကြရာတွင် ပဉ္စမနှင့် ဆဋ္ဌမတိုက်ပွဲတို့ကား အကြမ်းကြုတ်ဆုံး အခဲယဉ်းဆုံးဖြစ်လေသည်။

ဆဋ္ဌမတိုက်ပွဲတွင် သမန်ကြီး၏ ဝဲလက်မောင်း ကျည်သင့်သည်။ သို့သော် အရိုးကိုမထိ။ သေနတ်ကျည်ကြောင့် ပဲ့ထွက်သွားသော အသားတစ်နေရာကို သမန်ကြီးသည် မြင်းသေကောင်၏ အသားတစ်ဖြင့် သိပ်ကာ ကျပ်စည်းလိုက်သည်။

သမန်ငယ်ပေါင်ကို အဆိပ်မြားသင့်သည်။ မြားတံကို ချက်ချင်းဆွဲထုတ်လျက် ဒဏ်ရာကို ဓားမြှောင်ဖြင့် ခွဲကာ အဆိပ်ကို ထုတ်ယူလိုက်သောကြောင့် အဆိပ်မသင့်တော့။

စက္ကရှုကား စစ်နှင့် တည့်သူဟု ဆိုရတော့မည်။

တာလန်ချောင်းရိုးတစ်လျှောက်ရှိ ခရာဆူးတောများကို မြင်းဖြင့် တစ်ဟုန်ထိုးဖြတ်ရသည်ဖြစ်သောကြောင့် ကိုယ်ပေါ်တွင် ဆူးခြစ်ရာများ ရှိသည်မှအပ

ကျည်တစ်ပွင့်၊ မြားတစ်စင်း လှံတစ်ချောင်းမသင့်။ ပကတိကြိုင်စွာ အနာကင်းစွာ ပွဲဝင်ခဲ့လေသည်။

*

'ဖနောင်းအုံတွန်'အရပ်သို့ မင်းခေါင်နော်ရထာ၏ တပ်မရောက်လာသည်။ အယုဒ္ဓယတပ်များသည် တာလန်ချောင်းတစ်ဖက်တွင် ကျန်ရစ်ခဲ့ကြပေပြီ။

ဖနောင်းအုံတွန်ကား တောင်ကြားချိုင့်ဝှမ်းဒေသ။

တောင်ကျရေတို့သည် တာလွန်ချောင်းထဲသို့ စီးမဝင်ခင် ဖနောင်းအုံတွန်ကို ဖြတ်သွားကြသည်။ ထို့ကြောင့် ဖနောင်းအုံတွန်မှာ အယုဒ္ဓယ၏ မိုးရာသီလေးလလုံးလုံး ရေလွှမ်းမိုးရာအရပ်။ ရေပြင်ရေအိုင် ရွံ့နွံထူထပ်သည့် ဒေသ။

အယုဒ္ဓယကို စတင် လုပ်ကြံစဉ်ကမှ မင်းတရားကြီးသည် ဖနောင်းအုံတွန်ချိုင့်ဝှမ်းလွင်ပြင်ကြီးကို တပ်ကြီး စွဲတည်ခဲ့လေသည်။ စစ်ပြန့်စစ်ခင်း စစ်ချီသေနင်္ဂကို ဖနောင်းအုံတွန်မှပင် စီမံခဲ့သည်။

အယုဒ္ဓယမြို့တော်၏ မြောက်ဘက်ကျသော ဤဒေသမှာ နွေရာသီကဲ့သို့ ခြေခင်းလက်ခင်းသာသည့် အချိန်ကမူ သေနင်္ဂအစီအမံအတွက် အလွန်ကောင်းသောဒေသ ဖြစ်လေသည်။ သို့သော် မိုးတွင်းကာလအဖို့မူ ဖနောင်းအုံတွန်သည် ဆန့်ကျင်ဘက် သဘာဝသို့ ပြောင်းသွားလေသည်။

စားနပ်ရိက္ခာမဲ့သော၊ တောင်ကျရေအတိလွှမ်းသော၊ ရွံ့နွံဗွက်တောထူထပ်သော ဆိုးရွားသည့်ဒေသ ဖြစ်သွားသည်။ ထိုအရပ်သို့ မင်းခေါင်နော်ရထာ၏ တပ်မစခန်းချမိသည့်အချိန်တွင် မင်းတရားကြီး၏ စစ်ပြန်တပ်မများအနက် နောက်ဆုံးတပ်ဖြစ်သော မဟာမင်းလှနော်ရထာ၏ တပ်က 'သဖန်းပုံး'မြို့သို့ ရောက်နေပြီဖြစ်သည်။ မင်းတရားကြီးလိုက်ပါသော ရှေ့တမ်းများကား 'ဝန်လွှန်'သို့ ရောက်နေကြပြီ။

တပ်မင်း မင်လှနော်ရထာသည် တပ်၏ ကင်းထောက်စခန်းသို့ ကိုယ်တိုင်ဝင်လေသည်။

"ထူးခြားသေးသလား မင်းလှစည်သူ"

ယင်းစခန်းဦးစီးဗိုလ်တစ်ယောက်ကို မင်းလှနော်ရထာက စိုးရိမ်စွာ မေးလိုက်သည်။

"ဘာမှ မထူးခြားသေးပါဘူး တပ်မင်း"





မင်းလှနော်ရထာသည် ကျော်တုံးထက်သို့ တက်ရပ်ကာ၊ ဝေးလံသောတောအုပ်ဆီသို့ မျှော်ကြည့်သည်။ အဆင့်ဆင့် စီရရီတောင်တန်းများ၊ သစ်တောများ၊ ကွေ့ကွေ့ကောက်ကောက် ချောင်းငယ် မြစ်ငယ်များကို မိုးဖွဲဖွဲတွင် ဝိုးတဝါးတွေ့နေရသည်။

"နှစ်ရက်ရှိပြီ"

မင်းလှနော်ရထာသည် အံကို ကြိတ်လျက် တင်းတင်းဆိုလေသည်။

ကင်းစခန်းမှ ဗိုလ်များ ဘာမှ မပြောသာကြ။ တပ်မင်းနည်းတူ ဝေးလံသော တောင်ဘက်သို့သာ မျှော်လင့်တကြီး ငေးကြည့်နေကြသည်။

တပ်နှစ်တပ်အကြား ယှက်ကူးသန်းနေသော စက္ကရှုတို့ သုံးယောက်ရောက်မလာကြသည်မှာ နှစ်ရက်ရှိသွားပြီ ဖြစ်သည်။ နောက်ဆုံးတွင် ကျန်ခဲ့သော မင်းခေါင်နော်ရထာတပ်အတွက် အလွန်စိုးရိမ်စရာကောင်းသော အခြေသို့ ရောက်နေသည်။

စက္ကရှုတို့သည် ယခင်က တစ်ရက်တစ်ခေါက်ရောက်လာကြသည်။ ရိက္ခာကို သယ်၍ တိုက်ပွဲသတင်းကို ယူလာကြသည်။ အဆက်အသွယ် မကင်းမပြတ်ခဲ့။ ယခုမူ . . .

"အနီးဆုံးကတော့ ဖနောင်းအုံတွန်ပဲ ရှိတာ"

"အဲဒီချိုင့်ဝှမ်းဟာ ခုလောက်ဆို ဒီမိုးမျိုးနဲ့ ရေပြင်အတိ ဖြစ်နေလောက်ပြီ တပ်မင်း"

"ဟုတ်တယ်။ အင်မတန်ကြမ်းတဲ့ ဒေသ"

"ဒီနေ့တော့ ဗိုလ်စက္ကရှုတို့ ရောက်လာမယ်၊ မျှော်လင့်ရတာပဲ တပ်မင်း"

"အေး . . .ဒီနေ့မှ ရောက်မလာရင်တော့ ငါလိုက်သွားမယ်၊ မောင်တွန်ဒုက္ခရောက်နေပြီ ထင်တယ်"

မင်းလှနော်ရထာက အသံနက်ကြီးဖြင့် ရေရွတ်သည်။

"ကျွန်တော်တို့ သွားပါမယ် တပ်မင်း"

"မောင်တွန်ဟာ ငါ့သူငယ်ချင်း၊ ငါကိုယ်တိုင် သွားမယ်"

မင်းခေါင်နော်ရထာအပေါ်၌ မင်းလှနော်ရထာ သံယောဇဉ်ကြီးလှသည်။ မင်းတရားကြီး မုဆိုးဘိုတွင် ထန်းသုံးတပ်တည်ကာ ဗိုလ်ဝင်ခံကတည်းက သေဖော်သေဖက် သွေးသောက်များ ဖြစ်ကြသည်။ သံလျင်တိုက်ပွဲအတွက် မင်းတရားကြီးက လက်ရွေးစင် ကိုးဆယ့်သုံးယောက် ရွေးစဉ်ကလည်း အတူတူ စွန့်ဖော်စွန့်ဖက် ဖြစ်ခဲ့သည်။

"ဖနောင်းအုံတွန် အရှေ့ဘက်မှာ တောင်တွေ ရှိတယ်။ ရန်သူဟာ တောင်စောင်းကနေ ဆီးတိုက်နိုင်တယ်။ တာလွန်ချောင်းဘက်ကလည်း လိုက်လာနိုင်သေးတယ်။ မောင်တွန်တပ်နှစ်ဖက်ညှပ်ခံနေရပြီလား မသိဘူး"

"ရာသီဥတုနဲ့ လမ်းပန်းကြမ်းလွန်းလို့ ဗိုလ်စက္ကရုတို့အရောက်နှောင့်နှေးတာလည်း ဖြစ်နိုင်ပါတယ် တပ်မင်း"

စက္ကရုနှင့် သမန်ညီနောင်နှစ်ဦးတို့ ပုံသွင်ကို မင်းလှနော်ရထာ မြင်ယောင်မိသည်။ အယုဒ္ဓယမှတပ်များ စဆုတ်ကတည်းက သူတို့ ထိုသို့ တစ်ရက်မပြတ်။ တပ်နှစ်တပ်အကြား ကူးခဲ့ကြသည်။ ရန်သူအထပ်ထပ် ဝင်နိုင်သည့် စစ်ဆုတ်လမ်းတွင် သူတို့ တစ်စုံတစ်ရာများ ဖြစ်နေကြပြီလားဟုလည်း မင်းလှနော်ရထာ တွေးမိလေသည်။

"အေး...စက္ကရုကို ငါယုံတယ်။ ဒါပေမယ့်...နှစ်ရက်လုံးလုံး အဆက်အသွယ် ပြတ်နေကြတာဟာ မောင်တွန့်တပ် တစ်ခုခုဖြစ်လို့သော် လည်းကောင်း၊ စက္ကရုတို့ လမ်းခရီးမှာ ရန်သူနဲ့ တွေ့လို့သော် လည်းကောင်း ဒီနှစ်ခုအနက် တစ်ခုပဲဖြစ်မယ်။ အေးလေ...ဒီနေ့မှ ရောက်မလာရင်တော့..."

"တပ်မင်း... ကျွန်တော် မြင်းနံ့ရတယ်။ သမန်ညီအစ်ကိုတစ်ယောက်ယောက်ရဲ့ မြင်းနံ့"

မင်းလှနော်ရထာ၏ စကားမဆုံးခင်မှာပင် တောကျွမ်းသော အကြပ်တစ်ယောက် အပြေးအလွှား ရောက်လာကာ ဝမ်းသာအားရ အော်လေသည်။

အကြပ်၏စကား မှန်သည်။

မကြာမီမှာပင် ဝေးလံသော တောင်ခြေဆီမှ တရိပ်ရိပ်ပြေးလာနေသော မြင်းတစ်စီးကို ပျပျရေးရေး တွေ့ကြရလေသည်။

"ဟော...သေချာကြည့်စမ်း၊ မြင်း ဘယ်နှစ်စီးလဲ"

မိုးဖွဲဖွဲတွင် တောင်ငွေ့များ ရောထွေးနေသဖြင့် မြင်ကွင်းမှာ မကြည်မလင် ဖြစ်နေသည်။

"သစ်ပင်ပေါ် တက်ကြည့်စမ်း"

ဗိုလ်မင်းလှစည်သူကိုယ်တိုင် တောင်စောင်းမှ သစ်ပင်ပေါ်တက်ကြည့်သည်။

"မြင်းနှစ်စီး တပ်မင်း"

"နှစ်စီးတည်းလား၊ သုံးစီး မဟုတ်ဘူးလား။ သေချာကြည့်စမ်း"





"နှစ်စီးတည်း တပ်မင်း၊ တောင်စောင်းအတိုင်း တက်လာကြပြီ"

မကြာမီမှာပင် မြင်းခွာသံတဖြောင်းဖြောင်း ကြားရလေသည်။

"ဘယ်သူတွေလဲဟေ့"

"သမန်ကြီးနဲ့ သမန်ငယ်ပါ တပ်မင်း"

"စက္ကရုမပါဘူးလား"

"အခုထိ မတွေ့သေးဘူးတပ်မင်း"

"ဆေးမြစ် စိမ်ထားတဲ့ သေတစ်ကောင်းနှစ်လုံး ထုတ်ခဲ့ကြ၊ စားစရာ၊ ခြုံစောင်၊ မြင်းစာ၊ ဆေးဝါးအားလုံး အသင့်ရှိကြ"

မင်းလှနော်ရထာသည် တောင်စောင်းသို့ ဆင်းခဲ့လေသည်။

တောင်စောင်းအတိုင်း မြင်းကဆုန်စိုင်းတက်လာသူများကား သမန်ကြီးနှင့် သမန်ငယ်။ တပ်မင်း မင်းလှနော်ရထာကိုယ်တိုင် မြင်းဇက်ကို ပြေးကိုင်လိုက်သည်။ သမန်ကြီးနှင့် သမန်ငယ်တို့ မြင်း မရပ်မီမှာပင် ခုန်ဆင်းလိုက်ကြသည်။

"မင်းတို့ နှစ်ယောက်တည်းလား၊ စက္ကရုကော၊ နောက်ကတပ် ဘာဖြစ်နေသလဲ ပြောစမ်း မြန်မြန်"

"ဗိုလ်မင်း ဟိုဘက်လျှိုတစ်ခုမှာ ရန်သူနဲ့ တွေ့နေတယ်၊ ရန်သူမြင်းဆယ်စီး သူမဖောက်သာသေးဘူး၊ ကျွန်တော်တို့ကို လွှတ်လိုက်တယ်၊ သူခံရစ်မယ် ပြောတယ်"

"ဟုတ်ပြီ၊ မင်းတို့တပ် ဘာဖြစ်သလဲ"

"ဖနောင်းအုံတွန်က ရွေ့လို့မရဘူး တပ်မင်း၊ ရန်သူက တောင်ပေါ်ကနေ ဆီးပိတ်ထားတယ်။ ရိက္ခာလည်း ပြတ်နေပြီ။ ကျွန်တော်တို့ တမြန်နေ့ကတည်းက ထွက်ခဲ့တာ။ ရန်သူကို ဖောက်ထွက်လို့ရလို့ ဒီနေ့မှ ရောက်နိုင်တယ်။ အခု ဗိုလ်မင်းကို စစ်ကူပေးပါ တပ်မင်း၊ ရန်သူတွေ ထပ်ပိုင်းနိုင်ပါတယ်"

"မင်းတို့ သွားနားကြ"

"မနားဘူး တပ်မင်း၊ ဗိုလ်မင်းအတွက် ကျွန်တော်တို့ ပြန်လိုက်မယ်"

သွေးသံရဲရဲရှိနေကြသည့်ကြားထဲက သမန်ညီနောင်တို့သည် မြင်းပေါ်သို့ ပြန်တက်ကြသည်။

"မြင်းသုံးဆယ် လိုက်ခဲ့ကြ၊ သေနတ်လုလင်တွေ အကုန်ဆင်း"

မင်းလှနော်ရထာသည်လည်း မြင်းပေါ်သို့ တက်လိုက်သည်။

သို့သော် ...

'ဗိုလ်စက္ကူရ လာနေပြီ'ဟူသော အော်သံတစ်ခု သစ်ပင်ပေါ်မှ ကြားလိုက်ရသည်။ အားလုံး တောင်စောင်းအောက်သို့ ကြည့်လိုက်ကြသည်။

မှိုင်းညိုတောင်ခိုးနှင့် မိုးစက်များအကြားတွင် တရိပ်ရိပ်တွေ့ တွေ့ တောက်တောက်ပြေးနေသော မြင်းဖြူကြီးတစ်ကောင်ကို တွေ့ကြရလေသည်။

မြင်းပေါ်တွင် ကန့်လန့်ဖြတ်လဲကျနေသော လူတစ်ယောက်။

"အဲဒါ ဗိုလ်မင်းရဲ့မြင်း အာကာပဲ၊ မြင်းပေါ်မှာ လဲကျပြီး ပါလာတာ ဗိုလ်မင်းပဲ ဖြစ်ရမယ်။ သူ...တစ်ခုခုဖြစ်"

သမန်ငယ်က တောင်စောင်းအတိုင်းဆင်းရန် မြင်းဇက်ကို ဖွင့်လိုက်သည်။ သို့သော် မင်းလှနော်ရထာက မြင်းဇက်ကို ဆွဲထားလိုက်ပြီး ...

"နေဦး၊ မင်းမသွားနဲ့ သေနတ်ကိုင်တွေ လာစမ်း"

သေနတ်ကိုင်ရဲမက်များ နေရာယူလိုက်ကြသည်။

မင်းလှနော်ရထာ၏ ဆုံးဖြတ်ချက် မှန်ဆသည်။ မြင်းဖြူကြီး၏နောက် တောင်စွယ်ခါးပန်းအကွယ်မှ မြင်းစီးရန်သူများ တစ်ဟုန်ထိုးလိုက်လာကြသည်။

"သမန်ငယ် မင်း မဆင်းနဲ့ ရန်သူ့မှာ သေနတ်ပါတယ်။ ရဲမက်တို့ နောက်ကလိုက်လာတဲ့ ရန်သူတွေကို တစ်ယောက်မကျန်ပစ်"

သေနတ်ကိုင်ရဲမက်တို့မှာ နေရာယူပြီးကတည်းကပင် သေနတ်မီးပေါင်ကျပြီးနေကြလေပြီ။ မင်းလှနော်ရထာ၏ အမိန့်အဆုံးမှာပင် ကျောက်မီးသေနတ်များဆီမှ မီးပွင့်တဖောင်းဖောင်းအသံများ ထွက်လာသည်။

နောက်က လိုက်လာသည့် အယုဒ္ဓယတပ်သားများ မြင်းပေါ်မှ လွင့်စဉ်သွားကြသည်။ တစ်ယောက်မကျန်။

မြင်းဖြူကြီးကား တောင်စောင်းအတိုင်း တက်လာလေသည်။ မြင်းပေါ်မှ ကန့်လန့်ဖြတ် သဏ္ဍာန်ကား အလှူးလှူးအလိမ့်လိမ့်။

"ဗိုလ်မင်း ကျပြီနဲ့တူပါတယ် တပ်မင်းရယ်"

သမန်ငယ်က အသံနက်ကြီးဖြင့် တုန်တုန်ယင်ယင်ပြောရင်း တောင်စောင်းသို့ ပြေးဆင်းမည်ပြုသည်။ သမန်ကြီးက သမန်ငယ်၏လက်ကို ဖမ်းဆွဲချုထားလိုက်ပြန်သည်။

"ညီလေး အသေအချာကြည့်ပါဦးဟ၊ ဗိုလ်မင်းက ဝမ်းဗိုက်အောက်မှာ ပါလာတာပါ၊ မြင်းပေါ်ကဟာ ရန်သူပါ"





"ငါမသေသေးဘူး သမန်ငယ်ရဲ့"

မြင်းဝမ်းဗိုက်အောက်မှ စက္ကူရ လှိမ့်ထွက်လာသည်။ ထိုနောက် မြင်းဇက်ကို ဆွဲကိုင်ကာ တောင်ပေါ်သို့ တက်လာလေသည်။

*

"ဒီတစ်ခါ ကျွန်တော်တို့ကို မလွတ်နိုင်အောင် သူတို့တိုက်တာပဲ ဗိုလ်မင်း၊ ဖနောင်းအုံတွန်က ထွက်ကတည်းက ပိတ်ဆို့ပြီး တိုက်တာ၊ ကျွန်တော်တို့ ဖွတ်ဖောက်ထွက်တော့ သူတို့လည်း ထက်ကြပ်လိုက် သုတ်သင်တာ၊ ဒီသဖန်းပုံးတောင်မှာ တပ်မင်းတို့ ရှိနေမှာ သိလျက်နဲ့ ကျွန်တော်တို့နောက်ကို လိုက်လာတာပဲ၊ ရိက္ခာနဲ့ သတင်းအတွက် ကျွန်တော်တို့ လှုပ်ရှားနေမှန်း သူတို့ကောင်းကောင်း သိသွားကြပြီ။ ဟိုဘက် တောင်စောင်းအရောက်မှာတော့ ကျွန်တော်တို့ကို သူတို့ မီလာတယ်။ မြင်းဆယ်စီးနဲ့ လက်နက်စုံကိုင်ပြီး ဖွတ်ဝင်တာပဲ။ ပွဲကြမ်းမှာသိလို့ ဒီကောင်နှစ်ယောက်ကို တပ်မင်းဆီ အရောက်နှင်လို့ ကျွန်တော် လွှတ်လိုက်ရတယ်။ ကျွန်တော် ပြန်လှည့်ပြီး ခံတယ်။ သူတို့ ကျွန်တော့်ဆီ အာရုံရောက်သွားကြတယ်။ သမန်ကြီးတို့ လွတ်သွားတယ်။ သူတို့ဝိုင်းမိလို့ ကျွန်တော် ချက်ချင်း မဖောက်သာဘူး။ နောက်ဆုံးတော့ ဟောဒီ ရန်သူဗိုလ်"

စက္ကူရ လဲကျနေသော အယုဒ္ဓယဗိုလ်ကို ညွှန်ပြလျက် ...

"သူ့ကိုပဲ မြင်းပေါ်ကကျအောင်တိုက်။ ကျွန်တော့်မြင်းပေါ်တင်ပြီး အမြန်ဆုတ်ရတော့တာပဲ။ ကျွန်တော်က မြင်းဝမ်းဗိုက်အောက်က ပုန်းပြီးလိုက်တော့ သင်းတို့ သေနတ်တွေ မပစ်သာတော့ဘူး။ ပစ်ရင် မြင်းပေါ်က သူတို့ဗိုလ်ထိမှာကိုး။ အာကာကြီးကလည်း တွေ့တောက် ပြေးလေတော့ မြင်းကိုလည်း သူတို့ ထိအောင် မပစ်နိုင်ကြဘူး"

အယုဒ္ဓယဗိုလ်ဆီမှ လွန့်လူးညည်းညူသံ ကြားလိုက်ကြရသည်။

"သင်း ဒဏ်ရာမပြင်းပါဘူး။ ကျွန်တော့်လုံကျင်က ပခုံးပဲထိတာပါ။ ဒါပေမယ့် မြင်းပေါ်မှာပါလာတဲ့ အရှိန်ကြောင့် သွေးလွန်မှာ စိုးရတယ်။ သတိရအောင်လုပ်ပြီး စစ်မေးပါ တပ်မင်း။ ကျွန်တော်တို့တပ် ရိက္ခာပြတ်နေပြီ။ သင်းတို့ စစ်ရေးအစီအမံကို ဒီရန်သူဗိုလ်ဆီက ရအောင်မေးရတော့မှာပဲ"

သမန်ညီနောင်တို့ကား ဆေးမြစ်စိမ် သေတကောင်းများကို တဖြည်းဖြည်း မော့နေကြလေသည်။ မင်းလှနော်ရထာသည် အယုဒ္ဓယဗိုလ်ကို ထုမတ်စေကာ မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။

"သူတို့စကားကို တပ်မင်း ပြောတတ်မှန်းသိလို့ ကျွန်တော် သူ့ကို အရှင်ဖမ်းလာတာ"

စက္ကရက ပြုံးလျက် ပြောလေသည်။

"စက္ကရ၊ မင်းကို မောင်တွန်ရထားတာ အရတော်တယ်ဟေ့၊ မင်း သွားအနားယူလိုက်ဦး"

"ဟုတ်ကဲ့ တပ်မင်း"

အယုဒ္ဓယဗိုလ်ကား မျက်လုံးဝိုင်းဝိုင်းလည်လျက် တုန်လှုပ်နေလေသည်။ သူ့ရှေ့မှ ထွားကျိုင်းမြင့်မားသောသူသည် မြန်မာမင်း မင်းလှနော်ရထာဖြစ်ကြောင်း သူ ကောင်းစွာ သိသည်။

မင်းလှနော်ရထာ၏ စူးရှသော မျက်လုံးများအောက်တွင် သူ ဘာကိုမှ ဖုံးဖိလှည့်စားပြောဆို၍ မရနိုင်တော့ကြောင်း ချက်ချင်းသဘောပေါက်သွားသည်။ သူလည်း မြန်မာစကားအနည်းငယ်ပြောတတ်သည်။ မင်းလှနော်ရထာ မမေးမီ သူ့ထံမှ ဦးစွာထွက်ပေါ်လာသော မပီမသစကားမှာ…

"အ…သက်…ချမ်း…သာ…ပေး…ပါ"

*

မင်းလှနော်ရထာကိုယ်တိုင် အုပ်ချုပ်လျက် တပ်ပေါင်း ဗိုလ်သုံးယောက်၏ တပ်များနှင့်အတူ ဖနောင်းအုံတွန်သို့ လှည့်ပြန်စစ်ချီလေသည်။ ခုနစ်ရာစီ အင်အားရှိသော တပ်ပေါင်း ဗိုလ်သုံးယောက်ပါဝင်သဖြင့် အင်အားနှစ်ထောင်ကျော် ရှိသည်။

ဖနောင်းအုံတွန်ချိုင့်ဝှမ်းကို ဝန်းရံနေသော တောင်များအနက် အရှေ့နှင့်မြောက်ဘက် တောင်များပေါ်တွင် ရန်သူတို့သည် မြင်းထုထပ်စွာ ညှပ်ပိတ်ဆို့ထားကြောင်းကို အင်အားနှင့်တကွ အယုဒ္ဓယသို့ ဗိုလ်ဆီမှ သိကြရသည်။

စစ်ဖြန့်တပ်ခွဲထားသော နေရာများကိုပါ အတိအကျသိလိုက်ကြရသဖြင့် မင်းလှနော်ရထာ၏ တပ်များသည် တောင်ပေါ်မှ ပိတ်ဆို့ထားသော အယုဒ္ဓယတပ်များကို အရေးလှစွာ ဖယ်ရှားအောင်မြင်လိုက်ကြလေသည်။





ထို့ကြောင့်သာပင် ဖနောင်းအုံတွန် ချိုင့်ဝှမ်းရေပြင် နှံ့စွက်တောနက်ထဲ၌ ရိက္ခာပြတ်၊ အင်အားပြတ်ဖြင့် စစ်ကျုံ့ကျန်ရစ်ခဲ့သော မင်းခေါင်နော်ရထာ၏တပ် လွတ်မြောက်ရာရခဲ့ခြင်း ဖြစ်တော့သည်။

တိုက်ပွဲသည် တစ်ညဉ့်အတွင်း ပြီးသွားသည်။

ချိုင့်ဝှမ်းကိုသာ စစ်မှုထားသော အယုဒ္ဓယတပ်များသည် မင်းလှနော်ရထာ၏တပ်များ နောက်ပြန်လှည့်လာမည်ဟု လုံးဝမထင်ခဲ့ကြ။ ရိက္ခာနှင့် စစ်သတင်းအထောက်တော် ဗိုလ်စက္ကရနှင့် တပ်သားနှစ်ယောက်တို့သည် သဖန်းပုံးတောင်ကြားထဲတွင် ကျဆုံးသွားကြပြီဟု အယုဒ္ဓယတပ်မှူးတို့ တွက်ထားကြသည်။

မင်းလှနော်ရထာ၏ တပ်က နောက်မှ ဖိတိုက်လိုက်သဖြင့် အငိုက်မိသွားသော အယုဒ္ဓယတပ်တို့သည် ချိုင့်ဝှမ်းထဲသို့ ကစဉ့်ကလျားဆင်းလာကြသည်။ ထိုအခါ ဖနောင်းအုံတွန် ချိုင့်ဝှမ်းထဲမှ မင်းခေါင်နော်ရထာ၏ တပ်များက ဆီး၍ ပစ်လိုက်ကြသည်။ နှစ်ဖက်ညှပ်ခံရသူမှာ အလောင်းမင်းတရား၏ နောက်ဆုံးစစ်ပြန်တပ်မဟုတ်ဘဲ မိမိတို့သာဖြစ်ကြောင်း သိသွားကြသောအချိန်တွင် အယုဒ္ဓယတပ် အားလုံး ပျက်စီးသွားကြပြီ ဖြစ်လေသည်။

ရန်သူ့ထံမှ ဆင်၊ မြင်း၊ အမြောက်နှင့် ရိက္ခာများကိုပါ ရလိုက်သောကြောင့် ထိုတိုက်ပွဲသည် တပ်မင်းနှစ်ပါး၊ စက္ကရနှင့် သမန်ညီနောင်တို့နှင့်တကွသော စစ်ဆုတ် စစ်ပြန်တပ် နှစ်တပ်အတွက် ကြီးကျယ်သော အောင်ပွဲဖြစ်သွားသည်။

အောင်ပွဲရသတင်းကို ရှေ့တပ်များမှတစ်ဆင့် မင်းတရားထံ ပို့လွှတ်ကာ သဖန်းပုံးသို့ တပ်နှစ်တပ်စလုံး ချီခဲ့ကြသည်။ ထိုညက သဖန်းပုံးတွင် အောင်ပွဲကျင်းပလေသည်။

"စက္ကရသာ ရောက်မလာရင် ပွဲအခြေအနေဟာ ဆန့်ကျင်ဘက်ဖြစ်သွားနိုင်တယ် မောင်တွန်။ မင်းတို့လည်း ချိုင့်ဝှမ်းထဲမှာ တပ်ကြေ၊ တပ်ပျက်၊ ငါတို့လည်း သဖန်းပုံးကနေ ရှေ့တပ်ဆက်ရနိုး၊ မင် စောင့်ရနိုးနဲ့ ဖြစ်နေမှာ၊ မင်း လှ စက္ကရကြောင့် တို့ပွဲရပေတာပဲ"

မင်းလှနော်ရထာက စက္ကရကို တရင်းတနှီး ပခုံးဖက်လျက် ဆိုပေသည်။

"ကျွန်တော် ကျသွားလည်း သမန်နှစ်ယောက် ရောက်ခဲ့ကြတာပဲ တပ်မင်း"

စက္ကရက ပြောသည်။

"ဘယ်ကဟုတ်၊ ဗိုလ်မင်း ရန်သူဗိုလ်ကို အရှင်ဖမ်းလာနိုင်လို့ ကျွန်တော်တို့ အလုံးအရင်းနဲ့ ရလိုက်တာ"

သမန်ကြီးက သေတကောင်းကို ပါးစပ်မှဖြတ်ကာ နှုတ်ခမ်းမွေးတွင် ပေနေသော သေရည်များကို သုတ်ရင်း ပြောလေသည်။

"ကိုင်း…ဒီပွဲမှာ လက်အရဆုံး၊ လက်ရုံးအကောင်းဆုံးသူကို ငါ ပြောမယ်"

တပ်မင်း မင်းခေါင်နော်ရထာ စကားရှုန်းပြောတတ်မှန်းသိနေသော စက္ကရကမူ ပြုံးနေလေသည်။

"အာကာပဲကွ၊ စက္ကရရဲ့ မြင်း အာကာ၊ ရန်သူသေနတ်ကိုင်တွေနောက်က လိုက်ပစ်စဉ်မှာ သူတွေ့တွေ့ကောက်ကောက် မပြေးနိုင်ရင် ငါ့အကောင် စက္ကရလည်း မောင်ရွှဲဆီ ရောက်မှာမဟုတ်၊ မောင်ရွှဲလည်း ငါ့ဆီရောက်မှာမဟုတ်၊ ငါတို့လည်း ပွဲရမှာမဟုတ်၊ ခုလိုလည်း သေအတူ သောက်နိုင်ကြတော့မှာမဟုတ်"

သေအရှိန်ဖြင့် ကျယ်လောင်စွာ ရယ်ကြလေသည်။

စက္ကရ နေရာမှ ထသည်။

"စက္ကရ ဘယ်လဲ"

မင်းခေါင်နော်ရထာက မေးသည်။

"အာကာကြီးဆီ သွားကြည့်မလို့ပါ တပ်မင်း"

"ကြည့်မနေပါနဲ့ မောင်မင်း၊ ဒီမှာပဲ နေစမ်းပါ။ မင့်အာကာကို ငါ မြင်းဇောင်းထဲ ထည့်ထားပါတယ်။ အကောင်းဆုံးအိပ်ရာ၊ အကောင်းဆုံး စားစရာပေးထားပါတယ်"

စက္ကရ ပြန်ထိုင်ရလေသည်။

"စစ်တို့မည်သည်မှာ ဗိုလ်ခြေနည်းသည်များသည် အကြောင်းမဟုတ်။ လက်ရုံး နှလုံးမှာသာ အကြောင်းပဲလို့ မင်းတရားကြီး မိန့်ခဲ့ဖူးတယ် မဟုတ်လား။ အခု ဒီပွဲမှာ စက္ကရနဲ့ သမန်ညီအစ်ကိုတို့ကို အကြောင်းခံပြီး တို့အားလုံးရဲ့ လက်ရုံး နှလုံးကြောင့် စစ်အောင်ခဲ့တာပဲလို့ မှတ်လိုက်ကြကွာ၊ ဒီသွေးမျိုးကို အသက်ထက်ဆုံး ဆောင်ကြဉ်းပြီး သေနင်္ဂရာဇဝင်မှာ ကမ္ပည်းထိုးကြမယ်"





မင်းလှနော်ရထာက လေးနက်စွာ ဆိုပေသည်။

"မောင်ရွှဲပြောတာ မှန်တယ်၊ ဟံသာဝတီ၊ မဏိပူရ၊ သံလျင်တိုက်ပွဲတွေကို ပြန်ကြည့်၊ ကိုင်း…ပြည်တိုက်ပွဲပဲ ကြည့်ကွာ၊ မဟာဓမ္မရာဇာမင်း အကွပ်မျက်ခံရပြီဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ပြည်တိုက်ပွဲ ဘယ်လောက်ကြမ်းခဲ့သလဲ၊ ဖရန်စစ်နဲ့ ကုလားဖြူတွေကလည်း တစ်ဖက်က လက်နက်အပြည့်နဲ့ ဝင်ကူတာ မဟုတ်လား၊ နောက်ဆုံး တို့ပဲ အောင်ပွဲရခဲ့တာ"

မင်းခေါင်နော်ရထာက သေတစ်ခွက်ငှဲ့ရင်း ပြောလေသည်။

"ဟုတ်ပါတယ် တပ်မင်း၊ ဒါကြောင့်လည်း ဗိုလ်သွင်းသဘင် စစ်ဘုရင်ကို၊ ခြယ်လှယ်ဆင်ရာ၊ ဆင်တန်ဆာဖြင့် လကာ်ပြုပြင်၊ ခန့်ညီရင်သော် ဆိုလားအဲဒီလို စာစပ်ကြတာပေါ့"

သမန်ငယ်က အသံနိမ့်မြင့် ရွတ်သည်။ နှုတ်သွက်လေးနေသည်။ သူမူးယစ်စ ပြုပေပြီ။

"အံမာ စာတွေဘာတွေ ရွတ်လို့ မင်းနဲ့ ဘာဆိုင်လဲ၊ မင်းစပ်တာလား"

သမန်ကြီးက ညီကို လှမ်းပြောသည်။

"ဟုတ်ပေါင်ကွာ၊ မင်းလက်ဝဲနော်ရထာရဲ့စာပါ"

အားလုံး ရယ်လိုက်ကြသည်။ ဟံသာဝတီတိုက်ပွဲအပြီးတွင် လက်ဝဲနော်ရထာဘွဲ့ ရခဲ့သော လက်ဝဲသုန္ဒရ ဦးမြတ်စံက စစ်နှင့် ပတ်သက်သော ပျို့တစ်စောင် ရေးရန် စီစဉ်နေကြောင်း ရဲမက်တိုင်း သိထားကြသည်။ လက်ဝဲသုန္ဒရ၏ ပျို့ မှာ မရေးဖြစ်သေးသော်လည်း တပ်သားအချို့က တွေ့ကရာစာကို ကောက် ရွတ်ကာ လက်ဝဲသုန္ဒရရေးသည်ဟန် ချစ်စနိုးဖြင့် နောက်ပြောင်တတ်ကြလေသည်။

"ခုချိန်ဆို ကိုမြတ်စံ စာစပ်လောက်ရောပေါ့"

"မရေးဖြစ်သေးဘူး ကြားတာပဲကွာ၊ မင်းတရားကြီးနဲ့ ဒီအယုဒ္ဓယစစ်ပြီးမှ အယုဒ္ဓယကိုပါ လေ့လာပြီး ရေးမယ် ပြောတယ်"

တပ်မင်းနှစ်ယောက်တို့ စကားလက်ဆုံကျပြန်သည်။ ထို့နောက် နေပြည်တော်တွင် တပ်စောင့်ကျန်ခဲ့သော နောင်တော်ကြီးအကြောင်းမှတစ်ဆင့် ရှေ့တပ်ဦးတွင် လိုက်ပါသွားသော မင်းတရားကြီးအကြောင်း၊ သားတော်လတ် မြေဒူးမင်းသားအကြောင်းတို့ကိုပါ ဆက်ပြောဖြစ်ကြလေသည်။

သေတကောင်းများလည်း တစ်လုံးပြီးတစ်လုံး။

တမူးယစ်ယစ် သေအရှိန်ဖြင့် စကားလက်ဆုံ ကျနေသည့် ဝိုင်းထဲသို့ မဝင်နိုင်သူမှာ စက္ကရတစ်ယောက်တည်း ဖြစ်နေသည်။

သီးသန့်ဖြစ်နေခြင်းကို ငြီးငွေ့လာသည်။ မင်းတရားကြီးအကြောင်း၊ နောင်တော်ကြီးအကြောင်း မြေဒူးမင်းသားနှင့်တကွ အမြင့်မင်း၊ ပဒုံမင်း၊ ပုခန်းမင်း၊ ပင်းတလဲမင်း စသော မင်းတရားကြီး၏ သားတော်များအကြောင်း၊ နန်းတော်အကြောင်း စက္ကရ ဘာကိုမှ ရေရေရာရာမသိ။ စက္ကရသိသည်မှာ စစ်…။

တပ်မင်း မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာ၊ သမန်ညီနောင်၊ အယုဒ္ဓယစစ်၊ သီဟဂတိဗျူဟာ၊ ရန်သူ။

အောင်ပွဲသဘင်တွင် တပ်မင်းနှစ်ယောက်နှင့် တပ်မှူး၊ ဗိုလ်မှူး၊ သမန်ညီနောင်တို့သည် စစ်အကြောင်းမှတစ်ဆင့် ပွားကာ လေးနက် ကျယ်ပြန့်စွာ စကားပြောနိုင်ကြချေသည်။

စက္ကရမှုကား လောလောဆယ် စစ်ဆုတ်၊ စစ်ပြန် သေနင်္ဂမှအပ ဘာကို တွေးရမှန်းမသိ။ ဘာပြောရမှန်းလည်း မသိ။

အထီးတည်း ဖြစ်နေခြင်းကို ခံစားလာရသည်။ နှလုံးရည် ချို့တဲ့နေပြီလားဟု မိမိကိုယ်မိမိ တွေးမိလာသည်။ စစ်သည်အတွက် နှလုံးရည် မလိုဟုလည်း တွေးမိပြန်သည်။ သို့သော် လက်ရုံးနှလုံး ပြည့်စုံသော လက်ဝဲနော်ရထာ ဦးမြတ်စံ အကြောင်း ကြားရပြန်သောအခါ …

“သမန်ကြီး”

စက္ကရနှုတ်မှ အမှတ်မထင် ထွက်သွားလေသည်။

“ဗိုလ်မင်း ကျွန်တော့်ကို ခေါ်လိုက်သလား”

“အေး၊ ငါ့ကို သေတကောင်းကမ်းလိုက်စမ်း”

“ဗျာ…”

သမန်ကြီးအသံ ကျယ်လောင်သဖြင့် စကားဝိုင်း ရပ်သွားသည်။

စက္ကရက သမန်ကြီးလက်ထဲက သေတကောင်းကို ဆွဲယူ၍ ပါးစပ်တွင် တေ့ကာ မော့ချလိုက်သည်။

“ဗိုလ်မင်း သေရည်သောက်တယ်လား”

“စက္ကရ မင်းက သေရည်သောက်လို့”

တင်းတင်းကျပ်ကျပ် စုံမှိတ်လိုက်ရသော မျက်လုံးများကို ဖွင့်ပြီး သေ၏ ပူရှသောအတွေ့ကို ခေါင်းဆတ်ဆတ်ခါ ဖယ်ထုတ်ရင်း သက်သာစေပြီးနောက် စက္ကရပြောလေသည်။

“ကျွန်တော် ဘာလုပ်ရမှန်းမသိဘူး၊ တပ်မင်းတို့ ဝိုင်းထဲဝင်ချင်လို့ သေသောက်ပစ်လိုက်တာ”





“ဟား…စက္ကရက သေသောက်တယ်ဟေ့၊ ကဲ…ဆိုစမ်း၊ ဘယ့်နှယ်နေသလဲ”

မင်းခေါင်နော်ရထာက တအံ့တဩ မေးသည်။

စက္ကရက နောက်တစ်ကျိုက် မော့လိုက်ပြန်သည်။

“အား…တဲရှေ့မှာ အသားကင်နေတဲ့ ဟိုမီးပုံက မီးလျှံတွေ ကျွန်တော့်ကိုယ်ထဲ ရောက်သွားတယ်”

“ဟား…ဟား…ဟား…ဟား”

အားလုံး ကျယ်လောင်စွာ ရယ်ကြသည်။

သေတကောင်း တစ်ခုလုံးကုန်အောင် စက္ကရသောက်လိုက်သည်။ ထို့နောက် ချက်ချင်းနီရဲလာသော မျက်လုံးကြီးများကို ပင့်လျက် အားလုံးကို လေးပင်စွာကြည့်ရင်း၊

“မင်းတရားကြီး ဖဝါးတော်အောက် တပ်မင်းတပ်ထဲ ကျွန်တော်ရောက်တာ ရှစ်နှစ်ပြည့်တော့မယ်။ ဒါပေမယ့် ခုထိ ဓားနဲ့ မြင်းကို သဘောကျတုန်းပဲ။ လှံကျင်ကိုလည်း ကြိုက်တယ်။ ကျောက်မီးသေနတ်လည်း သဘောကျတယ်၊ အဲမောင်းလည်း သဘောကျတယ်။ စစ်ကို ကျွန်တော် မငြီးငွေ့ဘူးဗျ။ သွေးသောက်တွေကိုလည်း ကျွန်တော်ချစ်တာပဲဗျ။ ဒါပေမယ့် ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်တော် ဒီထက်မက နေချင်တယ်ဗျ။ ကျွန်တော် ဒီထက်မက နားလည်ချင်တယ်။ ကျွန်တော် အခု အထီးတည်း အထွေးဝင်နေတယ်။ တစ်ယောက်တည်းလို ဖြစ်နေတယ်။ ဒါကြောင့် အခု သေသောက်လိုက်တာဗျ။ တပ်မင်းတို့ သွေးသောက်တို့နဲ့ နည်းနည်း တူသွားပြီ မဟုတ်လား။ သမန်ကြီး ငါ့ကို ထပ်ပေးစမ်းပါဦးကွာ”

သေမသောက်တတ်သည့် စက္ကရ မူးသွားပြီကို သိသဖြင့် မင်းခေါင်နော်ရထာက သမန်ငယ်ကို မျက်ရိပ်ပြလိုက်သည်။

“ဆေးလိုက်ပါ၊ စက္ကရ သိပ်ပင်ပန်းနေတယ်”

“ကျွန်တော် တစ်ခုခု ထပ်ပြီး နားလည်ချင်သေးတယ်။ ကျွန်တော် သိချင်သေးတယ်။ ဒါပေမယ့် ဘာကိုသိရမှာတုန်း…ပြောကြဗျာ”

စက္ကရ လေသံပါ ဆေးလာသည်။

မင်းလှနော်ရထာက မင်းခေါင်နော်ရထာကို ပြောလိုက်လေသည်။

“ဒီကောင် ရဲဓားသနှာ မထားဖူးဘူး မဟုတ်လား။ ဒီကောင် ချစ်သူမိန်းမပျိုရှိဖို့လိုပြီ သိလား မောင်တွန်”

မင်းခေါင်နော်ရထာက သမန်ကြီးကို ပခုံးမှီကာ ဇလုံးဇတွေး တတွတ်တွတ် ရေရွတ်နေသော စက္ကရကို ကြည့်ရင်း ပြန်ဖြေလိုက်လေသည်။

"အဲဒါထက်မကတဲ့ အရာတစ်ခုခု ရှိလိမ့်မယ် ထင်တယ်"

ထိုညဉ့်က ရှေ့ဆုံးတပ်ရှိ မင်းတရားကြီး ကိုယ်စား မြေဒူးမင်းသားထံမှ သဝဏ်ရောက်လာသည်ကိုပင် စက္ကရ မသိတော့။

* * *

## [၅]

### ဘုန်းတော်ကြီးဘုရားကိုယ်စား သဝဏ်ရောက်အမိန့်တော်

မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာတို့တပ်များ ပွဲရကြောင်း သိ၍ အားရတော်မူသည်။ တပ်တော် မုတ္တမသို့ ဝင်ပြီ။ ခမည်းတော် အနာသည်းသည်။ သတိရတော်မမူ။ ဆုတ် ဆဲတပ်တို့ အပြင်းဆုတ်ကြရမည်။

**သားတော်မြေဒူးမင်း**

"မင့်တပ် အမြန်ဆုံးချီသွား မောင်ရွှဲ၊ မုတ္တမအထိ အပြင်းသာဆုတ်"

"မင်းကတော့ မောင်တွန်"

"အမိန့်တော်ထဲမှာ ငါ့တပ်နတ်ခဲ့လို့ အတိအကျမပါဘူး။ ငါ့တပ်က နောက်စွယ်ကနေ စစ်ခံပြီး လိုက်ရမယ်လို့ မင်းတရားကြီး အမိန့်ထားခဲ့တယ်။ ဒီအမိန့် မပြယ်သေးဘူးလေ"

"မြေဒူးမင်းသား သဝဏ်ထဲမှာ တပ်တို့ အပြင်းဆုတ်ကြရမည်လို့ ပါနေတာပဲ မောင်တွန်။ တို့နှစ်ယောက် အတူချီရမှာပေါ့"

"မဟုတ်သေးဘူးလေကွာ။ ငါ့တပ်က ဆုတ်ရုံဆုတ်တဲ့ တပ်မဟုတ်ဘူး။ စစ်ခံတိုက်ရင်း ဆုတ်တဲ့တပ် မဟုတ်လား။ ဆုတ်မြဲတပ်တွေ ဆုတ်ပစေပေါ့"

"မင်းတရားကြီး သတိမရဘူးလို့ သဝဏ်မှာပါတယ်။ တို့တပ်မင်းတွေ အားလုံး စုညီစုဝေးသင့်တယ်"

"မင်းတရားအမိန့်ရရင် ငါ ဆုတ်ခဲ့မယ်လေ။ သုံးရက်အတွင်း ငါ မုတ္တမကို အရောက်ချီနိုင်ပါတယ်"

"တခြားတပ်တွေက မုတ္တမအရောက် အပြင်းချီ။ မင်းက တစ်တပ်တည်း ဒီမှာ ကျန်ရစ်ခဲ့ရင် အဆက်ရိက္ခာ ပြတ်တောက်ကုန်မှာပေါ့ မောင်တွန်"

"ရိက္ခာ ငါဘာသာ ရှာမယ်ကွာ"

"မင်းတရား အနားသည်းတယ် တဲ့"

"ဒီသဝဏ်က မြေဒူးမင်းသားရဲ့ သဝဏ်ပဲမောင်ရွှဲ။ မင်းတရား သတိမရဘူးလို့လည်း သဝဏ်ထဲမှာပါနေတယ်။ တပ်ဆုတ်အမိန့်ဟာ မင်းတရားနှုတ်က အမိန့်မဖြစ်နိုင်ဘူး။ မင်းတရားချထားတဲ့ အမိန့်ကို သားတော်သဝဏ်ကြောင့် ငါ မဖျက်နိုင်ဘူး"

"ဒါပေမယ့် အခုအခြေအနေက"

"မောင်ရွှဲ သူငယ်ချင်း။ တိုစစ်သားမှာ အခြေအနေဆိုတာ ရှိသလား"

"အမိန့်တော်အရ အမှုထမ်းဖို့ပဲရှိတာ မဟုတ်လား"

"ဒါကို ငါနားလည်ပါတယ်"

"အေး...မင်းလည်း နားလည်တယ်။ ငါလည်း နားလည်တယ်။ ဒါဆို ပြီးတာပဲပေါ့"

"ခေါင်းမမာစမ်းပါနဲ့ မောင်တွန်ရယ်"

"အမိန့်တော်ကို ဦးထိပ်ရွက်တဲ့သူရဲ့ ခေါင်းဟာ မာတယ်။ ပျော့တယ် မရှိပါဘူး သူငယ်ချင်း"

"အေး...ကောင်းပြီကွာ၊ ငါတပ်ချီတော့မယ်။ ဒါပေမယ့် စက္ကရုတို့ကို မင်းမလွှတ်နဲ့တော့။ ငါ့ဆီကပဲ အထောက်တော်ပို့မယ်။ မင်းတာဝန်ကြီးလှတယ်"

"ကောင်းတယ်၊ ငါ့လူတွေလည်း ပင်ပန်းလှပြီ"

ထုံးစံအတိုင်း တစ်ယောက်လက်မောင်းအိုးကို တစ်ယောက်ဖျစ်ညှစ်ဆုပ်ယမ်းနှုတ်ဆက်ကြသည်။ တပ်မင်းနှစ်ယောက်စလုံး မျက်နှာမကောင်းကြ။ မင်းတရား အနားသည်းသည်ဆိုသော သဝဏ်ပါ သတင်းကြောင့် စိတ်လေးနေကြသည်။ မင်းလှနော်ရထာက ရိဝေစွာ ကြည့်သည်။ မင်းခေါင်နော်ရထာက ပြုံးပြရင်း...

"ရန်သူလည်း တဖြည်းဖြည်း ကျဲသွားပါပြီကွာ၊ တိုက်ရင်း ဆုတ်ရင်းနဲ့ ငါလည်း မုတ္တမကို မကြာခင်မှာ ရောက်မှာပါ။ မြေဒူးမင်းသားကို မင်းလျှောက်





လိုက်ပါ။ ဗိုလ်တွန်ဟာ ရန်ငုတ် ရန်စတွေကို လက်စသိမ်းရင်း လိုက်ပါလာပါပြီလို့"

မိုးမှုန်တဖွဲဖွဲအောက်မှာပင် မင်းလှနော်ရထာ၏ တပ်ချီသွားလေသည်။ ဆင်ထက်မှ မင်းလှနော်ရထာ၏ သဏ္ဍာန် လွင့်ပြယ်ပျောက်ကွယ်သွားသည်အထိ ကြည့်နေလိုက်ပြီးမှ မင်းခေါင်နော်ရထာလည်း တဲစခန်းသို့ ပြန်လှည့်လာသည်။

သမန်ညီနောင်တို့နှစ်ယောက်ကို ခပ်လှမ်းလှမ်းတွင် တွေ့လိုက်ရသောကြောင့် မင်းခေါင်နော်ရထာ လှမ်းမေးလိုက်သည်။

"ဟိုအကောင် စက္ကရု၊ အမူးပြေသွားပလားဟေ့၊ မအီမသာဖြစ်နေရင် တကောင်းတစ်လုံးလောက် ထပ်ပေးလိုက်"

သဖန်းပုံးမှ ဇန့်လွှန် ဇန့်လွှန်မှ ဖြတ်စီး၊ ဖြတ်စီးမှ တနင်္သာရီ။

မင်းခေါင်နော်ရထာတပ်တို့ အစဉ်အတိုင်း စစ်ခံရင်း ဆုတ်ခဲ့သည်။ တဖြည်းဖြည်း နိုင်ငံတော် နယ်နိမိတ်အတွင်းသို့ ဝင်လာသည်နှင့်အမျှ တိုက်ပွဲလည်းပါးလာသည်။ အယုဒ္ဓယတပ်တို့ နယ်ကျူး၍ လိုက်တိုက်ရန် မဝံ့ကြ။ တစ်နေရာမှ တစ်နေရာအကူး လမ်းခုလတ်တွင်သာ တိုက်ပွဲများ ဖြစ်ပေါ်သည်။ သို့တစေ အနီးကပ်ရင်ဆိုင်မတိုက်ကြ။ ရှေ့မှ ကြို၍ လည်းကောင်း၊ နောက်မှ လိုက်၍ လည်းကောင်း အဝေးမှသာ အမြောက်၊ စိန်ပြောင်းတို့နှင့် ပစ်ခတ်လေသည်။

မင်းခေါင်နော်ရထာတပ်မှာ တိုက်ပွဲအတွက် အခက်အခဲမရှိ။ စစ်ပျော်လာသော ရန်သူ့အဟာန့်အတားကို တစ်ဆင့်ပြီးတစ်ဆင့် ဖြတ်ကျော်လာနိုင်ခဲ့သည်။

သို့သော် အကြီးမားဆုံး အခက်အခဲတစ်ရပ် ဝင်လာလေသည်။

ယင်းကား ရိက္ခာ။

တနင်္သာရီသည်လည်း မိုးကြီးသောဒေသဖြစ်သည်။ တနင်္သာရီမြောက်ပိုင်း 'ဆားလင်းချောင်းကြား' သို့ တပ်ရောက်ချိန်တွင် တပ်၌ ရိက္ခာလုံးဝ ကုန်ခန်းသွားသည်။ အိုးစားရဲမက်များ၏ နှစ်ပြည်ဝင် ဆန်စလွယ်အိတ်များတွင် ဆန်တစေ့မှ မရှိတော့။

ရိက္ခာရှာဖွေရေးသည် အရေးအကြီးဆုံးလုပ်ငန်း ဖြစ်လာသည်။ ရှေ့မှ ရိက္ခာထောက်တပ် ဖြစ်သော မင်းလှနော်ရထာတပ်နှင့်လည်း အဆက်ပြတ်ကွာခဲ့ပြီ။ မင်းလှနော်ရထာတပ်မှ ရိက္ခာပို့တာဝန်ယူခဲ့သော်လည်း သူတို့လည်း မင်းတရားရှိရာ မုတ္တမသို့ အပြင်းချီနေရသည်အတွက် ယခင်ကလို ရိက္ခာအရေးဦးစားမပေးနိုင်တော့။

ဆားလင်းချောင်းကြား စခန်းတွင် တပ်မင်း မင်းခေါင်နော်ရထာသည် ရိက္ခာရှာဖွေရေးအတွက် ဗိုလ်မှူး၊ ဗိုလ်၊ အကြပ်၊ သွေးသောက်များ အားလုံးကို စုညီစုဝေးစေလိုက်သည်။

"ငါး၊ လိပ်၊ မြွေနဲ့ တွေ့ရာ စားကောင်းတဲ့ အရွက်မှန်သမျှကို ရောကျို ပြီး တို့များစားခဲ့ရတာ လေးရက်ရှိပြီ။ ဆားကိုလည်း တနံ့ရုံ ခပ်စားကြရတယ်။ ဒါပေမယ့် အခု ရဲမက်တွေ ဆန်နဲ့ဆား အလုံအလောက်မရတာ ရက်သတ္တတစ် ပတ်ကျော်ပြီ ဆိုတာ မင်းတို့အသိ။ ဆားက တို့ပင်လယ်ရောကနေ ဖြစ်သလိုလုပ် ယူလို့ ရတယ်ထား၊ အရေးအကြီးဆုံးဆန်က လုံးဝ မရှိတော့ဘူး။ ငါကောင် လေးတွေဟာ အယုဒ္ဓယ စချိတဲ့ မနှစ် ပြာသိုကတည်းက ပွဲကြမ်းဝင်ခဲ့ကြရတယ်။ အခု ကဆုန်ထဲရောက်လာပြီ။ တစ်လျှောက်လုံး အငတ်ငတ် အပြတ်ပြတ်နဲ့ ရဲသွေးပြခဲ့ကြတယ်။ ရန်သူ့စစ်ကို စိတ်ပူစရာမရှိတဲ့ အခုလိုအချိန်ကျမှ ကလေး တွေ ရိက္ခာငတ်ရတာ ငါ စိတ်မကောင်းဘူး"

မင်းခေါင်နော်ရထာသည် ကိုယ်တိုင်ပင် ဆာလောင်ငတ်မွတ်ခြင်းကို မသိကျိုးကျွန်ပြုလျက် ပြောလေသည်။ တပ်မင်းကိုယ်တိုင် ရိက္ခာပြတ်ဒဏ်ကို ခံရကြောင်း သိထားသောလက်အောက်ဗိုလ်တို့လည်း ငြိမ်သက်စွာ နားထောင် နေကြသည်။

"မောင်ရွှဲတပ်ဟာ ခုဆို မင်းတရားတပ်နဲ့ ပေါင်းလောက်ပြီ။ သူ့ဆီက ရိက္ခာကို မမျှော်လင့်နဲ့။ တို့ ဘာသာတို့ ရိက္ခာရှာရမယ်။ ဒီမှာ နယ်ကျွမ်းတဲ့သူ ဘယ်သူရှိသလဲ"

"ကျွန်တော်"

"ကျွန်တော်"

တပ်မှူး ကုန္နသူနှင့် ဗိုလ်မင်းဘယစည်သူတို့ထံမှ ရှေ့ဆင့်နောက်ဆင့် အသံထွက်လာသည်။ မင်းခေါင်နော်ရထာက တပ်မှူးကုန္နသူ ရှေ့သို့ရပ်လိုက် သည်။

"ကုန္န တာဝန်ယူ၊ ဘယစည်သူ မလိုက်နဲ့။ မင်း ဒဏ်ရာရထားတယ်"

"ကုန္နသူ မင်း လူဘယ်လောက်ယူမလဲ"

ကုန္နသူ၏ မျက်လုံးများကား မင်းခေါင်နော်ရထာ၏နောက်တွင် ငြိမ်သက် စွာရပ်နေသော စက္ကရုထံမှ မခွာ။

"ကျွန်တော် ဗိုလ်မင်းစက္ကရုရဲ့ ခေါင်းဆောင်မှုကို ယူပါရစေ။ ဒီနယ်က ကျေးရွာတွေကို ကျွန်တော် လိုက်ပြမယ်။ ရိက္ခာရှာ အစီအမံကိုတော့ ဗိုလ်မင်း စက္ကရု ခေါင်းဆောင်မှုနဲ့ပဲ ကျွန်တော် လုပ်ချင်ပါတယ်"





စက္ကရုသည် တပ်ဖွဲ့စည်းပုံအရ ကုန္နသူကဲ့သို့သော တပ်မှူးငါးယောက် အပေါ် ဦးစီးပြုရသူ ဖြစ်လေသည်။

"ကောင်းပြီ။ စက္ကရု တာဝန်ယူ အဦးအစီးပြု၊ စက္ကရုကပဲ လူရွေးတော့။ အေးလေ ဘယ်သူ့ကို ရွေးမယ်ဆိုတာ ငါ သိပြီးပါပြီ။ ဘယ့်နှယ်လဲဟေ့ စက္ကရု၊ သမန်ညီအစ်ကိုနှစ်ယောက်နဲ့ ကုန္နသူ ပေါင်းသုံးယောက်ဆိုရင် တော်ပြီလား၊ ထပ်ယူဦးမလား"

"မယူတော့ဘူး တပ်မင်း"

"အေး၊ မင်းတို့ကိုယ်မင်းတို့ တအိုးစားလို့ သဘောထားလိုက်ကြတော့"

တအိုးစားတွင် တပ်သားငါးယောက် ပါဝင်လေသည်။

"စက္ကရုက အိုးစားမှူးပေါ့ကွာ၊ အင်း ငါကောင်လည်း ရိက္ခာရှာတော့ မှပဲ ဗိုလ်ကနေ အိုးစားဖြစ်သွားတော့တာပါလား"

ရယ်ကြလေသည်။ စက္ကရု၏ အရာအဆင့်သည် စင်စစ် နှစ်အိုးစား။ အကြပ်ငါးဦး၊ သွေးသောက်နှစ်ဦး၊ တပ်မှူးငါးဦးအပေါ်က ငါးရာဦးစီးရသော ဗိုလ်ရာထူးဖြစ်သည်။ ငါးရာဗိုလ်သည် တပ်သားသုံးယောက်သာပါသော အဖွဲ့၏ အိုးစားဖြစ်သွားရခြင်းကို မင်းခေါင်နော်ရထာ ရည်ရွယ်ပြောခြင်း ဖြစ်သည်။

"ငါ တစ်ခုမှာလိုက်မယ်၊ ဒါ စစ်မိန့်ပဲ"

မင်းခေါင်နော်ရထာ၏ အသံဝါကြီးကြောင့် ရယ်သံများ တိတ်သွားကြပြန် သည်။

"စက္ကရုခေါင်းဆောင်တဲ့ ရိက္ခာရှာအဖွဲ့၊ မင်းတို့ အခု ဇနပုဒ်ကျေးစွန် ရွာငယ် ရိက္ခာရနိုင်သမျှ နေရာတွေမှန်သမျှကို သွားပြီး ရှာကြရတော့မယ်။ ရိက္ခာရှာရာမှာ မင်းတို့ဟာ မင်းတရားကြီး ဖဝါးအောက်က ငါ မင်းခေါင်နော် ရထာ ဗိုလ်တွန်ရဲ့တပ်က လက်ရွေးစင် ယောကျ်ားကောင်းများဆိုတာ အမြဲ နှလုံးသွင်းပါ။ ငါတို့ဟာ ရဲမက်ကောင်းတွေ၊ စစ်သည်ကောင်းတွေ၊ ပြည်သား ပြည်သူတို့ရဲ့ရန်ကို တွန်းလှန်ပေးရတဲ့ လက်ရုံးသမားတွေဆိုတာ မမေ့နဲ့။ မင်း တို့ဟာ တောပုန်းဓားပြတွေ မဟုတ်ဘူး၊ ရောက်လေရာရွာမှာ တွေ့ကရာဝင်ဆွဲ တဲ့ လူသွမ်း လူဆိုးတွေ မဟုတ်ဘူး။ သူ မပေးချင်တာ မယူနဲ့။ သူပေးမှယူ။ သူမရောင်းချင်တာ မဝယ်နဲ့။ သူရောင်းမှဝယ်၊ သူ့ဝမ်းစာထဲက မကဲ့နဲ့။ သူ ပိုလျှံမှတောင်း။ အောင်မြင်တဲ့ သေနင်္ဂနဲ့ စစ်ဆုတ်စစ်ပြန်လာတဲ့ ငါတို့ဟာ ရန်သူ့မြေတုန်းက ဂုဏ်သတင်းမွှေးခဲ့ပါလျက်ကနဲ့ ကိုယ့်မြေကိုယ်ပြန်ရောက်

ကာမှ တောပုန်းလူဆိုးမဖြစ်စေနဲ့။ မတတ်သာလွန်းမှ ဓားကို ထုတ်။ ဓားသွား ပေါ်မှာ ဆင်ခြင်တုံတရား ရှိနေကြပစေ၊ နားလည်လား"

"နားလည်ပါတယ် တပ်မင်း"

"ဟောဒီမှာ ငါ ပါလာသမျှ၊ အဆောင်အယောင်တွေထဲက ရတနာတွေ၊ ဒါတွေ ယူသွား၊ လိုတဲ့နေရာမှာ ဒီငွေတွေ ရတနာတွေနဲ့ ရိက္ခာလဲခဲ့"

လက်ဝတ်များ၊ ခါးစည်းကြိုးမှ ရတနာများကို မင်းခေါင်နော်ရထာ ထုတ်ပေးသည်။

"ကိုင်း အချိန်မရှိဘူး သွားကြတော့၊ သမန် တို့သေ သိပ်မသောက်ကြနဲ့"

"ဟုတ်ကဲ့ တပ်မင်း။ ကျွန်တော်တို့က ဆင်ခြင်နိုင်ပါတယ်။ ဗိုလ်မင်း စက္ကရုသာ"

ရယ်ဖြစ်ကြပြန်လေသည်။ သဖန်းပုံးအောင်ပွဲမှစ၍ စက္ကရုသေသောက်တတ် သွားကြောင်း အားလုံး သိနေကြသည်။

"လက်နက်တော့ အပြည့်သာ ဆင်သွားကြဟေ့"

ကျောက်မီးသေနတ်လွယ်လျက်။ အဲမောင်းကို စွဲလျက်၊ ခါးချပ်တွင် ဓားအိတ်ချိတ်လျက်၊ ခါးစည်းကြားတွင် ဓားမြှောင်ထိုးလျက်၊ စက္ကရုသည် မြင်းဖြူကြီး အာကာပေါ်သို့ တက်လိုက်သည်။

စက္ကရု၏ ဝဲဘက်တွင် လမ်းပြမည့် ဣန္ဒသူနှင့် သူ့မြင်း။

စက္ကရု၏ နောက်တွင် သမန်ကြီး သမန်ငယ် မြင်းကိုယ်စီ။

"လူလေးတို့ ငါမှာတာ မမေ့ကြနဲ့"

မင်းခေါင်နော်ရထာက အာကာ၏ လည်ဆံများကို ပွတ်သပ်ရင်း ပြော သည်။

မြင်းလေးစီး အရှေ့ဘက်သို့ စိုင်းနှင်သွားကြလေသည်။

*

လွန်ခြစ်ရွာ၊ လားအိုင်ရွာ၊ ကလိန်းအိုင်ရွာ၊ မြင်းတကက်စုရွာ၊ ခရား တောရွာ. . .။

ရိက္ခာအတွက် အဆင်ပြေခဲ့သည်။

တောပုန်း လူဆိုးတပ်များနှင့် တစ်ခါတစ်ရံ ရင်ဆိုင်တိုက်ခိုက်ရသည်မှအပ အထူးအထွေ အခက်အခဲမရှိ။ ရွာခံလူများက ဆန်၊ ငါးပိနှင့် ဆားတို့ကို လိုလို





လားလား ပေးကြသည်။ အချို့ရွာများက လက်ဝတ်ရတနာနှင့် လဲကြသည်။ အချို့ရွာများမှ ရိုင်းစိုင်းကြမ်းတမ်းသော ဓလေ့ရှိကြသဖြင့် စက္ကရုတို့ ရွာစွန် ချဉ်းကပ်ပြီ ဆိုကတည်းက ရွာစည်းရိုးတံခါး ပိတ်ကာ မျှော်စင်ထက်မှနေ၍ ဒူးလေးဖြင့် ဆီးကြိုကြသည်။ မသေမပျောက်စေဘဲ ဒဏ်ရာ အနာတရရရုံလောက် သာ တိုက်ခိုက်ပြီးမှ ကျိုးနွံစေရသည်။

ဤသို့ဖြင့်ပင် မင်းခေါင်နော်ရထာ၏ တပ်သည် မုတ္တမထက်သို့ တဖြည်း ဖြည်း ချီလာနိုင်ခဲ့လေသည်။

"နောက် နှစ်ရက်ဆိုရင် မုတ္တမကို တို့ရောက်ပြီ။ စက္ကရုတို့ ဒီတစ်ခေါက် ပဲ ထွက်ဖို့ ကျန်တော့တယ်"

မင်းခေါင်နော်ရထာက ထုံးစံအတိုင်း ရိက္ခာအရှာထွက်တော့မည့် စက္ကရု ၏ အာကာခေါင်းတွင် ရပ်ရင်း ပြောသည်။

"အခု ဘယ်ရွာကို သွားမှာတဲ့လဲဟေ့"

"ကနစိုးရွာ တပ်မင်း"

"ဟား. . .တို့ အငယ်ဒွယ်ကို ချီတုန်းက အဲဒီရွာကို ဖြတ်ခဲ့သေးသကော၊ တိုက်ပွဲတောင် ဖြစ်ခဲ့သေး ထင်တယ်"

"ဟုတ်ပါတယ် တပ်မင်း၊ ကနစိုးရွာမှာ မကောပုရက ပြောင်းလာတဲ့ ကသည်းအချို့ ရှိတယ်။ ရွာကတော့ ရွာကြမ်းပဲ"

"ကျုပ်တို့ရှိပါတယ် တပ်မှူးဣန္ဒသူရဲ့"

သမန်ကြီးက ဝင်ပြောသည်။

"ဟုတ်တယ်။ မကောပုရအနွယ်တွေ ရှိတဲ့ရွာဆိုတော့ သမန်ကြီးတို့နဲ့ အဆင်ပြေသွားတာပေါ့။ မင်းတို့က နားလည်အောင်ပြော၊ ကြားလားဟေ့"

"ဟုတ်ကဲ့. . .တပ်မင်း"

မြင်းလေးစီး အရှေ့မြောက်ဘက်သို့ စိုင်းနှင်သွားကြသည်။

* * *

## [၆]

ကညင်တောအုပ်ကိုဖြတ်၍ တောင်စောင်းအတိုင်း တစ်မနက်ခင်းလုံး မြင်းဖြင့် တက်ကြရသည်။ တောအုပ်နှင့် တောင်ကြားလျှိုတွင် မည်းမှောင်နေသော်လည်း တောင်ထိပ်သို့ရောက်သောအခါ နေထွက်တပြုပြင် ရှိနေကြောင်း တွေ့ကြရသည်။

နံနက်၏ အေးမြရှင်းသန့်လေကြောင့် နွမ်းနယ်မှုများ လျော့ပါးသွားကြသည်။

"ဗိုလ်မင်း…ဟိုးမှာ မီးခိုးငွေ့လေး လွင့်နေတာ ကနစိုးရွာပေါ့"

ဣန္နသူက တောင်ထိပ်ဆီမှ နေ၍ မျက်စိတဆုံး လွင့်ပြင်ကျယ်ကြီး၏ တစ်နေရာကို လက်ညှိုးထိုးပြသည်။ စိမ်းမြမှိုင်းညို့သစ်အုပ်တို့အကြားမှ ဖြည်းညင်းစွာ လွင့်လူးနေသည့် မီးခိုးစလေးတစ်စကို စက္ကရ တွေ့လိုက်ရလေသည်။ ဝေးလံသောအရပ်မှ ဖြစ်သောကြောင့် မီးခိုးငွေ့မှာ ငြိမ်သက်နေသည် ထင်ရသည်။

ညဥ့်ဦးပိုင်းက သဲသဲမဲမဲရွာခဲ့သော မိုးကြောင့် မြူများ တအိအိဆိုင်းနေသည်။ မီးခိုးငွေ့လေးမှာ မြူလွှာတို့အကြား ချည့်နဲ့စွာ ထိုးဖောက်နေရသယောင်။

"နေမပူခင် အရောက်သွားကြရအောင်"

"ရောက်ပါတယ် ဗိုလ်မင်း၊ ကျွန်တော်တို့ လူရော မြင်းပါ လန်းဆန်းနေကြတာပဲ"

ဣန္နသူက ပြောပြောဆိုဆို မြင်းကို တောင်ကြောအတိုင်း နှင်သွားသည်။

"ကိုင်း…လာကြဟေ့"





စက္ကရလည်း တောင်အောက်သို့ မြင်းစိုင်းကာ ဆင်းခဲ့လေသည်။ ချုံနွယ်တို့ ထူပြောသော်လည်း မြင်းပြေးသာရုံလမ်းများ ရှိနေသဖြင့် ခရီးတွင်သည်။ အာကာသည် လန်းဆန်းတက်ကြွစွာ ကဆုန်စိုင်းလေသည်။

ခပ်လှမ်းလှမ်းတွင် ရွာစည်းရိုးကို တွေ့ရသည့်နေရာ၌ မြင်းလေးစီး ပြန်ဆုံကြသည်။ ဣန္နသူသည် စက္ကရ၏ အမိန့်ကို စောင့်ရင်း မြင်းပေါ်၌ မတ်မတ်ထိုင်သည်။

"စည်းရိုးကို သူလိုငါလို ဆူးခက်တို့ ဝါးတို့နဲ့ မကာဘူး။ သစ်လုံးတွေနဲ့ အလုံအခြုံကာထားတယ်။ ဝင်းတံခါးနားမှာလည်း မျှော်စင် ဆောက်ထားတယ်။ ဣန္နသူ…မင့်ရွာက စစ်ရေးစစ်ရာကို နားလည်ထားတဲ့ ရွာပဲကွ"

ခြံစည်းရိုးတံခါးဝအနီးမှာ ထိုးထွက်နေသော မျှော်စင်ကို ကြည့်ရင်း စက္ကရက ပြောလေသည်။

"မကိုပူရ အနွယ်တွေရှိတဲ့ရွာပဲ ဗိုလ်မင်း၊ ကသည်းတွေ စစ်ထိုးစစ်ခံ ကောင်းကောင်းနားလည်ကြတာ မဟုတ်လား"

"ကျုပ်တို့ ပါပါတယ်ဗျာ"

သမန်ငယ်က စိတ်ချယုံကြည်ထားသော လေသံဖြင့် ပြောသည်။

"ကဲ…ဣန္နသူ၊ မြင်းကို အသာစီးကျသွား၊ ဘာလက်နက်မှ မကိုင်နဲ့၊ ရွာတံခါးအနားအထိလည်း မကပ်နဲ့၊ ခပ်လှမ်းလှမ်းက နေပြီး အသံပြု၊ မင့်နောက်က တို့ လိုက်ခဲ့မယ်"

"ဟုတ်ကဲ့၊ ဗိုလ်မင်း"

ဣန္နသူသည် မြင်းစက်ကို လျော့ရိရိကိုင်ကာ အသာကျစီးသွားသည်။ ဣန္နသူနောက်မှ စက္ကရ၊ စက္ကရနောက်မှ သမန်ကြီး သမန်ငယ်ယှဉ်လျက် လိုက်ခဲ့ကြသည်။

တူရှုသို့ မျက်နှာမူထားသော်လည်း စက္ကရ၏ အကျင့်ပါနေသော အာရုံများက အရပ်လေးမျက်နှာရှိ အငွေ့အသက်များကို သတိကြီးစွာ အကဲခတ်ရင်း နိုးကြားနေကြသည်။ ရွာစည်းတံခါးမဖွင့်သေး။ ရွာထဲမှ အသံဗလံ မကြားရသေး။ နံနက်စောစော ချက်ပြုတ်နေဟန်တူသည့် မီးခိုးငွေ့များသာ တလူလူတက်နေသည်။

တိတ်ဆိတ်အေးချမ်းသော ရွာအဝင်…

အန္တ ရာယ်တစ်ခုခု၏ အငွေ့အသက်ကို စက္ကရု ရလိုက်သည်။ ထီးထီး မားမား မျှော်စင်ထက်သို့ စိုးရိမ်စွာ မော့ကြည့်လိုက်သည်။ လုံခြုံစွာကာထားသော သစ်လုံးများနောက်၌ လှုပ်ရှားမှုတစ်ခု တွေ့လိုက်ရသလို ထင်မိသည်။ နောက်ခဲ နေရောင်ကြောင့် လှုပ်ရှားမှုဆီမှ တစ်ခုခု ဝင်းပြက်သွားသလိုလို…

စစ်ပွဲသတိဖြင့် နိုးကြားထက်မြက်နေသော အသိက တုံ့ဆိုင်းမနေ၊ ချက်ချင်း ဆုံးဖြတ်လိုက်သည်။

ဣန္ဒသုကား ရှေ့ဆီမှာ အေးဆေးစွာ…

သို့ကြိုး တုန်ခါသံတစ်ခု…

"ဣန္ဒသု ဘေးကိုရှောင်"

သတိပေး အော်ဟစ်ရင်း ဣန္ဒသု၏မြင်းကို စက္ကရုမြင်းဖြင့် ကိုယ်စောင်း ဝင်တိုက်လိုက်သည်။ ဣန္ဒသု မြင်းပေါ်မှ လွင့်ကျသွားသည်။ သို့သော် စက္ကရု ၏ ပခုံးတွင် မီးစနှင့် ထိုးလိုက်သည့် အလား…။

မြားတစ်စင်းသည် စက္ကရု၏ ပခုံးထက်သို့ ထိမှန် ဖြတ်သန်းကာ မြေပေါ်သို့ ဝင်စိုက်နေလေသည်။

သမန်ကြီး သမန်ငယ်တို့က မျှော်စင်ဆီသို့ သေနတ်ဖြင့် ချိန်လိုက်ကြသည်။

"ဟေ့ မပစ်နဲ့၊ သမန်ကြီးလာစမ်း၊ ဒါ အဆိပ်လူးမြား။ ငါ့ပခုံးကို ဓား နဲ့ခွဲ၊ အဆိပ်တွေ ထုတ်ပစ်၊ အဝတ်ချည်ပေး၊ ဣန္ဒသု မြင်းကို ကွယ်ထား။ သမန်ငယ်က မျှော်စင်ပေါ်တက်စမ်း…"

စက္ကရု တောက်လျှောက် အမိန့်ပေးလိုက်သည်။ စက္ကရု အဆိပ်မြားထိ သွားသည်ကို သိကြသောအခါ သမန်ကြီး အပြေးအလွှားရောက်လာသည်။ သမန် ငယ်က မျှော်စင်၏ အောက်ဆုံးသစ်တုံးအဆင့်ကို စည်းရိုးအပြင်ဘက်ဆီမှ ခုန် ဆွဲကာ သစ်လုံးတန်းများအတိုင်း ကျွမ်းကျင်စွာ တက်သွားသည်။

"သမန်ငယ် ပစ်တဲ့လူတွေ့ရင် ဘာမှမလွှန်စေနဲ့ဟေ့၊ နောက်ထပ် ရန်မမူ နိုင်လောက်ရုံပဲ လုပ်ထား"

ပခုံးဒဏ်ရာသို့ ဓားမြှောင်ဖြင့် ခွဲလိုက်သည့်အတွက် မျက်ခနဲ ဖြစ်သွား သော နာကျင်ခြင်းကို အံကြိတ်ခံကာ စက္ကရု အော်ပြောလိုက်သည်။ နောက်ထပ် လက်နက်တစ်စုံတစ်ရာမလာ။ စက္ကရုပခုံးတွင် ပဝါစည်းပြီးချိန်မှာပင် ရွာစည်း ရိုးတံခါး ပွင့်လာကာ ရွာသားများ ထွက်လာကြသည်။ ရွာသားများလက်မှာ ဒူးလေး၊ လင်းလေး၊ လုံလျှင်ကိုယ်စီဖြင့်…





ရှေ့ဆုံးမှ အသက်ကြီးကြီးရွာသားတစ်ဦးက လက်နက်ကိုင် ရွာသားများ အား လက်တားပြီး စက္ကရုအနီး လျှောက်လာသည်။ ရွာသားများကမူ လက်နက် အသင့်ဖြင့် ဝန်းရံလိုက်ကြသည်။

"ကျုပ်…အယုဒ္ဓယစစ် ပြန်ဆုတ်လာတဲ့ မဟာမင်းခေါင်နော်ရထာတပ်က ဗိုလ်မင်းပါ ရိက္ခာအတွက် ကျုပ်တို့ လာပါတယ် သူကြီး၊ ရန်သူမဟုတ်ပါဘူး"

စက္ကရု၏ ကိုယ်ပေါ်မှ အဝတ်အစား၊ စက္ကရုပခုံးမှ ဒဏ်ရာ၊ ထွားကျိုင်း သောမြင်းများ၊ ဣန္ဒသု၊ သမန်ကြီး၊ သမန်ငယ်တို့၏ သွင်ပြင်ကို ချက်ချင်း အကဲခတ်မိသွားဟန် ရှိသည်။

"ဝရီးက ကနစိုးသူကြီးမဟုတ်လား။ ကျုပ်တို့ရန်သူမဟုတ်ပါဘူး"

သူကြီးက စက္ကရု၏ ဒဏ်ရာကိုကြည့်၍…

"ဒီဒဏ်ရာက"

"ဪ…ဟိုမျှော်စင်ပေါ်က လာတာပေါ့။ ကျုပ်ကို ဗိုလ်မင်းသာမတွန်း လိုက်ရင် ကျုပ် လည်မျိုလား၊ ရင်အုံလား တစ်ခုခုပေါ့"

"ဣန္ဒသု တိတ်စမ်း"

စက္ကရုက ဒေါသဖြင့် အခဲမကျေဖြစ်နေသော ဣန္ဒသုကို ငေါက်ငမ်းကာ သမန်ငယ်ဘက်သို့ လှည့်လိုက်သည်။

"တွေ့လား သမန်ငယ်"

သမန်ငယ်၏မျက်နှာ တစ်မျိုးဖြစ်နေသည်။ နှုတ်ခမ်းမွေးစစ၏ အောက် မှ ထုထဲသော နှုတ်ခမ်းများမှာ ပြုံးယောင်မဲ့ယောင်။

"တွေ့တာပေါ့ ဗိုလ်မင်း၊ သင်းမှာ မြားတံတစ်ချောင်းတည်း ရှိနေတာ ကျွန်တော်တို့ ကံကောင်းတာပေါ့။ ဒါမှ မဟုတ်လည်း ဗိုလ်မင်းက ကျွန်တော် တို့ သေနတ်နဲ့ ထိုးအချိန်မှာ မပစ်နဲ့လို့ အမိန့်ပေးလိုက်တာ သင်း ကံကောင်း တာပဲ။ အလွန်ထူးခြားတဲ့ ရန်သူကို ကျွန်တော် တွေ့ခဲ့ရတယ်။

"ဘာဖြစ်လို့လဲ သမန်ငယ်"

"ကျွန်တော်တို့တွေ့တော့ တစ်ဖက်လှည့်သွားတယ်။ ဒူးလေးကို လက် ထဲမှာ တင်းတင်းဆုပ်ကိုင်လို့။ ကျွန်တော်က ဟေ့…ဒီမယ်လို့ အော်လိုက်တော့မှ ကျွန်တော့်ဘက် ပြန်လှည့်တယ်။ အား…မျက်လုံးတွေ မီးထွက်လာမလား အောက်မေ့ရတယ်။ အံကြိတ်ထားလိုက်တဲ့ နှုတ်ခမ်းတွေကလည်း တင်းတင်း စေ့လို့။ အတော်ကြည့်လို့ကောင်းတဲ့ ရန်သူလေး ဗိုလ်မင်းရဲ့"

"မင်း ဘာတွေပြောနေတာလဲ"

"အလွန်လှတဲ့ မိန်းကလေးတစ်ယောက် ဗိုလ်မင်း"

"ဩော် ဘဒ္ဒါကို။ ကိုင်း ဗိုလ်မင်းတို့ ရွာထဲဝင်ကြပါ။ မင်းတို့လက်နက်တွေ ပြန်သိမ်းလိုက်ကြတော့ပေါ့။ ဒါ ရန်သူမဟုတ်ဘူး။ ကျေးဇူးရှင် မင်းတရားကြီးရဲ့ နာမည်အကြီးဆုံးတပ်က သူရဲကောင်းတွေ။ ကိုင်း ကိုင်း ကြွကြပါ ဗိုလ်မင်းတို့"

သူကြီးက ဖော်ရွေစွာ ပြောတော့မှပင် ရွာသားများက လက်နက်ပြန်သိမ်းကြသည်။

ပခုံးဒဏ်ရာမှ နာကျင်ကိုက်ခဲစပ်သော ဝေဒနာ၊ ကနစိုးသူကြီး၏ ဖွေးတွေး သော ကြိုဆိုမှုကြောင့် ဝမ်းသာရခြင်းတို့ကို မေ့ပျောက်လျက် ရွာတဲအဝင်တွင် စက္ကူရ မျှော်စင်ထက်သို့ လှမ်းကြည့်မိလေသည်။

သူကြီး ရေရွတ်လိုက်သော အမည်တစ်ခုက စက္ကူရ နားဝအနီးတွင်သာ လှည့်ပတ်နေသည်။

**ဘဒ္ဒါ။**

* * *

# [၇]

အစိမ်းရောင်နှင့် အနီရောင်အတွဲ။

လောက ရှိရှိသမျှ အရောင်တွေထဲမှာ အမုန်းတီးဆုံး အစက်ဆုပ်ဆုံး အရောင်နှစ်ခု။ အရောင်နှစ်ခု တွဲဖက်နေသည်ကို မြင်ရလျှင်ပင် ရင်ထဲမှာ နာကျည်းမှုများက တလိပ်လိပ်တက်လာတတ်သည်။ နာကျည်းမှုများနောက်မှာ ထက်ကြပ်မကွာ ကပ်ပါသည်က ဒေါသ။

အစိမ်းနှင့် အနီတွဲနေသည်ကို မြင်ရလျှင် တစ်ကိုယ်လုံးရှိ သွေးများ ဆူဝေလှည့်ပတ်လာတတ်သည်။ နှလုံးအိမ်သို့ ဒုတ်ဒုတ်ထိ ထိုးဆောင့်သည်။ ထို့နောက် လက်ဖဝါးများသည် ပိုးကောင်ပေါင်း မြောက်များစွာ ထိုးဆိတ် ကိုက်ခဲခြင်းခံရသလို တစစ်စစ် ဖြစ်လာတတ်သည်။ လက်ချောင်းတွေလည်း ဆတ်ဆတ်တုန်လာတတ်သည်။ မိမိ၏ လက်ဖဝါးကို မိမိမမြင်ဖူးသလို ပြန်၍ ဖြန့်ကြည့်မိသည်။ လက်ဖဝါးတွင် ရုပ်ပုံလွှာများ ပေါ်လာသည်။

အဖ၏ မျက်နှာ၊ အမိ၏ မျက်နှာ၊ ဘိုး၏ မျက်နှာ ပြီးတော့ မောင်ငယ်၏မျက်နှာ၊ သူတို့၏မျက်နှာပေါ်တွင် သွေးအလိမ်းလိမ်း။ သူတို့နှုတ်ခမ်းများ တရွရွ လှုပ်နေသည်ဟု ထင်ရသည်။ တစ်ခုတည်းသောစကားကို အဖေ၊ အမိ၊ ဘိုးနှင့် မောင်ငယ်တို့ သံပြိုင်ရွတ်ဆော်နေကြသည်ဟုလည်း ကြားယောင်သည်။

"ရန်သူကို လက်စားချေပါ။ ရန်သူကို လက်စားချေပါ"

လက်ဖဝါးပေါ်မှ မျက်နှာများသည် ရုတ်ခြည်းပင် ဝိုးတဝါးဖြစ်သွားကြပြန်သည်။ မိမိမျက်လုံးအိမ်မှ မျက်ရည်များစီးကျလာသောကြောင့် ဖြစ်သည်။

မဝေးကွာလှသေးသောအတိတ်သည် 'ဘဒ္ဒါ' ၏ နှလုံးအိမ်တွင် ပုပြင်း တောက်လောင်စွာ လှည့်ပတ်နေဆဲ။

*

အဖနှင့် အမိက တောင်ယာသို့ သွားနေသည်။ ဘိုးက တစ်နေ့ဆီက ဖွပ်ထားသော ပျားအုံမှ ပျားဖယောင်းများ ထုတ်ကာ မီးတိုင်လုပ်နေသည်။ မောင်ငယ်ကလေးကမူ ဘိုးလုပ်ပေးသော မြားဖြင့် သစ်ရွက်များကို ပစ်ခတ် ကစားနေသည်။ မိမိကမူ မောင်းထောင်းလျက်။

ဘဒ္ဒါ၏ ထောင်းချက်သည် မကာိပုရ တောင်နံရံများဆီသို့ စည်းချက် ကျစွာ ရိုက်ခတ်ပဲ့တင်လျက် ရှိသည်။ ကျောက်ဆောင်နံရံကြီးများဆီက ပဲ့တင်ပြန် လာသော အသံထဲတွင် ဘဒ္ဒါဂီတသံကို တွေ့ရှိနေသည်။

"ဘဒ္ဒါ ...ဘဒ္ဒါ ...ဘဒ္ဒါ ..."

ပဲ့တင်သံ၏ နှုရည်ဂီတသည် 'ဘဒ္ဒါ ...ဘဒ္ဒါ' ဟု အသံထွက်နေသလိုလို။

မကာိပုရတောင်ကို ဘဒ္ဒါချစ်သည်။ နေပြောက်မထိုးသော ကျွန်းတော ကြီးများကို ချစ်သည်။ တဖောက်ဖောက်ကျနေ နှင်းစက်လေးတွေကိုလည်း ချစ်သည်။

အို အရှေ့ဘက်က စမ်းချောင်း၊ ရေတံခွန်၊ လျှိုထဲမှာ တွယ်ကပ် ပေါက် နေသည့် ချုံနွယ်ကလေးတွေ၊ ပန်းပွင့်လေးတွေ၊ ချောင်းထဲမှာ ကူးနေသည့် ဟင်္သာလေးတွေ အားလုံး အားလုံးကို ဘဒ္ဒါ ချစ်သည်။

မကာိပုရသည် ဘဒ္ဒါအတွက် ပကတိငြိမ်အေး ချမ်းမြေ့သော တိတ်ဆိတ် နက်ရှိုင်းသော သောကကြောင့် ကြကင်းသော လောကဖြစ်သည်။ တိတ်ဆိတ်ခြင်း အားကြီးသောညတွင် မီးပုံဘေးမှာလဲ့၍ ဘိုးပြောပြသော မုဆိုးပုံပြင်များကို နားထောင်ရသည်မှာလည်း ထူးခြားသော အရသာ။ တဝေါင်ဝေါင် ထွက်ပေါ်လာ တတ်သော ချေဟောက်သံသည် ဘိုးပုံပြင်ကို ပို၍ အသက်ဝင်စေသည်။

တစ်ခါတစ်ရံ အဘနှင့်အတူ ပို၍မြင့်သော တောင်များဆီ ပို၍နက်သော တောများဆီသို့ အမဲလိုက်ထွက်ရသည်။ အဖကတော့ အန္တရာယ်များသည်ဆို ကာ မခေါ်ချင်တတ်။ သို့သော် အဖရှေ့မှ ဦးစွာ ဒူးလေးထမ်း၍ ဘဒ္ဒါ ထွက်ခဲ့ သည်ချည်းပင်။





'ဘိုးရဲ့မြေး အဘရဲ့သမီး ဘဒ္ဒါပါ။ ကောင်းကောင်း အမဲလိုက်တတ်ပါ တယ် တော့' ဟု ဘဒ္ဒါ အမြဲပြောသည်။

အဘက သစ်ပင်မြင့်ကြီး၏ ဟိုးထိပ်ဖျားသို့ တက်၍ ပျားဖွပ်နေချိန် တွင် ဘဒ္ဒါက စမ်းချောင်းစပ်ထိုင်၍ မှိန်းတစ်ချောင်းဖြင့် ငါးထိုးသည်။ မှိန်း ဖျားတွင် တဖျပ်ဖျပ်ပါလာတတ်သော ငါးကြင်းများကို တံစို့ထိုး၍ မီးပုံမှာကင် သည်။ ပြီးတော့ ပူပူနွေးနွေးပင် ဘဒ္ဒါ အားပါးတရစားသည်။ တစ်ခါတစ်ခါ တော့ သစ်ကိုင်းခြောက် သစ်ရွက်ခြောက်တွေ မီးပုံရှို့ပြီး ရွှံ့ဖြင့် မံထားသော ငါးကြင်းကို မီးအုံး၍စားသည်။ ပြီးတော့ ရေတံခွန်အောက် စမ်းချောင်းမှာ ဘဒ္ဒါ ရေချိုးသည်။ တောပန်းလေးတွေကို ခြွေ၍ ရေစီးကြောင်းအတိုင်း မျှောရင်း မျောသွားသော ပန်းပွင့်လေးတွေနောက်သို့ အမိကူးလိုက်ရသည်မှာ ပျော်စရာ အကောင်းဆုံး။ ရေကူးလို့ မောသွားလျှင် ကျောက်ဖျားပေါ်မှာ ဘဒ္ဒါ တရေးတမော အိပ်သည်။ နွေးထွေးသော နေရောင်သည် တောအုပ်ကို ဖောက်ထွင်းကာ ဘဒ္ဒါ မျက်နှာပြင်ပေါ်သို့ နူးညံ့စွာ ကျဆင်းလာတတ်သည်။

'ဘဒ္ဒါရေ ထတော့လေ၊ ဘဒ္ဒါရေ ထတော့လေ' ဟု နေရောင်ခြည်က လှုပ်နှိုးတတ်သည်။

တောနက်ထဲမှ အဘပြန်ရောက်လာချိန်တွင် ဘဒ္ဒါ၏ ဘေးမှာလည်း ကျောက်ငါးကြင်းကြီးများ တစ်ပုံတစ်ပင် ရှိနေပေပြီ။ အဘ ပခုံးပေါ်မှာ ပါလာ သော သားကောင်၏ သွေးနံ့များသည် ဘဒ္ဒါအဖို့ ပန်းပွင့်တစ်မျိုး၏ အနံ့ပင် ဖြစ်သည်။ အဘ လွယ်ထားသော ပျားရည်ကျည်တောက်ကို ဘဒ္ဒါ လှမ်းယူရင်း ဖြင့်ပင် လတ်လတ်ဆတ်ဆတ် ပျားရည်ကို လက်ညှိုးဖြင့် တစ်တို့တို့၍ မွတ် သိပ်စွာ မြည်းစမ်းလိုက်သည်ချည်း။

နေစောင်းလျှင် အဘနှင့် ဘဒ္ဒါ အိမ်ပြန်ကြသည်။ အဘ ဒူးလေးကြီး ကို မနိုင့်တနိုင် ထမ်းလျက် တောင်ကြောအတိုင်း ပြေးဆင်းရသည့် ရင်တဖိုဖို အရသာကိုလည်း ဘဒ္ဒါ နှစ်သက်သည်။ ရှေ့သို့တွေ တက်နေသည့် ကျောက်တုံးများ ကို ဖြတ်ရပြီ ဆိုလျှင် အဘ၏ ဒူးလေးကြီးသည် ဘဒ္ဒါအတွက် ထိန်းမတ်ပေးသည့် ဟန်ချက်ဖြစ်လာသည်။ ရှေ့မှာ ချုံနွယ်တွေ ပိတ်နေပြီဆိုလျှင်တော့ အဘ၏ ဒူးလေးသည် တောရှင်းသည့် လက်နက်ဖြစ်သွားသည်။

တစ်ခါတစ်ရံ နောက်မှ လိုက်လာသည့် အဘကို ဘဒ္ဒါနောက်ပြောင် တတ်သည်။

အဘကို ခြေရာဖျောက်ပြီး ဖျဥ်းမပင်တစ်ပင်ပေါ်သို့ တက်၍ ပုန်းနေလိုက်သည်။ ဘဒ္ဒါ ပျောက်သွားသဖြင့် အဘက မျက်ကလဲဆန်ပျာ တကြော်ကြော်ခေါ်သည်။ ဘဒ္ဒါ အသံမပြု။ သမီးရေ...ဘဒ္ဒါ သမီးရေ...ဆိုသော အသံသည် တောတောင်ကို ပဲ့တင်ရိုက်ကာ အဘဆီသို့ ပြန်၍ လွင့်လာသည်။ ဘဒ္ဒါ အသံမပြု။ အဘ မျက်စိမျက်နှာပျက်ကာ ဘဒ္ဒါရေ...သမီးရေ...ဟု သံကုန်အော်သော အခါမှာ နွယ်ကြိုးမှတစ်ဆင့် လျှောဆင်းလိုက်သည်။ တင်းမာနေသော အဘ မျက်နှာကြီးသည် ဘဒ္ဒါ၏ ရယ်သံအောက်တွင် ရုတ်ခြည်းပင် ပြေလျော့သွားတတ်သည်သာ။

အို...သည်တော၊ သည်တောင်၊ သည်ရေတံခွန်၊ သည်ပန်းပွင့်များကို ဘဒ္ဒါ သိပ်ချစ်သည်။

မဏိပူရသည် ဘဒ္ဒါ၏ သည်းပွတ်နှလုံး။

*

မောင်းတံပေါ်မှ ခြေထောက်ကို ဘဒ္ဒါ သိမ်းလိုက်သည်။ မောင်းခွက်ထဲမှာ ဆန်များ ဖွေးဖွေးဖြူလောက်ပြီ။ မောင်းခွက်ထဲက ဆန်များကို ဘဒ္ဒါ နီးခွက်ထဲသို့ ကျုံးခပ်သည်။ သည်ညနေ ဆန်တစ်စလယ်လောက် ထောင်းလိုက်ရသဖြင့် ဘဒ္ဒါ ပင်ပန်းနေသည်။ လည်ကုပ်တွင် စို့နေသော ချွေးသီးများကို ခေါင်းစည်းတဘက်ဖြင့် သုတ်လိုက်သည်။ ထမင်းမစားခင်တော့ စမ်းချောင်းဘက်သွားပြီး ရေကူးလိုက်ရဦးမည်။ ပြီးလျှင် ထမင်း အားပါးတရ စားမည်။ အဘ ဘာအမဲပါလာမည်မသိ။ အို...ဘာပဲဖြစ်ဖြစ်၊ ထမင်းစားလို့ကတော့ မြိန်မည် မှာ သေချာသည်။ ထမင်းစားပြီးလျှင် မီးပုံဘေးမှာ လှဲကာ အဘိုး ပြောပြမည့် မကုန်မဆုံးနိုင် မုဆိုးပုံပြင်များကို နားထောင်ရဦးမည်။ ဘိုးက မုဆိုးပုံပြင်တွေကို ပြောယုံမည်ကာ မဟုတ်။ ပုံပြောရင်းဖြင့် မုဆိုးတေးချင်းတွေကိုလည်း ဆိုပြတတ်သေးသည်။

"မဏိပူရ တောင်တန်းတွေ"
မုဆိုးတို့ရဲ့ လက်ဖျံပေါ်က အကြောအမြှာများ ဖြစ်ပေ။
မဏိပူရတောင်ကြောက ကျောက်တုံးကြီးများ...
မုဆိုးတို့ရဲ့နှလုံးသား။
မဏိပူရရဲ့ ရေတံခွန်ကြီးများ...





မုဆိုးတို့ရဲ့ အသွေးအသား...။

ဘိုး ပုံပြင်များကို နားထောင်ရင်း မွေးတွေးသော အမေ့ရင်ခွင်သို့ တိုးဝင်ကာ ဘဒ္ဒါ အိပ်ပျော်သွားတတ်သည်။ ပြီးတော့ အိပ်မက်ထဲမှာ တောင်တန်းတစ်ခုမှတစ်ခုသို့ ဘဒ္ဒါ တစ်ချက်တစ်လွှား ခုန်ရုံမျှဖြင့် ရောက်သွားသည်။

"သမီးရေ...ညည်းအဘ ပြန်လာပြီနဲ့ တူတယ်။ လက်ခေါက်မှုတ်သံကြားတယ်"

အမေ့အသံ ကြားရတော့မှပင် ဘဒ္ဒါ အတွေးမှ နိုးထဖြစ်သည်။

နီးခွက်ကို စင်ပေါ်တင်ရင်းမှ ဘဒ္ဒါ နားစွင့်သည်။ တောနက်ထဲဆီမှ တကူးကူးအသံကို ကြားရသည်။ အိမ်အပြန်တွင် အဘ နှုတ်ခွန်းဆက်နေကျ အဘလက်ခေါက်မှုတ်သံကြားတိုင်း ဘဒ္ဒါ တောထဲထိ သွား၍ ကြိုနေကျ။

"ဟုတ်တယ် အမေ၊ အဘ ပြန်လာပြီ။ သမီး သွားကြိုမယ်"

တဲဝိုင်းအပြင်သို့ ဘဒ္ဒါပြေးထွက်ခဲ့သည်။

တဲဝိုင်းအပြင်တွင် ဘိုးရှင်းထားသော မြေတလင်းပြန့်ပြန့်၊ ပြီးတော့ မြေသားအတိုင်း လှေကားထစ်ဖော်ထားသည့် လှေကားဆယ်ယ်ဆင့်၊ ပြီးလျှင် ချောင်းကို ဖြတ်သည့် သစ်လုံးတံတား၊ သစ်လုံးတံတားလွန်လျှင် ကမ်းပါး၊ ကမ်းပါးပြီးလျှင် ကျွန်းတောစပ်၊ တောစပ်ပြီးလျှင် ခင်တန်း၊ ခင်တန်းပြီးတော့မှ တာရိုး၊ တာရိုးထိပ်မှကြည့်လျှင်ပင် ဟိုအဝေး တောအုပ်ထဲက ထွက်လာသော အဘကို မြင်နိုင်သည်။ ဤလမ်း၊ ဤခရီးကို ဘဒ္ဒါ မျက်စိမှိတ်၍ပင် သွားနိုင်သည်။

ဤလမ်း ဤခရီးကို ဘဒ္ဒါ အခေါက်ခေါက်အခါခါ ဖြတ်သန်းခဲ့သည်မှာ တစ်ဆယ့်ခြောက်နှစ်ရှိပြီ။ ဘဒ္ဒါ အသက်နှင့်မျှ။

သစ်လုံးတံတားပေါ်သို့ ဘဒ္ဒါ ခုန်ပေါက်၍ ကူးလာခဲ့သည်။ တံတားဟိုဘက်စွန်းသို့ ရောက်သည်။ ကမ်းပါးကို ခြေကျမိသည်။

ထိုခဏမှာပင် ဘဒ္ဒါ၏ ထက်မြက်သော အာရုံထဲသို့ သူစိမ်းတစ်ရုံဆံ၏။ အငွေ့အသက်များ ဝင်ရောက်လာလေသည်။

ဘဒ္ဒါ သိလိုက်ပြီ။

ဤတော ဤတောင်တွေဆီသို့ လူစိမ်းတွေ ရောက်နေကြပြီ။

လူနံ့၊ မြင်းနံ့။

*

တောအုပ်အစပ်ဆီတွင် အဘကို မြင်လိုက်ရချိန်မှာပင် မြောက်ဘက်တာရိုး ထိပ်ပေါ်မှာလည်း မြင်းလေးစီး ဘွားခနဲပေါ်လာသည်။ နေဝင်ဖျိုးဖျရောင်ခြည် သည် မြင်းစီးယောကျ်ားများ၏ ချပ်ဝတ်များပေါ်သို့ ကျရောက်လာသဖြင့် မျက်စိ ကျိန်းမတတ်။

မြင်းလေးစီး ဘဒ္ဒါရှိရာသို့ ကဆုန်စိုင်းလာသည်။

ရုတ်တရက်မို့ ဘဒ္ဒါ ဘာလုပ်ရမှန်းမသိ။ တာရိုးထိပ်တွင် ထီးထီးမားမား ရပ်နေမိသည်။ တောအုပ်ထဲမှ ထွက်လာသော အဘထက် မြင်းများက ပို၍ မြန် သည်။ ခြေကုန်သုတ်ပြေးလာသောအဘကို လှမ်းကြည့်လိုက်ချိန်မှာပင် မြင်း လေးစီးသည် ဘဒ္ဒါကို ဝန်းရံပြီး ဖြစ်သွားသည်။ အနီးဆုံးမြင်းက ဖက်ကြိုး အတုံ့တွင် ရှေ့ခြေကို နွာစုံမြောက်ကာ တဟီးဟီးအော်သည်။

ထိတ်လန့်တုန်လှုပ်ခြင်းများဖြင့် ဘဒ္ဒါ ဆောက်တည်ရာမရ ဖြစ်နေချိန် တွင် အဘ ရောက်လာသည်။ ဘဒ္ဒါကို အဘက ရှေ့မှ ကွယ်ထားလိုက်သည်။ အဘ ပခုံးပေါ်တွင် သားကောင်ပါမလာ။ ဘဒ္ဒါဆီ ပြေးလာရင်း လမ်းမှာပင် လွှတ်ချထားခဲ့ဟန် တူသည်။

မြင်းစီးယောကျ်ားများကား ကသည်းစစ်သည်များပင်။

မြင်းနက်ကြီးကို စီးထားသူက ဖက်ကို စုကိုင်ရင်း မေးသည်။

"ဟေ့ ဒီနားမှာ ရွာရှိသလား"

ဘဒ္ဒါကို ကွယ်ထားရင်းဖြင့် အဘ ရဲရဲစွာ ဖြေသည်။

"ရွာမရှိဘူး၊ ဒီမှာ ကျုပ်တို့ချည်းနေတယ်"

"မင်း ဘယ်သူလဲ"

"ကျုပ် မုဆိုး"

"မင်း မိသားစုကော"

"ဟိုနားမှာနေတယ်၊ ကျုပ်တို့မိသားစုချည်း နေကြတယ်"

"ဒါ မင်းသမီးလား"

"ဟုတ်တယ်"

"မင်း ဘာလူမျိုးလဲ၊ ရှမ်းလား"

"မဟုတ်ဘူး၊ ကျုပ် ကသည်း"

"ဟေ ..."





မြင်းစီးသမား၏ တင်းမာသော မျက်နှာရိပ်သည် ပြောင်းလဲသွားသည်။ ခက်ထန်နေခဲ့သော အသွင်များ ပျောက်ဆုံးသွားကာ ကျေနပ်အားရသောအပြုံး ဖြင့် မြင်းပေါ်မှဆင်းသည်။ သူဆင်းသောအခါ ကျန်မြင်းစီး စစ်သည်များလည်း လွှားခနဲ ခုန်ဆင်းလိုက်ကြလေသည်။

"ဟား ...သိသိလေးလိုတော့တယ်ဟေ့၊ ရန်သူ မှတ်ပြီး စီရင်လိုက်တော့ မလို့၊ ဟေ့ ...ရဲမက်တို့၊ လက်နက်တွေ ပြင်မနေကြနဲ့၊ သူတို့ဟာ ကသည်းတွေပဲ"

ဘဒ္ဒါ ဘာမှနားမလည်။ အဘလည်း နားလည်မည် မထင်။ မြင်းစီး စစ်သည်တွေမှာ ကြောက်စရာ ထွားကျိုင်းလှသူများ ဖြစ်သည်။ သူတို့ကိုယ်ပေါ် မှ ချပ်ဝတ်များနှင့် သူတို့ စွဲကိုင်ထားသော အဲဖောင်း လှံရှည်ကြီးများမှာလည်း ဝင်လှဆဲနေရောင်အောက်မှာ ဝင်းတလက်လက်။

သို့သော် သူတို့အသွင်မှာ ရန်ပြုမည့်အသွင်မျိုးမဟုတ်။

အဘကမူ ဘဒ္ဒါကို ရှေ့မှ ကွယ်ထားလျက်သားပင်။

ခေါင်းဆောင်ဖြစ်ဟန်တူသော စစ်သားကြီးက အဘရှေ့တွင် ရပ်လျက် လက်ပိုက်သည်။ တုတ်ခိုင် ကြီးမားသော သူ့လက်ဖျံပေါ်က ထူထပ် ကြမ်းတမ်း သော အမွေးအမှင်များကို အတိုင်းသား မြင်နေရသည်။

"မင်းတို့မိသားစု ဘယ်နှစ်ယောက် ရှိသလဲ"

စစ်သည်ကြီး၏ အသက်မှာ အဘနှင့် မတိမ်းမယိမ်း ရှိမည်။ သို့သော် သူ့ဟန်ပန်၊ သူ့စကားလုံးများမှာမူ နိုင်ထက်စီးနင်း ဆန်လှသည်ဟု ဘဒ္ဒါ ထင် သည်။

"ငါးယောက်"

အဘကလည်း သံပြတ်ဖြင့် ဖြေသည်။

"မင်းတို့တဲ ဘယ်နားမှာတုန်း"

အဘကလည်း လက်ညှိုးထိုးပြသည်။

"တို့ကို မင့်တဲဆီ ခေါ်သွား၊ အဲဒီရောက်မှ အားလုံး ရှင်းပြမယ်"

အဘ လက်မောင်းကို ဘဒ္ဒါ ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။ အဘက ဘဒ္ဒါ၏ လက်ပေါ်သို့ အုပ်ကိုင်၍ အသာအယာ ဖယ်ချသည်။ အဘ နေရာမှ မရွေ့။ စစ်သားကြီးနှင့် အဘတို့ အတန်ကြာမျှ မျက်စိချင်း ဆိုင်နေကြသည်။

"ဟား ...ဟား ...ရန်သူ မဟုတ်ပါဘူးကွ။ တဲဆီကို အေးအေးဆေးဆေး ခေါ်သွားစမ်းပါ။ တို့ကို ညနေစာလေး ဘာလေးကျွေးစမ်းပါ။ စားရင်းသောက် ရင်းနဲ့ အကျိုးအကြောင်းပြောပြပါမယ်။ စိတ်ချလက်ချသာ ခေါ်ပါ။ တို့ဟာ ..."

စစ်သားကြီးက နှုတ်ခမ်းမွေးကို လက်ဖြင့်သပ်လျက်...

"မဏိပူရ နိုင်ငံတော်ကြီးကို တည်ထောင်နေတဲ့ ခေါင်းဆောင်ကြီးဂုဏ္ဏအိန်ရဲ့ ကသည်းရဲမက်တွေပါ ရောင်းရင်းရဲ့ ဟား...ဟား...ဟား"

မြင်းစီးစစ်သည်များ အားလုံး ဝိုင်းရယ်ကြသည်။ ခင်တန်းတာရှီးတစ်လျှောက်တွင် သူတို့၏ ရယ်သံများ ရိုက်ခတ်သွားလေသည်။

*

ရှီးသားအေးချမ်းသော ဘဒ္ဒါ၏ လောကငယ်ကလေးသည် တစ်ကွေ့တစ်ဆစ်ချိုးသို့ မမျှော်လင့် မထင်မှတ်ပါဘဲ ကူးပြောင်း ချိုးကွေ့သွားခဲ့ချေသည်။ စစ်သားလေးယောက် ရောက်ရှိလာခြင်း၏ သည်မှာဘက် ဘဝသည် ဘဒ္ဒါအတွက် ပီဘိလောကသစ်၊ ဘဝသစ်။

"မင်းတို့က ဒီမဏိပူရတောကြီးတောင်ကြီးထဲမှာ မိသားစုလေးငါးယောက်နဲ့ တသီးတခြား နေထိုင်နေကြတော့ ဘာမှ မသိရှာကြဘူး။ ကသည်းတွေဖြစ်လျက်နဲ့ ကသည်းနိုင်ငံတော်ကြီးအကြောင်း မကြားနိုင်ကြဘူး ဖြစ်နေတယ်။ အေးလေ...လောကကြီးနဲ့ ကင်းကွာနေကြပေသကိုး။ အင်း...အခုအချိန်ကစပြီးတော့ မင်းတို့ ဒီလို တသီးတခြားနေလို့ မရတော့ဘူးဟေ့၊ ကသည်းလူမျိုးဖြစ်နေပြီးတော့မှ ကသည်းနိုင်ငံတော် ထူထောင်ရေးမှာ မင်းတို့ မပါမနေရ ပါရလိမ့်မယ် ကြားလား။ ဒါဟာ ခေါင်းဆောင်ကြီး ဂုဏ္ဏအိန်ရဲ့ တစ်သံတစ်မိန့်၊ တစ်အာဏာ၊ တစ်ခွာပဲကွ"

စစ်သားကြီး၏ စကားများကို ဘဒ္ဒါ ကောင်းကောင်း နားမလည်။ အဘနှင့် ဘိုးကမူ ခေါင်းတဆတ်ဆတ်ဖြင့် တအင်းအင်း နားထောင်နေကြသည်။ အဘနှင့် ဘိုးတို့ကကော တောနှင့် တောင်မှတစ်ပါး ဘာမှသိခဲ့ကြသည်မဟုတ်။ အခုမှ အသစ်အဆန်းဖြစ်ကာ တအံ့တသြ နားထောင်နေကြပုံရသည်။

"မင်းတို့ကသာ မကြားဖူးကြတာ။ ဟို...မြေလတ်ဒေသ အညာဒေသမှာ မုဆိုးချိုရွာဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီမှာ ခေါင်းဆောင်လုပ်သူက ဦးအောင်ဇေယျတဲ့။ သင်းက သူ့ရွာသူ ထန်းလုံးတပ် ဆောက်၊ လက်ရွေးစင်သွေးသောက် ရဲမက်ခြောက်ကျိပ်ဆိုလား ရွေးချယ်၊ တပ်ဖွဲ့ပြီးတော့ ဘုရင်လုပ်ပြီး နိုင်ငံတော်ကြီး ထူထောင်မလို့ လုပ်နေတာ"

မုဆိုးချိုရွာ၊ ဦးအောင်ဇေယျ ဟူသော အမည်နှစ်ခုကိုတော့ ဘဒ္ဒါ မှတ်ထားလိုက်မိသည်။





"မင်းတို့ နားလည်ထားဖို့က ခုချိန်မှာ ဘုရင်ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်သုံးဦးရှိနေတယ်။ ခုနက ပြောတဲ့ ဦးအောင်ဇေယျရယ်၊ မွန်လူမျိုး ဗညားဒလဆိုတာရယ်၊ ပြီးတော့ ငါတို့ရဲ့ ခေါင်းဆောင်ကြီး ဂုဏ္ဏအိန်ရယ်၊ အဲဒီ သုံးဦးမှာ ငါတို့ခေါင်းဆောင်ကြီးဂုဏ္ဏအိန်ဟာ တန်ခိုးအကြီးဆုံး၊ အင်အားအတောင့်တင်းဆုံး၊ ဘုန်းလက်ရုံးနဲ့ အပြည့်စုံဆုံး၊ နားလည်လား"

အဘနှင့် ဘိုးတို့ ခေါင်းညိတ်ကြသည်။

"ဦးအောင်ဇေယျပဲ ဖြစ်ဖြစ်၊ မွန်ဗညားဒလပဲ ဖြစ်ဖြစ် သူတို့နှစ်ယောက်အနက် တစ်ယောက် ဘုရင်ဖြစ်လာရင်တော့ တို့ကသည်းတွေ မျိုးပြုတ်ပြီသာမှတ်။ အေး...ခေါင်းဆောင်ကြီးဂုဏ္ဏအိန်ဘုရင် ဖြစ်လာမှသာ တို့ကသည်းတွေကောင်းစားမှာ။ ကသည်းနိုင်ငံတော်ကြီး ထူထောင်နိုင်မှာ၊ နားလည်လား"

သည်နေရာတွင် ဘိုးက ဖြတ်မေးသည်။ မဝံ့မရဲလေသံဖြင့်။

"နေပါဦးကွယ်၊ ခု နင်က ဦးအောင်ဇေယျဖြစ်ဖြစ်၊ မွန်ဘုရင်ဖြစ်ဖြစ်အုပ်ချုပ်ရင်တော့ ကျုပ်တို့ရဲ့ ဒီတော ဒီတောင်ထဲကို ဒုက္ခပေးနိုင်မလား။ ကျုပ်တို့က လူသူမနီးတဲ့ ဒီနေရာမှာ ဘယ်သူ့ကိုမှ အန္တရာယ်မပြု ဘယ်သူနဲ့မှလည်း မပတ်သက်ဘဲ အေးအေးဆေးဆေးနေကြတာပါ။ မောင်တို့ တိုင်းရေးပြည်ရာတို့နဲ့လည်း မပတ်သက်ချင်ပါဘူး"

စစ်သားကြီးက ကျည်တောက်တဲမှ သေရည်ကို မီးပုံထဲသို့ ပက်ကာ၊

"အား...တယ်နားဝေးသကိုး။ သူတို့ဘုရင်ဖြစ်လာမှတော့ ကသည်းဆိုရင် မြေပေါ်မှာ တစ်ယောက်မျှမရှိအောင် သုတ်သင်ပစ်မှာ။ ဦးအောင်ဇေယျ ဆိုရင် ပိုဆိုးမယ်။ အဲဒီလူက အင်မတန် ရက်စက်ကြမ်းကြုတ်တာ။ သူ့တပ်သားတွေကလည်း သိပ်သွေးဆာတာ။ ပြီးတော့..."

စစ်သားကြီးက ဘဒ္ဒါဆီသို့ တစ်ချက်ရေကြည့်၍–

"ပြီးတော့ အင်း...ဦးအောင်ဇေယျရဲ့ လူတွေက ကသည်းမိန်းမပျိုတွေဆိုရင်လည်း ချမ်းသာပေးတာ မဟုတ်ဘူး"

အမေ နောက်ကျောကို ဘဒ္ဒါ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားမိတော့သည်။

"ကဲ...ဘီတော့ ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့။ အခု တို့ ဒီမဏိပူရတောင်တန်းတစ်ခွင်မှာ လှည့်ပြီး ကသည်းလူမျိုးတွေ မှန်သမျှကို စုစည်းနေတာ။ နောက်တစ်ပတ်ဆိုရင် ခေါင်းဆောင်ကြီးဂုဏ္ဏအိန်ရဲ့ ရှေ့မှောက်မှာ

ကသည်းလူမျိုးတွေ အားလုံး သစ္စာရေသောက်ကြရမယ်။ အဲဒီ သစ္စာဆိုပွဲကြီး မှာ ဒီတော ဒီတောင်တြောမှာ ရှိရှိသမျှ ကသည်းတွေ အားလုံး စုဝေးရောက်ရှိနေရမယ်။ ခေါင်းဆောင်ကြီးဂုဏ္ဏာအိန်ရဲ့ ဘုန်းသမ္ဘာအောက်မှာ မခိုလှုံရင် ကသည်းတွေရဲ့ ဘေးအန္တရာယ်ဟာ တွေးဝံ့စရာမရှိဘူး။ အဲ ...ဘုန်းသမ္ဘာရိပ် ခိုလှုံသူများအဖို့တော့ ကသည်းနိုင်ငံတော်သားအဖြစ် တစ်သက်တာလုံး စိတ်အေးလက်အေးနေရမယ်"

ထိုညက ဘယ်လောက်ထိ ညဥ့်နက်အောင် သူတို့စကားပြောနေကြသည် မသိ။ ဘဒ္ဒါမှာမူ အမေ့ပေါင်ပေါ်၌ အိပ်ပျော်သွားခဲ့သည်။ မောင်ငယ်ကား အမေ့ရင်ခွင်ထဲတွင် အိပ်မောကျနေချေပြီ။

မနက်မိုးလင်းသောအခါမှ ဘဒ္ဒါ တအံ့တသြ ဖြစ်ရတော့သည်။ အမေက ရေဗူးနှင့် ရိက္ခာခြောက်များကို စုစည်းထုပ်ပိုးပြီးနေပြီ။ အဘက ဒူးလေးကို ထမ်းလျက် ကျည်တောက်ထဲသို့ မြားတံများ ထည့်နေသည်။ ဘိုးက ဆေးဝါးများကို အင်ဖက်ဖြင့် ထုပ်နေသည်။

"အဘ ဒါတွေက ဘာလုပ်နေကြတာလဲ"

ကျည်တောက်ကို ပခုံးတွင် လွယ်လျက် အဘက ဖြေသည်။

"ခေါင်းဆောင်ကြီးဂုဏ္ဏာအိန်ရဲ့ သစ္စာတော်ခံပွဲကို သွားကြမယ်လေ သမီး။ အဘတို့ဟာ ကသည်းတွေမဟုတ်လား။ ကသည်းနိုင်ငံတော် တည်ထောင်ရေးအတွက် အဘတို့ ခေါင်းဆောင်ကြီး ဂုဏ္ဏာအိန် လက်အောက်ကို ခိုဝင်ရမှာပေါ့။ ဒါမှ မဟုတ်ရင် ရန်သူ ဦးအောင်ဇေယျနဲ့ သူ့လူတွေရဲ့ ဖျက်ဆီးသတ်ဖြတ်တာကို ခံရလိမ့်မယ်။ ကဲ ...သမီး မျက်နှာသစ်ပြီးရင် ဟောဟိုမှာ ကောက်ညင်းပေါင်းနဲ့ ဆတ်သားခြောက်။ ညည်းအမေ ပြင်ပေးထားတာကို စား။ အဘတို့ ခရီးထွက်ရမယ်"

"ဟင်"

နှင်းတွေ တဖောက်ဖောက်ကျနေသော တစ်ခုသောနံနက်မှာပင် ဘဒ္ဒါ ချစ်သော တဲကလေး၊ ဘဒ္ဒါချစ်သော ဤတော၊ ဤတောင်၊ ဤရေတံခွန်၊ ဤစမ်းချောင်းတို့ကို ဘဒ္ဒါခွဲခွာခဲ့ရသည်။

နှင်းဝေသော မကိုပုရတောသည် မျက်ရည်ဖုံးနေသော ဘဒ္ဒါ၏ မြင်ကွင်း၌ ပိုး၍ပင် ဆဝါးမှုန်ရီနေချေသည်။ ဆို့ဆို့နစ်နစ်ပင် ရှေ့ရှုတ်မိသည်။

"နေရစ်ခဲ့တော့ တဲကလေးရယ်"

* * *

**[၈]**

မကိုပုရနိုင်ငံတော်တဲ့ ကသည်းလူမျိုးတွေရဲ့ တိုင်းပြည်တဲ့။ ဘဒ္ဒါ နားမလည်နိုင်ပါ။ ခေါင်းဆောင်ကြီး ဂုဏ္ဏာအိန်ဆိုသည်ကိုလည်း ဘဒ္ဒါ ကောင်းကောင်း မမြင်ဖူးပါ။ သစ္စာတော်ခံပွဲသို့ တက်ခဲ့ရသော်လည်း သစ္စာတော်ပေးသည့်အမိန့်ပြန်တမ်းကို ဘဒ္ဒါ မမှတ်မိပါ။

သစ္စာတော်ခံပွဲအပြီး လက်နက်တွေကို အပေါ်သို့ မြှောက်ချိကာ တဟေးဟေး ကြွေးကြော်ကြသံများကိုလည်း ဘဒ္ဒါ ကြောက်ရွံ့နေခဲ့သည်။ ချပ်ဝတ်တန်ဆာတွေ၊ အဲမောင်းတွေ၊ ပုဆိန်တွေ၊ ဓားတွေကို တွေ့ရသောအခါ ဘဒ္ဒါ နေစရာမရှိ။ ကသည်းတပ်ကြီး၏အလံများ တဖျပ်ဖျပ်လွင့်နေသည်ကိုပင်လျှင် ကြာကြာမကြည့်ရဲ။ ဘဒ္ဒါ အားလုံးကို ကြောက်သည်။

သစ္စာတော်ခံပွဲအပြီး အောင်သေအောင်သား စားကြသော ညစာစားပွဲကြီးအတွက် ဘဒ္ဒါတို့ မိန်းမသားများက တာဝန်ယူ ချက်ပြုတ်ရသည်။ ထမင်းဟင်းထည့်ဖို့ ငှက်ပျောဖက်တွေခင်းရသည့် တာဝန်ကျသည်။ သေစွက်နှုတ်ခမ်းချင်းတစ္ဆမ်စ္ဆမ် ထိခတ်သံတို့ကြားတွင် ဘဒ္ဒါ ကတုန်ကယင် ဖြစ်နေသည်။

အဘနှင့် ဘိုးကမူ ခေါင်းဆောင်ကြီး၏ ဒူးလေးတပ်တွင် ရာထူးရာခံများ ရသွားကြပြီဟု ဆိုသည်။ အဘနှင့် ဘိုးတို့ကိုလည်း ဘဒ္ဒါ အေးအေးဆေးဆေး တွေ့ခွင့်မရ။ အမေကလည်း စားဖိုထဲမှာ ချက်ရေး ပြုတ်ရေးဖြင့် မအားမလပ်နိုင်။ ဘဒ္ဒါအဖို့ စကားပြောတတ်ကာစ မောင်ငယ်လေးကိုသာ အဖော်လုပ်ရတော့သည်။

အားလုံး အိပ်မောကျသွားကြပြီ ဆိုတော့မှပင် စားဖိုတဲ၏ တစ်ခုသော တစ်ထောင့် တစ်ချောင်တစ်ချောင်မှာ ခိုကာ မကာ်ပုရတောကြီးထဲက ချစ်သော တဲကလေးကို လွမ်းလွမ်းဖြင့် ဘဒ္ဒါ အားပါးတရ ငိုခွင့်ရသည်။

ဘဒ္ဒါ၏ မျက်ရည်များကို မကာ်ပုရတပ်တော်ကြီးက မြင်မည်မဟုတ်။

သစ္စာတော်ခံပွဲကြီးအောက်တွင် ဘဒ္ဒါ၏ ရှိုက်သံများ တိုးတိမ်ပျောက်ကွယ်သွားရလေသည်။

ဆိုနစ်သည်းထန်စွာ ငိုရှိုက်ပြီးတော့မှ ဘဒ္ဒါ မောဟိုက်နွမ်းနယ်စွာ အိပ်ပျော်သွားခဲ့သည်။ အိပ်မက်ထဲတွင် ဘဒ္ဒါ တဲကလေးသို့ ပြန်ရောက်သွားသည်။ သို့သော် အိပ်မက်ထဲက တဲကလေး၏ အတွင်း၌ ခေါင်းဆောင်ကြီး ဂုဏ္ဏအိန်သည် တဟားဟားရယ်လျက် သစ္စာ ရေခွက်ကြီးကို ကိုင်ကာ ဘဒ္ဒါမျက်နှာရှေ့သို့ ထိုးပေးနေသည်။

ချမ်းသာစွာ အိပ်စက်ရခြင်း ပျောက်ဆုံးခဲ့ပြီ။

*

သစ္စာတော်ခံပွဲ၏ နောက်တစ်နေ့မှစ၍ စစ်ထွက်ခဲ့ကြသည်။ မကာ်ပုရ တပ်သားများအတွက် ချက်ပြုတ်ကျွေးမွေးရန် တာဝန်ဖြင့် ဘဒ္ဒါလည်း မိန်းမ သူတပ်တွင် ပါဝင်ခဲ့ရသည်။

နှစ်ရက်နှင့် သုံးည တပ်ချီအပြီးတွင် ပထမဆုံးစစ်ပွဲကို တွေ့ရတော့သည်။

ဘဒ္ဒါ၏နှလုံးကို အညှိအမည်း စွဲစေသောစစ်ပွဲ။

ဘဒ္ဒါ၏နှလုံးသည်းပွတ်များ ပြုတ်ကြွေခဲ့သည့်စစ်ပွဲ။

ဘဒ္ဒါ၏ရင် ဟင်းလင်း ပွင့်ခဲ့ရသည့်စစ်ပွဲ။

အခြားမဲ့၌မှကား ဘဒ္ဒါကို သွေးနီရောင်ဆိုးပေးလိုက်သည့် စစ်ပွဲ။

ခေါင်းဆောင်ကြီး ဂုဏ္ဏအိန်၏ မကာ်ပုရတပ်များသည် ဦးအောင်ဇေယျ၏ မုဆိုးဘိုတပ်သားများ ခားအောက်တွင် အလူးလူး အလိမ့်လိမ့် ကစဉ့်ကလျားဖြစ်ခဲ့ရချေသည်။ ဦးအောင်ဇေယျ၏ မြင်းစီးရဲမက်များသည် မကာ်ပုရတပ်တွင် ချောက်ချားမွှေနှောက်နိုင်ခဲ့ကြသည်။

မကာ်ပုရ တပ်စခန်းတစ်ခုလုံး မီးဟုန်းဟုန်းတောက်သည်။ လက်နက် ချင်း ထိခတ်သံ၊ သွေးပျက်ကမန်း အော်ဟစ်သံ၊ မီးတောက်ကြီးများ တဟဲဟဲ အော်မြည်သံ၊ မီးတောက်မီးလျှံစွဲသော ကိုယ်ခန္ဓာဖြင့် စူးစူးရွားရွား အော်ဟစ် ပြေးလွှားနေကြသူများ။





မီးတောက်ထဲတွင် ဦးစွာ မြင်လိုက်ရသူကား အဘ။

အဘ ရင်ဝယ် လှံတစ်ချောင်း စွဲဝင်နေသည်။ အဘတစ်ကိုယ်လုံး သွေး ချင်းချင်းနီလျက်။ အဘသည် အသံနက်ကြီးဖြင့် အော်ရင်း အရာအထောင် သော မြင်းခြေထောက်များ အောက်သို့ လဲကျပျောက်ကွယ်သွားသည်။

ထို့နောက် ...ဘိုး။

မြင်းပေါ်က ရဲမက်၏ ဓားသွားသည် ဘိုး၏ လည်မျိုဆီသို့။

မီးလောင်နေသော စားဖိုတဲဆီသို့ ဘဒ္ဒါ ဘယ်လိုရောက်ခဲ့သည် မသိ။

သို့သော် ဘဒ္ဒါ လုံးဝ ခပ်သိမ်း နောက်ကျသွားခဲ့ပြီ။

အမေနှင့် မောင်ငယ်တို့သည် ဟုန်းဟုန်း တောက်လောင်နေသော မီး တောက်ကြီးများ၏ အလယ်တွင် ...။

မီးတောက် မီးလျှံများ၏ အလင်းရောင်တွင် ဦးအောင်ဇေယျ၏ ရဲမက်များ ကို အတိုင်းသား တွေ့နေရသည်။ သူတို့၏ ကိုယ်ကျပ်မှာ အစိမ်းရောင်နှင့် အနီရောင်ကို တွဲ၍ ဝတ်ဆင်ထားသည်။

အစိမ်းရောင်နဲ့ အနီရောင်ကို တွဲပြီး ဝတ်ဆင်ထားတဲ့ ဦးအောင်ဇေယျ ရဲ့ ရဲမက်တွေ ...ဦးအောင်ဇေယျရဲ့ ရဲမက်တွေ၊ ရန်သူ ...ရန်သူ ...အဘ၊ ဘိုး၊ အမေနဲ့ မောင်ငယ်တို့ကို သတ်တဲ့ ရန်သူ ...ရန်သူ။

အစိမ်းရောင် ...ပြီးတော့ အနီရောင်။

အစိမ်းရောင် ...အနီရောင်။

*

ဘာကြောင့် ရူးသွပ်မသွားသလဲဟု ဘဒ္ဒါ တွေးမိသည်။ ဖြစ်ခဲ့သမျှ အားလုံးတို့ကို မေ့ပျောက်နိုင်စွမ်းသည့် သူရူးဘဝကို လိုချင်သည်။ ဘာကိုမှ အမှတ်မရတော့သည့်ဘဝ။ ဗလာဟင်းလင်းဖြစ်သော ရင်၌ ရူးသွပ်ခြင်းမှအပ ဘာမှ မရှိသောဘဝ။

သို့သော် ဘဒ္ဒါ ရူးမသွား။

မီးတောက်ကြီးတွေ၊ ဓားတွေ၊ လှံတွေကြားထဲမှ အစိမ်းရောင်နှင့် အနီ ရောင်ကို မပြတ်မြင်နေသည်။ အစိမ်းရောင်နှင့် အနီရောင်တို့သည် ခပ်သိမ်း သော အာရုံတို့တွင် စွဲဝင်နစ်မြုပ်နေသည်။

တမူးလမ်းမှသည် သောင်သွပ်စခန်း၊ မကာ်ပုရနယ်စပ်။

ထို့နောက် တောင်တန်းပေါင်းများစွာ၊ မြစ်တွေ၊ ချောင်းတွေ များစွာ၊ တောအုပ်တွေ များစွာကို ဖြတ်သန်းခဲ့ရသည်။ ခေါင်းဆောင်ကြီး ဂုတ္တအိန်လည်း ဘယ်ရောက်သွားမှန်း မသိတော့။ မိမိကို ဘယ်သူတွေက ပြုစုခေါ်ဆောင်လာသည်ကိုလည်း မသိတော့။

တရိပ်ရိပ် ဖြတ်သန်း ပြောင်းလဲသွားသော ဖြစ်ရပ်များကို မမြင်သော ကြည့်ခြင်း၊ မကြားသော နားထောင်ခြင်းဖြင့် ကြုံတွေ့ရင်ဆိုင်ခဲ့ရသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ နိုင်ငံတော်ကို တည်ထောင်ပြီ။

ကုန်းဘောင်မင်းဆက်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာသည်။

လက်အောက်ခံ ပြည်သူများကို အစိုင်အခဲ အာဏာသက်ရောက်စေခဲ့ပြီ။

“ကနစိုးရွာကို သွားကြမယ်ဟေ့”

“ကနစိုးရွာမှာ အခြေချမယ်ဟေ့”

“ဘဒ္ဒါ…ဘဒ္ဒါ ဘတို့နဲ့အတူ ကနစိုးရွာကို လိုက်ခဲ့နော်၊ သမီးကို ဘတို့ အားလုံး ငြိမ်းချမ်းသာယာတဲ့ ဘဝမှာ ထားပေးပါမယ်။ မင်းတရားကြီးရဲ့ ဘုန်းတော်ရိပ်မှာ သမီး အေးချမ်းစွာ စိုလှုံရပါစေမယ်”

ကနစိုးရွာ…တဲ့။

မြင်နေရသော်လည်း မသိ။ ကြားနေရသော်လည်း မသိ။

သိနေသည်မှာ အစိမ်းရောင်နှင့် အနီရောင်။

*

အဘ၊ ဘိုး၊ အမေနှင့် မောင်ငယ်တို့ကို မမှုမပျောက် ရှိစွာဖြင့်ပင် ဒူးလေးကို ဘဒ္ဒါ ကိုင်ခဲ့သည်။ ကနစိုးရွာသူကြီးကပေးသော အလုပ်တွေကို လုပ်သည်။ ရွာအပြင်ထွက်ပြီး အမဲလိုက်သည်။ အမဲကို သူကြီးဆီ ပေးမည်။ ရွာမှာ လုပ်စရာရှိတာလုပ်မည်။ ပြီးရင် ရွာစည်းရိုးမြှော်စင်ထက်သို့ တက်ပြီး ဟိုးအဝေးအရပ်ဆီသို့ မျှော်ငေးမည်။ ဒါဆိုလျှင် ဘဒ္ဒါ ဟူသော ကသည်းမိန်းမ တစ်ယောက်၏ ရှင်သန်နေထိုင်မှုသည် ပြည့်စုံကုံလုံပြီ။

ထိုနေ့ကတော့ သူတို့ပင် ကြမ္မာငင်လေသည်လား။ ဘဒ္ဒါပင် ရူးသွပ်သွားမလားမသိ။





ရွာကင်း မျှော်စင်ထက်မှာ ဘဒ္ဒါတစ်ယောက်တည်း ရှိနေသည်။ အလှည့်ကျကင်းစောင့်သမားချင်း ကင်းအလှည့်လဲနေချိန်။ ခါတိုင်းလိုပင် ရည်ရွယ်ချက်မဲ့စွာ ဆွတ်ပျံ့တွေဝေစွာ အဝေးဆီသို့ ကြည့်နေမိချိန်။

ဟိုအဝေးဆီမှ တရိပ်ရိပ်အသွင်သဏ္ဌာန်များကို တွေ့လိုက်ရသည်။

မြင်ကွင်းသဲကွဲလာသည်။ မြင်းလေးစီး။

အနီးသို့ရောက်လာသည်။ ဘဒ္ဒါ တစ်ကိုယ်လုံးရှိ သွေးများ ဆူပွက်သွားသည်။

အစိမ်းရောင်နှင့် အနီရောင်ဝတ် မြင်းစီးရဲမက်တွေ။ ဘဒ္ဒါလက်သည် ဒူးလေးညို့ပေါ်သို့ အလိုလိုရောက်သွားသည်။ ထို့နောက် အဆိပ်လူးမြားဦးကို အစိမ်းအနီဝတ် မြင်းစီးယောက်ျားဆီသို့ ချိန်ရွယ်လျက်။

* * *

[၉]

“ကျုပ်က မတ္တရာအုတ်ဖိုသား ဗိုလ်မင်း။ အညာသားစစ်စစ်၊ မတ္တရာအုတ်ဖိုဘက်မှာ တွေ့ရှမ်းဂုဏ္ဏာအိန် ကြီးစိုးကတည်းက မခံနိုင်လို့ အရပ်တစ်ပါး ရွှေ့ရင်းပြောင်းရင်း ဒီကနစိုးကို ရောက်လာတာ၊ မင်းတရားကြီး မုဆိုးဘိုမှာ ဗိုလ်ဝင်ခံပြီး ဂုဏ္ဏာအိန်သစ္စာလာပေးတာကို ငြင်းလိုက်ကတည်းက တိုင်းပြည်ကြီးမှာ ဘုန်းရှင် ကံရှင် ဘုရင်မင်းကောင်းမင်းမြတ်တော့ ပေါ်ပြီလို့ ကျုပ်တွက်ခဲ့တယ်။ မဏိပူရကို သိမ်းတာ ဟိုလွန်ခဲ့တဲ့ နှစ်နှစ်က မဟုတ်လား။ အဲဒီမှာလည်း မင်းတရားကြီးဟာ ဂုဏ္ဏာအိန်တို့လို မဟုတ်ဘဲ၊ လက်အောက်ရောက်ပြီးသား ကသည်းပြည်ကို မဖိမနှိပ်ဘဲ ကသည်းအမတ် ချန်ဒရိုမိုနေကို ပြန်အုပ်ချုပ်ခိုင်းတာ ကျုပ်သိတယ်။ ဒီသတင်းတွေအပြင်လည်း ပြည်တိုက်ပွဲ၊ သံလျင်တိုက်ပွဲ၊ အခု အယုဒ္ဓယပွဲအထိပေါ့။ ဗိုလ်မင်း၊ မင်းတရားကြီးရဲ့ ယောကျ်ားထူး၊ ယောကျ်ားမြတ်သတင်းတွေကို ကျုပ်တို့ ဒီကနေ ကြားနေရတာပါ။ ကျုပ်တို့ဟာ မင်းတရားကြီး ဘုန်းတော်ရိပ် ခိုလှုံတဲ့သူတွေပါ”

သူကြီးက ညဦးပိုင်း သူ့အိမ်ဧည့်ခံပွဲတွင် မင်းတရားကြီးအကြောင်းကို တသသပြောမဆုံး ရှိနေသည်။

“အယုဒ္ဓယပွဲမှာ မင်းတရားကြီး နာမကျန်းဖြစ်လို့ စစ်ဆောင်းပြီး စစ်ပြန်ဆုတ်ခဲ့တဲ့ သတင်းကိုလည်း ကြားတယ်။ မင်းကြီးမင်းခေါင်နော်ရထာရဲ့တပ်က နောက်ဆုံးကနေစစ်ခံရင်း လိုက်လာတာလည်း ကြားတယ်။ မင်းခေါင်နော်ရထာ ဗိုလ်တွန်းဆိုတာ ကျုပ်တို့ သိပ်ကြည်ညိုလေးစားတဲ့ တပ်မင်းကြီးပေါ့ဗျာ။ ဒါပေ





မယ့် တပ်မင်းကြီးတပ်က ခုလို ရိက္ခာကို တခဲတယဉ်း ရှာနေရမယ်လို့ မထင်ခဲ့မိဘူးလေ”

စက္ကုရက တစစ်စစ်ကိုက်ခဲနေသော ပခုံးမှဒဏ်ရာကို ပွတ်သပ်ရင်း စကားမဆို နေမိလေသည်။

“မင်းခေါင်နော်ရထာ ဗိုလ်တွန်းတပ်ကဆိုတော့ ဗိုလ်မင်းတို့ကိုလည်း ကျုပ်တို့ လေးစားပြီးသားပါ။ စစ်ဆုတ်စစ်ပြန်လမ်းမှာ ဒီဘက်လာပြီး ရိက္ခာမရှာပေဘူးထင်လို့ ရုတ်တရက် အထင်လွဲသွားတာပါ။ ရွာသားတွေကလည်း တောပုန်းလူဆိုးတွေ ထင်ပြီး လက်နက်စွဲကြတာပါ ဗိုလ်မင်း၊ ဒီအတွက် ခွင့်လွှတ်ပါ”

“ဗိုလ်မင်း ပခုံးက ဒဏ်ရာကို သက်သေထားပြီး ခွင့်လွှတ်ပါတယ် သူကြီး”

သမန်ကြီးက မကျေနပ်သံဖြင့် ဝင်ပြောလေသည်။ ရွာသားများမှာ အားတုံ့အားနာကြီးစွာဖြစ်ကြဟန်ဖြင့် ခေါင်းငိုက်စိုက်ချချနေကြသည်။ သူကြီးက ကပျာသလဲဖြင့်

“ကျုပ် အနူးအညွတ် တောင်းပန်ပါတယ်၊ ဘဒ္ဒါ မနက်က ဈေးစင်ပေါ်တက်သွားတာလည်း မမြင်လိုက်လို့ပါ၊ တစ်ခုတော့ ရှင်းပြပါရစေ ဗိုလ်မင်းရယ်”

အမှတ်တမဲ့ပင် စက္ကုရသမန်ငယ်ကို လှမ်းကြည့်လိုက်မိသည်။ သမန်ငယ်ကလည်း လှမ်းအကြည့် သူ့ပြုံးစစ မျက်လုံးများကို တွေ့ရလေသည်။

ဘဒ္ဒါ။

ရိက္ခာအတွက် တစ်နေ့ခင်းလုံး ကနစိုးသူကြီး၊ ရွာသားများနှင့်အတူ အစုအဆောင်း၊ အလဲအလှယ်အလုပ်များနေခဲ့သည့်အတွက် ဈေးစင်ထက်မှနေ၍ ဒူးလေးဖြင့် ပစ်ခဲ့သော ထိုမိန်းမပျိုအကြောင်း တွေးရန် အချိန်မရခဲ့။ ဘဒ္ဒါဆိုသော မိန်းကလေးကို မတွေ့ဖူးသေးသော်လည်း နေ့လယ်က ရိက္ခာစုဆောင်းသည့် သူကြီးအိမ်ရှေ့ တလင်းပြင်တွင် ဘဒ္ဒါ ရောက်လာခဲ့သည်ကို သတိပြုမိသည်။ ဘဒ္ဒါ ရောက်လာလျှင် သမန်ငယ်က ပြောပေမည်။ ယခုည ထိုအမည်ကို ကြားရပြန်ပြီ။

စက္ကုရ တိတ်ဆိတ်ငြိမ်သက်စွာ ရှိသည်။

“ကျုပ် အားနာလွန်းလို့ မပြောခဲ့တာပါ။ ဗိုလ်မင်းနဲ့ သွေးသောက်ကြီးတို့ စိတ်ထဲမှာ ဘာမှ စနိုးစနောင့် မထားကြပါနဲ့၊ အမှန်တော့ ဘဒ္ဒါဟာ ကသည်းမလေး”

"အာဝေး...ဝေး...သူက ကသည်းမ"

သမန်ငယ်က ကသည်းသံဖြင့် ဖြည်တမ်းလိုက်လေသည်။

"ဟုတ်တယ် သွေးသောက်ကြီး။ ဒီလိုပါ၊ ဒီကနစိုးရွာဟာ ကျုပ်တို့ မတ္တရာအုတ်ဖိုသားတွေ အများစုနေတဲ့ရွာပါ။ စတည်တာလည်း ကျုပ်တို့ပဲ။ ဒါပေမယ့် ရွာတည်ဖို့ တောရှင်းစ ကာလမှာပဲ တမူးအာသံသောင်သွပ်ဘက် ဆီက မဏိပူရရွယ်တွေ ဒီဘက်ဆင်းလာကြတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကပေါ့။ မင်းတရားကြီး မဏိပူရ အာသံကို အသိမ်းမှာ မင်းတရားလက်အောက် အကျ မခံဘူးဆိုပြီး ကသည်းအိမ်ထောင်စုတွေ ရောက်လာကြတယ်။ အမှန်တော့ သူတို့ဟာ ကွေ့ရှမ်း ဂုဏ္ဍာအိန်ရဲ့ မှိုင်းမိနေခဲ့သူတွေပါ။ မင်းတရားကြီးကို အဆိုးမြင်နေကြတယ်။ မဏိပူရကို ကျူးကျော်သိမ်းပိုက်တယ်ပေါ့။ ဒီရွာကို ရောက်လာတော့ ကျုပ်တို့က မင်းတရားကြီးနဲ့ သူ့သွေးသောက် သူရဲကောင်းတွေ အကြောင်း ပြောပြတာနဲ့ အခုတော့ နားလည်သွားကြပါပြီ"

"ဒါနဲ့များဗျာ အဲဒီ ဘဒ္ဒါဆိုတဲ့ ကောင်မလေးက"

"သွေးသောက်ကြီး၊ ဘဒ္ဒါဟာ မဏိပူရတိုက်ပွဲမှာ သူ့မိဘသားချင်းတွေ အားလုံးကို ဆုံးရှုံးခဲ့ရတယ်။ ကွေ့ဂုဏ္ဍာအိန်ရဲ့ တပည့်တွေကိုး။ သူ ဒီရောက်လာ တော့ မိဘမဲ့၊ ဆွေမျိုးမဲ့ တစ်ကောင်ကြွက်အဖြစ်နဲ့ ရောက်လာတာ။ သူ့မှာ အထီးကျန်အားငယ်စိတ် ရှိတယ်။ ကသည်းသွေးပီပီ အတေးအမှတ်ကြီးတယ်။ သူ့ဘဝပျက်ခဲ့တာဟာ မင်းတရားကြီးနဲ့ သူ့တပ်တွေကြောင့်လို့ သူ စွဲနေတုန်း ပဲလေ။ ငယ်ကလည်းငယ်၊ စိတ်လိုက်မာန်ပါလည်း လုပ်တတ်လေတော့ သူ့ကို ခုထိ နားချလို့ မရဘူး။ ဒါပေမယ့် ဘဒ္ဒါဟာ ဟောဒီကနစိုးရွာက မိန်းမသူတွေ ထဲမှာ အတော်ဆုံး လယ်သူမ၊ သတ္တိအရှိဆုံး ဒူးလေးသမား"

အတော်ဆုံး လယ်သူမ၊ သတ္တိအရှိဆုံး ဒူးလေးသမား။

ထူးခြားစွာ တွဲဖက်နေသော ဂုဏ်ပုဒ်နှစ်ခုကို စက္ကူရု သတိထားလိုက် မိသည်။

"ပြီးတော့...အလှဆုံးဗျ"

လူအုပ်ထဲက ရွာသားတစ်ယောက်၏ အသံပေါ်လာသဖြင့် အားလုံး ရယ်မောကြလေသည်။

"ဗိုလ်မင်းတို့လာတာကို သူ မျှော်စင်ပေါ်ကနေ အဝေးကြီးကတည်းက စတွေ့ပုံရပါတယ်။ ဘာကြောင့် မျှော်စင်ပေါ်ရောက်နေသလဲတော့ မသိဘူး။





နောက် အနားရောက်လာတော့ ဗိုလ်မင်းတို့ မြင်းနဲ့ ဝတ်စုံကို သူမြင်လိုက်တာမှာ သူ့ထုံးစံအတိုင်း စိတ်လိုက်မာန်ပါ လုပ်တော့တာပဲ။ ဗိုလ်မင်း အနာသက်သာပါ တယ်နော်"

သူကြီးက စက္ကူရု၏လက်ကို ကိုင်ကာ ပြောလေသည်။

"သက်သာပါတယ်"

ပခုံးမှအနာသက်သာလာသည်မှန်သော်လည်း မသိတတ်နိုင်သော တစ်နေ ရာရာတွင် မဖော်ပြနိုင်သော အနာတစ်ခုဖြစ်နေသလိုလိုလည်း စက္ကူရုထင်သည်။

"ဟော့...ဒါနဲ့ ဘဒ္ဒါတစ်ယောက်ပျောက်နေပါလား။ တစ်နေ့လုံးမတွေ့မိ ဘူး။ မမြင်မိကြဘူးလား"

သူကြီးက ရွာသားများဘက် လှည့်မေးလေသည်။ အဖြေမထွက်လာ။

"မြားတစ်စင်း ထပ်ချွန်နေသလားမှမသိ"

သမန်ငယ်က ဝင်ပြောလိုက်သည်။

"အား...မဟုတ်ပါဘူး၊ သွေးသောက်ကြီး။ ဒီကောင်မလေးဟာ စိတ် လိုက်မာန်ပါ လုပ်တတ်ပေမယ့် စိတ်ကောင်းရှိပါတယ်။ မနက်က ကိစ္စအတွက် သူ ရှက်လို့၊ အားနာလို့ ပုန်းနေတာ ထင်ပါတယ်။ ဘဒ္ဒါတွေ့ရင် ဒီလွှတ်လိုက် စမ်းပါဟော၊ ဗိုလ်မင်းကို တောင်းပန်ခိုင်းရမယ်၊ ဒီကောင်မလေး"

"နေပါစေသူကြီး"

စက္ကူရုက အေးဆေးစွာ ပြောလေသည်။

သူကြီးက စက္ကူရုကို လေးစားသော မျက်လုံးများဖြင့် ကြည့်ကာ၊

"ဗိုလ်မင်းက တကယ့်စစ်သည်ကောင်းပဲ၊ စကားသိပ်နည်းတယ်နော်။ စကားမပြောဘူး။ လုပ်စရာရှိတာပဲ လုပ်တယ်"

"ဒါပေမယ့် ဗိုလ်မင်းက ပြောစရာရှိ တကယ်ပြောဗျ"

တပ်မှူး ဣန္ဒသူက ပြုံးရယ်လျက် ဝင်ပြောသည်။

"သို့ပေမယ့် ဒီလို ပကတိ အနေနဲ့မျိုးနဲ့တော့ စကားမပြောဘူး၊ ဟုတ် တယ် မဟုတ်လား သမန်ကြီး"

ဣန္ဒသူက ပြောပြောဆိုဆို သမန်ကြီးဘက် လှည့်၍ မျက်စပစ်ပြသည်။

"အား...ဟုတ်ပ၊ သေမှုမှ စကားပြောတာ"

"ဟာ...အဆင်သင့်ပါ၊ အဆင်သင့်ပါ။ သွေးသောက်ကြီးတို့ ဘာများ ပြောစရာရှိသေးသလဲ စောင့်နေတာပါ။ ဟော့...ယူခဲ့ကြပါဟော့"

သေရည်ဝိုင်း စလေသည်။ သူကြီးနှင့် ရွာသားများပါ တရင်းတနှီး သောက်ကြသည်။ စက္ကူရုမှာ သူကြီးပေးသော နှီးခွက်နှင့် သမန်ငယ်ပေးသော ခွက်ကို တစ်လှည့်စီယူနေရသည်။ ဝေသီမှုးယစ်လာသော အာရုံတွင် မျှော်စင်ထက်က အရိပ်သဏ္ဌာန်က ဝိုးဝါးထွေပြားစွာ ပေါ်လာသည်။ သေတစ်ခွက်ပြီး တစ်ခွက် သောက်သည့်တိုင် သမန်ညီနောင်၊ သူကြီးနှင့်တကွ ရွာသားများက 'ဗိုလ်မင်း စကားပြောပါ၊ စကားပြောပါ' ဟု တဖွဖွပြောကြသော်လည်း စက္ကူရု စကားတစ်စ မထုတ်ဖြစ်။ နှုတ်ကို ဆွံ့ရလွန်းလေသည်။

မျက်လုံးများ ဖွင့်မရတော့သည့် နောက်ဆုံး တစ်ခဏတွင်မှ နားနားသို့ ကပ်ပြောလိုက်သော သမန်ငယ်၏ စကားတစ်ခွန်းကိုသာ ကြားလိုက်မိပြီး စက္ကူရု အိပ်ပျော်သွားခဲ့သည်။

“မနက်က မြားတံဟာ ပခုံးရှပ်ထိတာမှ ဟုတ်ရဲ့လား ဗိုလ်မင်း။ ရင်အုံကို ဖောက်ပြီး နှလုံးကိုများ ဝင်စွဲနေလေရောသလား”

*

မြားအစင်းပေါင်း များစွာတို့ ပျံသန်းလာကြသည်။ ကောင်းကင်တစ်ခွင်လုံး မြားတံတွေ ပြည့်နေသည်။ မြားတံအထောင် အသောင်းတို့သည် ကစဉ့်ကလျား မဖြစ်ကြဘဲ မိမိ၏ မျက်နှာ၊ ရင်အုံဆီသို့ တစ်စင်းပြီးတစ်စင်း ဝင်လာနေကြသည်။ မျက်လုံးကို မှိန်သည်။ မြားတံကို ပြန်နုတ်သည်။ သွေးမထွက်။ နာကျင်ခြင်းမရှိ။

“ဟော…မပစ်ပါနဲ့…မပစ်ပါနဲ့”

အော်ဟစ် တားမြစ်နေရင်းမှ တစ်စင်းပြီးတစ်စင်း ဝင်စိုက်သော မြားတံများကို ဆွဲနုတ်ပစ်နေရသည်။ နေရာလပ်မရှိ မြားတံစိုက်ဝင်သော်လည်း ပကတိ နာကျင်ခြင်းမရှိ။ သွေးမယိုစီး။

“မပစ်နဲ့ … မပစ်နဲ့လေ”

အော်ဟစ်တောင်းပန်ရင်း မြားတံတွေကို တစ်စင်းပြီးတစ်စင်း နုတ်ပစ်နေရသည်။ ပစ်သူထံ မြားကုန်သွားသည်။ စိုက်ဝင်သမျှသော မြားတံများ အားလုံး နုတ်ပြီးသွားသည်။ သို့သော် …

မြားတစ်ချောင်း ကျန်နေသည်။ ဆွဲနုတ်မရ။ အစွဲအမြဲ စူးဝင်လွန်းသည့် လက်ဝဲဘက်ရင်အုံ၊ နှလုံးပေါ်မှာ။





တစ်စင်းတည်းသော ထိုမြားကြောင့်ပင် ချက်ချင်း တစ်ကိုယ်လုံးသို့ အဆိပ်များ စီးပျံ့ကုန်ကြသည်။ နာကျင်ကိုက်ခဲလာသည်။ ပူပြင်းခြောက်သွေ့သော လည်ချောင်းနှင့် ရင်မှ ရေကို အတိုင်းအဆမရှိ ငတ်မွတ်လာသည်။

“ရေ…ရေ…”

“လှဲနေရှင်၊ ကျွန်မ ရေယူခဲ့မယ်”

အသံတစ်သံ ကြားလိုက်ရပြီးနောက် နှုတ်ခမ်းတွင် အေးမြစွတ်စိုသော အတွေ့ကိုရသည်။ အငမ်းမရ သောက်ချလိုက်သည်။

“ယူဦးမလား ဗိုလ်မင်း”

ပီသ ပြတ်သားစွာ ကြားလိုက်ရသဖြင့် မျက်စိ ဖွင့်ကြည့်လိုက်သည်။ တဝေ့တဝိုက် အပြေပြေ အလျှော့လျှော့ ဆံနွယ်တို့အကြားမှ ဝင်းဝါသော မျက်နှာလှတစ်ခု။ နီးကပ်စွာ ရှိလေသည်။

“မင်း…”

“ကျွန်မ ဘဒ္ဒါပါ ဗိုလ်မင်း”

မျက်နှာလှ၏ မျက်ဝန်းအိမ်တို့ စိုစွတ်တောက်ပြောင်လာကြကာ မျက်နှာ ပိုင်ရှင်သည် ဒူးတုပ်၍ လက်အုပ်ချီ ကန်တော့လေသည်။

“ကျွန်မကို ခွင့်လွှတ်ပါ ဗိုလ်မင်း”

လုံးဝန်းသော ပခုံးတို့ကို အယောင်ယောင် အမှားမှား ဆုပ်ကိုင်မိလေသည်။ ပြန်မော့လာသော မျက်နှာလှ၏ ပါးပြင်တွင် မျက်ရည်ပေါက် သွယ်တန်းစီးကျလျက်။

ချောက်ချားဖွယ်အိပ်မက်သည် ဆွတ်ပျံ့ဖွယ် ပကတိအဖြစ်၌ မယုံနိုင်စရာ၊ လှပစွာ အဆုံးသတ်လေသည်။

* * *

## [၁၀]

"တပ်မှူး ဣန္ဒသူ ဆိုရင်တော့ လည်မျိုထိပြီး ချက်ချင်းကျမှာပဲ။ အခု ဗိုလ်မင်းက တပ်မှူးကို တွန်းအဖယ်၊ ဗိုလ်မင်းကို ထိတာဆိုတော့ တစ်ခါတည်း ကျွန်တော် ပြောသလို လက်ဝဲဘက်ရင်အုံကို ဖောက်ပြီး နှလုံးကို ဝင်စွဲတော့ တာပဲ မဟုတ်လား"

သမန်ငယ်က ရယ်ရယ်မောမော ပြောရင်း ဆန်စလွယ်အိတ်များကို မြင်းကုန်းနှီး၌ ချည်နေသည်။

"အေးပေါ့ကွ၊ တပ်မှူးသာထိရင်တော့ တိုတိုက်ပွဲဖြစ်ပြီမှတ်၊ ဟဲ...ဟဲ... တပ်မှူးထိရင် စစ်၊ အခုဟာက ဗိုလ်မင်းကို ထိတဲ့အတွက် အချစ်၊ ဟား ဟား ဟား"

"ဟား...ဟား...ဟား...ဟား"

သမန်ကြီး သမန်ငယ် ညီအစ်ကိုနှစ်ယောက် ရောရောလိုက်ဖက်ကြချေ သည်။

"ဆောကောင်တွေ၊ ဝမ်းခေါင်းသံကြီးတွေနဲ့ ရယ်မနေကြစမ်းနဲ့၊ ရွာသား တွေ ကြားသွားရင် မလျော်ဘူး"

"ကြားသွားတော့ သူတို့က ပြောမှာပေါ့ ဗိုလ်မင်းရဲ့၊ ပုဆိုးတန်းတင် လှည့်ပါတော့လို့"

"တော်စမ်းပါကွာ"

"ဝမ်းသာနေလို့ပါ ဗိုလ်မင်းရယ်၊ ဗိုလ်မင်းနဲ့ ဖူးစာဆုံတဲ့ ဘဒ္ဒါဟာ ကသည်းမလေး ဖြစ်နေလို့ ကျွန်တော်တို့ ပီဝမ်းသာနေတာပါ"





"ဟုတ်တယ်ကွ သမန်ငယ်။ ဘဒ္ဒါက ကသည်းမဆိုတော့ ဗိုလ်မင်းလည်း မင်းတို့နှစ်ကောင်ရဲ့ နှမလင် ဖြစ်သွားကရော"

ဣန္ဒသူကပင် တရင်းတနှီး ဝင်ပြောလာလေသည်။

စက္ကုရ မျက်နှာတင်းတင်းပြုလျက် ပြောလိုက်သည်။

"ငါတို့ ရဲဘော်သနှာမဟုတ်ကြသေးဘူး၊ ဒီအချိန်လေးအတွင်းမှာ ငါ သူ့ကို သုံးခွန်းစကားပြောလို့ ဖြစ်မလား"

"ဒါဖြင့် မနက်အစောက သူကြီးအိမ်ဝိုင်း တည်င်းခြံအောက်ကွပ်ပျစ်မှာ ဗိုလ်မင်း ဘာတွေ ပြောခဲ့သလဲ။ ဘဒ္ဒါက ခေါင်းငုံ့နေတယ်၊ ဗိုလ်မင်းက အနားမှာ တတွတ်တွတ် ပြောလို့လေ"

"မင်းတရားကြီးနဲ့ ငါတို့တပ်တွေအပေါ်မှာ သူ့အမြင်မလွဲရအောင် ငါ ပြောပြနေခဲ့တယ်။ မဏိပူရကို မင်းတရားကြီး သိမ်းတယ်ဆိုတာမှာ စစ်မက်ကို မွတ်သိပ်လို့ ဘုန်းအာဏာစက် ချဲ့ထွင်ချင်လို့ မဟုတ်တဲ့အကြောင်း၊ အဝနိုင်ငံ တော် ယိမ်းယိုင်ပျက်စီးပြီး ဂုဏ္ဍာအိန်တို့လိုမျိုးနွယ် ခေါင်းဆောင်လူမိုက်အနည်းစု တွေရဲ့ မိုက်မဲမှုကို ထိန်းမတ်စုစည်းဖို့ဖြစ်တဲ့အကြောင်း ဒါတွေပဲ ငါ ပြောခဲ့တာ"

"သူက ဘာပြောသလဲ ဗိုလ်မင်း"

"အယုဒ္ဓယစစ်ကို မေးတယ်။ အယုဒ္ဓယကို တိုက်တာကော ဘုန်းအာဏာ စက်ချဲ့တာ မဟုတ်ဘူးလားတဲ့။ ငါလည်း ငါ သိထားတာ ပြောပြတယ်လေ။ ထားဝယ်ကျေးလက်ရွာစွန်ကို အယုဒ္ဓယဘုရင် ထိပါးလာလို့ သူ့ကျူးကျော်မှုကို စစ်တုံ့တဲ့အကြောင်း"

"ပြီးတော့ ဘာပြောသေးသလဲ ဗိုလ်မင်း"

"မနေ့က အဖြစ်အတွက် ငါ့ကို တောင်းပန်တယ်"

"ဗိုလ်မင်းက ဘာပြောလိုက်သလဲ"

"ငါ ခွင့်လွှတ်ထားတာပဲကွ၊ ဘာပြောရမလဲ"

"ဒီတော့ သူက ဘာပြန်ပြောသလဲ ဗိုလ်မင်း"

"ငါက အာ...ဒီကောင်တွေ သွားစမ်း၊ သွားကြစမ်း၊ ဆန်စလွယ်အိတ် တွေ ထပ်ချည် သွားယူ"

ဣန္ဒသူနှင့် သမန်ညီအစ်ကိုတို့ တဟားဟားရယ်ရင်း စက္ကုရအနားမှ ထွက်သွားကြလေသည်။

နွေးထွေးသော ဝေဒနာ တစ်စုံတစ်ရာက စက္ကူရုထံတွင် ကျန်ရစ်ခဲ့သည်။ မင်းတရားကြီးနှင့် တိုက်ပွဲများအကြောင်းကို ပြောအပြီးတွင် 'ကျွန်မကို ခွင့်လွှတ်ပါ ဗိုလ်မင်းရယ်'ဟု မျက်ရည်တဝဲဝဲ ပြောခဲ့လေသော ဘဒ္ဒါ၏ မျက်လုံးများ ကို မြင်ယောင်နေသည်။ တောင်းပန်စကားကိုဆိုသော မျက်လုံးများ စူးရဲပြီး ပြက်နေကြသည်ကိုလည်း မှတ်မိနေသည်။ ထို့နောက် နီမြန်းသော ပါးပြင်ရှိသည့် မျက်နှာကို အောက်သို့ချကာ ကွယ်ဝှက်လိုက်သည်ကိုလည်း မှတ်မိနေသည်။ ထို့နောက် ဘဒ္ဒါသည် ရှေ့မှောက်မှ ပြေးထွက်သွားခဲ့လေသည်။

တစ်နေ့ခင်းလုံး ဘဒ္ဒါ ပေါ်မလာတော့။

ရိက္ခာတို့လည်း အလုံအလောက် ရရှိခဲ့ပြီ။ ကနစိုးရွာတွင် တစ်အိမ်စ နှစ်အိမ်စမှအပ တစ်ရွာလုံးလိုလို ဆန်နှင့်ဆားကို လက်ဝတ်ရတနာ ရွှေငွေမယူဘဲ စေတနာဖြင့် ပေးအပ်ကြသည်။ စလွယ်အိတ်များတွင် ရိက္ခာတို့ကို ခွဲဝေထုပ်ပိုးခဲ့ပြီးပြီ။

ပြန်ချိန်နီးသည်အထိ ဘဒ္ဒါပေါ်မလာခဲ့။

"ဗိုလ်မင်း အားလုံး အသင့်ဖြစ်ပါပြီ"

ဣန္ဒသူက အာကာကို ဆွဲယူလာပြီး ဇက်ကို လှမ်းပေးသည်။

ရွာစည်းတံခါးဆီသို့ မြင်းကို ဆွဲခဲ့သည်။ မျှော်စင်ကို အဖြတ်တွင် မျှော်စင်ထက်သို့ ကြည့်မိလေသည်။ စည်းရိုးတံခါးမှ ထွက်သော ခြေလှမ်းတို့လည်း ဆုတ်ဆိုင်းတုံ့နှေးနေကြသည်။

သူကြီးနှင့် ရွာသားများက သမန်ညီနောင်တို့နှင့်အတူ နောက်မှ လိုက်လာရင်း စကားတဖောင်ဖောင် ပြောမဆုံး ရှိကြသည်။

ရွာစည်းတံခါး အပြင်ရောက်သည်အထိ ဘဒ္ဒါကို မတွေ့ရသေး။

"တပ်မင်းကြီး မင်းခေါင်နော်ရထာဗိုလ်တွန်ကို ကနစိုးရွာက ဦးညွှတ်လိုက်ကြောင်း ပြောပြပါ ဗိုလ်မင်း"

"ကောင်းပြီ သူကြီး"

"ဗိုလ်မင်းတို့လည်း ကနစိုးကို ထပ်လာကြပါဦး"

"အင်း..."

မြင်းပေါ်သို့ ကိုယ်စီတက်လိုက်ကြသည်။ မျှော်စင်ထက်သို့ တစ်ခါ၊ ရွာစည်းတံခါးမှတစ်ဆင့် ရွာတွင်းသို့ လှည့်၍ တစ်ခါကြည့်မိပြန်သည်။

အရိပ်အရောင်သော်မျှပင် မမြင်ရ။





လေးလံလွန်းသော ရင်မှ ဝေဒနာကို မဖျောက်ပစ်ရန် စတင် ကြိုးစားလိုက်စဉ်မှာပင်၊

"ဟောဟိုဟာ ဘဒ္ဒါ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ် ဘဒ္ဒါ"

"ကြည့်ပါဦး၊ တစ်ကိုယ်လုံး ရေတွေ ရွှဲနစ်လို့ ဒီကောင်မလေး"

လှုပ်လှုပ်ရွရွ အသံများကြောင့် ရွာအဝင်အပြင်လမ်းဘက်သို့ တုန်လှုပ်စွာ လှည့်ကြည့်လိုက်မိလေသည်။ ပြေးလာသော ဘဒ္ဒါကို တွေ့ရသည်။

"ဘဒ္ဒါ နင့်လက်ထဲက"

"ငါးပတ်တွေ ဝရီးရဲ့၊ တစ်မနက်ခင်းလုံး ဖမ်းရတယ်။ မိုးရွာထားလို့ အဖမ်းခက်လိုက်တာ လွန်ပါရော"

ဘဒ္ဒါလက်ထဲတွင် တံစို့ကင်ထားသော ငါးများ။ အခြားတစ်ဖက်တွင် ငါးမျှားတံနှင့် မှိန်းကို စုကိုင်ထားသည်။ ဘဒ္ဒါသည် သူကြီးရှေ့မှ ဖြတ်ကျော်ကာ ရွာသားများကို တွန်းတိုက်ဖယ်ရှားကာ စက္ကူရု၏ မြင်းအနီးတွင် ရပ်လိုက်လေသည်။

"ကျွန်မကိုယ်တိုင် ရွာမိ ရွာဘတွေဆီမှာ စားသောက်နေတာမို့ ဆန်နဲ့ဆားမရှိဘူး ဗိုလ်မင်းရယ်။ ဒါပေမယ့် ဘဒ္ဒါ တစ်ခုခုပေးလိုက်ချင်လို့ပါ။ ဗိုလ်မင်းတို့အတွက် အရာမထင်လောက်ပေမယ့် ဘဒ္ဒါ ကြိုးစားပြီး..."

လက်ထဲမှ ငါးပတ်များကင်ထားသော တံစို့ကို စက္ကူရုဆီသို့ လှမ်းပေးသည်။ စကားကိုမူ အဆုံးမသတ်။ စက္ကူရုလှမ်းယူလိုက်သည်။ တံစို့ ပူနွေးဆဲ။ ငါးပတ်ကင်များမှ မွှေးကြိုင်သော အနံ့ထွက်ဆဲ။

"ချက်ချင်းဖမ်း၊ ချက်ချင်းကင်ခဲ့တာပါ ဗိုလ်မင်း"

မျက်နှာငုံ့သွားပြန်သည်။ တဖွေးဖွေး ဆံနွယ်ကြီးများက ပခုံးထက်သို့ အိစခဲ့ ဖြာကျသွားကြလေသည်။

"ကျေးဇူးတင်ပါတယ် ဘဒ္ဒါ၊ ကျုပ် မမေ့ပါဘူး"

အားမထုတ်ရဘဲလျက် လှိုက်လှဲထိခိုက်စွာ ရင်မှာ ပြည့်လျှံစွာ ပြောဖြစ်သွားသည်။

"သွားမယ်နော်"

"ဟုတ်ကဲ့"

ပြန်မော့လာသော မျက်နှာပြင်တွင် မနက်ကကဲ့သို့ပင် စွတ်စိုရွှန်းပြက်သော မျက်လုံးရွဲကြီးများကို တွေ့ရလေသည်။ သို့သော် နွမ်းနယ်စွာ ပြုံးနေသည့် နှုတ်ခမ်းများကိုလည်း တွေ့ရပြန်သည်။

ခွဲခွာရခြင်းကို စိုးရွံ့နေသည့်အတွက်ကြောင့်ပင် မြင်းဇက်ကို အကုန်ဖွင့်လိုက်တော့သည်။

သမန်ငယ်က အမီလိုက်လာရင်း မြင်းချင်းယှဉ်လျက် အော်ပြောသည်။

"ကျွန်တော်တို့ ကသည်းတွေအဖို့ ငါးပတ်ဆိုတာ အမြန်ကွတ်ဆုံး စားစရာ။ အမြတ်တနိုးအထားဆုံးလက်ဆောင်ပဲ ဗိုလ်မင်း"

* * *

[၁၁]

တိတ်ဆိတ်သော မျက်နှာများထက်က မျက်လုံးပေါင်းများစွာတို့သည် အပြန်အလှန်ကြည့်နေကြသည်။

အောင်ပွဲခံ ပြည်တော်ဝင်ခရီးကို ကြိုတွေးကာ ရယ်သံ၊ အော်သံ၊ နောက်ပြောင်ကျီစယ်သံ ကြူးဝါးသံမစဲ ရှိခဲ့လေသော တပ်မကြီးတွင် ယခု အသံအားလုံး ဆိတ်နေသည်။

ထူးထူးခြားခြား တိတ်ဆိတ်တင်းမာနေသော တပ်သားတို့၏ မျက်နှာများရှေ့မှဖြတ်ကာ စက္ကူရုတို့တပ်စခန်းထဲ ဝင်လာကြသည်။ မင်းခေါင်နော်ရထာ၏ တဲအနီးတွင် ရဲမက်တို့ စုရုံးနေကြသည်။ သို့သော် ဆူဆူညံညံမရှိ။ ရိုကျာသယ်၍ပြန်လာသော စက္ကူရုတို့ကိုလည်း ခါတိုင်းလို အော်ဟစ်နောက်ပြောင်၍ ကြိုဆိုခြင်း မရှိ။ စက္ကူရုတို့ကိုပင် မမြင်ဖူးသလို ကြည့်နေကြသည်။ ဣန္ဒသူ၏ တပ်ဖွဲ့မှ တပ်သားများကလည်း တပ်မှူး ဣန္ဒသူကို ကြိုဆိုနှုတ်ဆက်ခြင်း မရှိ။

မြင်းဇက်ကိုဆွဲကာ တပ်စခန်းတွင်း လမ်းလျှောက်ဝင်လာသော စက္ကူရုတို့ လေးယောက်နှင့် မြင်းလေးစီးတို့မှာ သူစိမ်းတစ်ရုံဆံလို ဖြစ်နေသည်။

သမန်ကြီးက 'ဗမာ့ကောင်တွေ' ဟု တစ်ခွန်းလှမ်းပြောလိုက်သော်လည်း မည်သူမျှ တုံ့ပြန်ပြောဆိုခြင်း မရှိ။

စက္ကူရုသည် မင်းခေါင်နော်ရထာ၏ တဲဆီသို့သာ ရှေးရှုသွားလေသည်။

မြင်းဇက်ကို ရဲမက်တစ်ယောက်၏ လက်ထဲသို့ထည့်ပေးလိုက်ပြီး စက္ကူရု တဲထဲသို့ ဝင်ခဲ့သည်။ တဲထဲတွင် မင်းခေါင်နော်ရထာထိုင်နေသည်။ မင်းလှ

စည်သူ၊ ဒိဗ္ဗပျံချီ၊ ကုန္တပျံချီ၊ မင်းထင်ကျော်သူနှင့် အခြားအမည်မသိ တပ်မှူးတစ်ယောက် တပ်မင်းအနီးတွင် ဒူးထောက်လျက်၊ တင်ပျဉ်ခွေလျက်။ သူတို့ပိဘိ တိတ်ဆိတ်လွန်းကြချေသည်။ မင်းခေါင်နော်ရထာက စက္ကုရကို မျက်လွှာပင့်၍ ကြည့်သည်။ တပ်မင်း၏ မျက်လုံးမှ ရီဝေခက်ထန်နေကြသော အရိပ်အငွေ့တို့ကို အတိုင်းသားတွေ့လိုက်လေသည်။ စက္ကုရ ချောက်ချားသွားသည်။ တစ်တပ်လုံး ကြောက်မက်ဖွယ် တိတ်ဆိတ်တင်းမာနေသည့်အကြောင်းကို မေးရန် စကားဟလိုက်စဉ်မှာပင်။

မင်းခေါင်နော်ရထာက လက်ပြလိုက်သည်။

တပ်မှူးတစ်ယောက်က စက္ကုရထံလျှောက်လာသည်။ သူ့လက်ထဲတွင် စာချွန်ဗူးတစ်ခု။ ထိုတပ်မှူးကို စက္ကုရမသိ။ မင်းခေါင်နော်ရထာတပ်မှ မဟုတ်ကြောင်းတော့ သိလိုက်သည်။ သူ ဘယ်တပ်ကနည်း။

တပ်မှူးက စာချွန်ဗူးကိုဖွင့်၍ အထဲမှ စာလွှာလိပ်ကို စက္ကုရထံသို့ ပေးလိုက်သည်။ စာလွှာလိပ်ကို ဖွင့်သော စက္ကုရလက်များ တုန်နေကြလေသည်။

**တပ်မင်း မင်းခေါင်နော်ရထာ**

**နှင့်**

**တပ်မ သွေးသောက်ရဲမက်များ**

ဘုန်းတော်ကြီးဘုရား၊ မုတ္တမကျေးကင်းရွာတွင် လပြည့်
ကျော် ဆယ့်နှစ်ရက်နေ့ အရုဏ်မိုးသောက်မှာ ကံတော်ကုန်
ပြီ...။

ရင်ထဲမှာ တုန်သွားသည်။

နောက်ကျောဆီက ပြင်းထန်သော သက်ပြင်းရှိုက်သံကြီးတစ်ခု ကြားလိုက်ရသည်။ စက္ကုရနောက်မှ ကပ်လိုက်လာသော သမန်ကြီး၏ သက်ပြင်းသံ။

"ဆက်...ဖတ်ဦး...စက္ကုရ"

မင်းခေါင်နော်ရထာက တိုးညင်းတင်းမာစွာ ပြောသည်။

သည်တော့မှပင် သဝဏ်မပြီးသေးကြောင်း သတိထားမိတော့သည်။ 'ကံတော်ကုန်ပြီ' ဟူသော စာလုံးနောက်မှ စာကြောင်းများ ဝိုးတဝါးဖြစ်နေသည်။





'မင်းခေါင်နော်ရထာ၏တပ် မုတ္တမမြသိန်းတန် ဘုရား
သို့ အပြင်းချီခဲ့ရမည်။ မျိုးရိက္ခာမပို၊ မျိုးရိက္ခာ ကိုယ်တိုင်လည်း
မရှာနှင့်။ သွေးသစ္စာစည်းကြရန်သာ။ မုတ္တမသို့ ချီခဲ့ရမည်။
အမိန့်တော်ကို ကျူးလွန်ကျူးသသူ၏တာဝန်"

**မြေဒူးမင်း**

"အဲဒါပဲ စက္ကုရ၊ ဝမ်းနည်း ကြေကွဲခြင်းနှင့် အထင်လွဲမှား အစော်ကားခံရခြင်း နှစ်ခုစလုံး ကို ခံစားနေရတယ်။

"ငါ ရှည်ရှည်ဝေးဝေး မပြောလိုဘူး။ မြေဒူးမင်းသားရဲ့ သဝဏ်ကရှင်း နေတယ်။ တပ်မှူး မင်းရှင်းပြလိုက်။ စက္ကုရတို့ မသိသေးဘူး"

အမည်မသိတပ်မှူးက သဝဏ်ကို ပြန်လိပ်ရင်း ပြောသည်။

"ကျွန်တော် မင်းကြီး မင်းလှနော်ရထာတပ်ကပါ။ မြေဒူးကိုယ်တော်အမိန့်နဲ့ ဒီသဝဏ်လာပို့သူပါ။ မုတ္တမ မြသိန်းတန်ဘုရားမှာ မြေဒူးကိုယ်တော်အမိန့်နဲ့ ဗိုလ်မှူး၊ တပ်မှူးတို့ သွေးသစ္စာ စည်းကြပ်ကြဖို့ ရှိပါတယ်။ စစ်တောင်းမြို့သူကြီးခေါင်းသူကြီးတွေကိုလည်း ဆင့်ဆိုပြီးပါပြီ။ စစ်ဆုတ်စစ်ပြန် တပ်တွေအနက် ဗိုလ်မင်းတို့တပ်ပဲ ကျန်ပါတော့တယ်။ ကျန်တာကတော့ သဝဏ်မှာပါတဲ့အတိုင်းပါပဲ"

တပ်မှူးက အလိုအပိုမရှိသော စကားဖြင့် စက္ကုရကို ပြောပြသည်။

"အိမ်ရှေ့ကိုယ်တော်ကြီးကော"

"နေပြည်တော်မှာပဲ ရှိပါတယ်"

"မုတ္တမကျေးကင်းရွာကို မလာဘူးလား"

"အိမ်ရှေ့စံဆီကို ဘုန်းတော်ကြီးဘုရား ကံတော်ကုန်ကြောင်း သဝဏ်ပို့ထားဆဲ ရှိပါသေးတယ်"

"မြသိန်းတန်ဘုရားမှာ သွေးသစ္စာ စည်းကြပ်တာ ဘာသဘောလဲ"

တပ်မှူးထံမှ အဖြေမရ။

စက္ကုရရင်ထဲတွင် နာကျင်သော ဒေါသဖြစ်တည်လာသည်။

"မျိုးရိက္ခာကိုယ်တိုင်မရှာရ၊ သစ္စာ စည်းကြပ်ရန် မုတ္တမသို့ အမြန်ချီ၊ ကျူးသသူရဲ့ ဝန်တာဆိုတာ ဘာသဘောလဲ"

တပ်မှူးထံမှ အဖြေမရ။

စက္ကရုစကားများ ပေါက်ကွဲလွင့်စဉ်ထွက်လာသည်။

"ကျုပ်တို့ တပ်ကို ပုန်စားပုန်ကန်လို့ သတ်မှတ်ချင်သလား။ မင်းတရားကြီး မရှိတော့မှ ကျုပ်တို့ကို မယုံမကြည် ဖြစ်လာတာလား။ စစ်ဆုတ်ခရီးတစ်လျှောက်မှာ မျိုးရိုက္ခာနဲ့ သတင်းထောက် လှမ်းမိအောင် ရမိရရာရှာစားကြရတာကို မသင့်မတင့်ကျင့်ကြတယ်လို့ ဆိုလိုတာလား။ စစ်ဆုတ်လမ်းမှာ နောက်ဆုံးကလိုက်ပြီး စစ်ခံခဲ့တဲ့ ကျုပ်တို့တပ်ကို အမိန့်တော် ကျူးသသူဆိုတဲ့ စကားနဲ့ စကားဦးသမ်းပြီး စွပ်စွဲပုတ်ခတ်တာလား"

ပြောရင်းဖြင့် စက္ကရု တစ်လှမ်းချင်းတိုးသွားသည်။ တပ်မှူးမှာ ချက်ချင်းခက်ထန် ကြမ်းကြုတ်သွားသော စက္ကရုကို ထိတ်လန့်စွာ နောက်သို့ တရွေ့ရွေ့ ဆုတ်သွားလေသည်။

"စက္ကရု"

မင်းခေါင်နော်ရထာ၏ အော်ဟစ်တားမြစ်သံကြောင့် စက္ကရုရှေ့သို့ တိုးနေရာမှ ရပ်သွားသည်။

"အထောက်တော်တပ်မှူးရောက်လာကတည်းက တို့အားလုံး မင်း အခု ပြောတဲ့ စကားတွေကို ပြောရင်း နာကျင်ကြေကွဲခဲ့ကြရပြီ။ မင်း မပြောနဲ့တော့။ တို့ဟာ အမှုတော်ကို သက်စွန့်ဆံဖျား ထမ်းရင်းနဲ့ပဲ အထင်အမြင်လွဲ အစော်ကားခံလိုက်ရသူတွေ ဖြစ်သွားကြပြီ။ မင်းတရားကြီးအလောင်းတော် နေပြည်တော် မရောက်ခင် မြေမကျခင်မှာပဲ မြေဒူးမင်းသားဆီက ဒီအသံမျိုးကြားရတာ ငါ အသည်းနာမဆုံးဘူး။ ဒီတော့..."

မင်းခေါင်နော်ရထာသည် ဒဏ်ရာရသော ကျားကြီးတစ်ကောင်လို ဝုန်းခနဲ ထရပ်လိုက်လေသည်။

"ဒီမှာရှိတဲ့ ဗိုလ်မှူး၊ တပ်မှူး၊ ဗိုလ်မင်း၊ သွေးသောက်ရဲမက်တွေ အားလုံး ငါ အပါအဝင် အားလုံး တစ်ဝမ်းတစ်စိတ် တစ်သားတည်း ရှိကြတယ်လို့ ငါ ယုံတယ်။ ဘယ်နှယ်လဲ"

စူးရှသော မျက်လုံးများဖြင့် မင်းခေါင်နော်ရထာ၏ စကားကို သဘောညီညွတ်ကြောင်းပြလိုက်ကြသည်။

"ဣန္ဒသူ၊ မင်းက ခရီးလမ်းကျွမ်းကျင်တယ်။ မင်း နေပြည်တော်ကို သွား။ အိမ်ရှေ့စံကိုယ်တော်ကြီးဆီ ငါ့သဝဏ် အမြန်သွားပေး။ သဝဏ်ထဲမှာ မြေဒူးမင်းသား မုတ္တမ မြို့သိမ်းတန်ဘုရားမှာ သွေးသစ္စာစည်းကြပ်ကြောင်း မဖွယ်မရာကြံကြောင်း ငါ ရေးလိုက်မယ်။ မင်းတရားကြီး အမိန့်ချခဲ့ပြီးသား။ ကိုယ် တော်လွန်ရင် သားတော်ကြီးငယ်စဉ်ဆက် နန်းဆက်စံရမယ်ဆိုတာ အားလုံး သိပြီးသား။ မြေဒူးဟာ ကိုယ်တော်ကြီးထက် အငယ်ပဲ။ ဣန္ဒသူ ခရီးထွက်ဖို့ပြင်"

မင်းခေါင်နော်ရထာ၏ အမိန့်၌ အားလုံးတည်ကြလေသည်။

"မုတ္တမကို ငါ မချီဘူး။ ငါ့တပ်ထဲက လိုက်သွားချင်သူ ရှိရင် ဟောဒီ တပ်မှူးနဲ့ အခု လိုက်သွား၊ ငါ့အကြည်အသာ ခွင့်ပြုတယ်"

"မြင်းတစ်ကောင်တောင် မလိုက်ပါဘူး တပ်မင်း"

ဒီဗ္ဗပုံချိက အံကြိတ်ရင်း ပြောလေသည်။

"ကောင်းပြီ၊ ဟေ့...တပ်မှူး မြေဒူးစားကို ပြောလိုက်၊ ဖြောင့်မတ်သူရဲ့ နှလုံးသားဟာ သူတစ်ပါးရဲ့ အထင်လွဲမှု အမည်းစက်တစ်စက်ကိုတောင်မှ မခံမရပ်နိုင်ဘူးလို့။ ငါ တောင်ငူကြောင်းက ပြန်မယ်။ အခု တပ်ထွက်မယ်။ ဆိုင်ရာဦးစီးမှူးတွေ တပ် အသင့်ပြင်"

စက္ကရုနောက်မှ ငိုရှိုက်သံတစ်ခု ဖြစ်ပေါ်လာသည်။

လှည့်ကြည့်လိုက်သောအခါ သမန်ငယ် ဖြစ်နေသည်။ သူ့ရဲ့ကောင်း မင်းယောကျ်ားကြီးတစ်ဦး၏ ရှိုက်သံနှင့် မျက်ရည်ကို တွေ့ရခြင်း၌ စိတ်နှလုံး ထိခိုက်လှခြင်း ဖြစ်သောကြောင့် စက္ကရု မခံမရပ်နိုင်စွာ သမန်ငယ်ကို ကြိမ်းမောင်းမည် ပြုလိုက်သည်။

သို့သော် သမန်ငယ်ထံမှ ရှိုက်သံဝလုံးဝထွေးဖြင့် ထွက်ပေါ်လာသော စကားများကြောင့် စက္ကရု ပြောခွင့်မရလိုက်တော့။

"ကျွန်တော် ငိုပါရစေ ဗိုလ်မင်းရယ်။ မင်းတရားကြီးမျက်နှာတော် လွှဲသွားပြီဆိုတာ သိရလို့လည်း ကြေကွဲ ထိခိုက်ရပါတယ်။ ကျွန်တော်တို့ကို ဒီလို သဝဏ်မျိုးစေလိုက်လို့လည်း ဒေါသဖြစ်တယ်။ ကျွန်တော် အခု ငိုပဲငိုချင်တယ်။ ကျွန်တော့် ရင်ခေါင်းထဲမှာ ဆို့နေလွန်းလို့ပါ။ ကျွန်တော် ငိုပါရစေ"

သမန်ငယ်၏ ပခုံးထက်သို့ ဖက်လိုက်ကာ တင်းကျပ်စွာ ဖျစ်ညှစ်လိုက်သည်။

တပ်ထွက် တံပိုးသံနှင့် မောင်းသံတို့က တပ်စခန်းပေါ်သို့ ဖုံးလွှမ်းသွားကြလေသည်။

*

အချိန်တိုတိုတောင်းတောင်း အတွင်းမှာပင် အဖြစ်သနစ်များက လျင်မြန်စွာ ဖြစ်ပေါ်သွားကြသည်။

မင်းတရားကြီး၏ သစ္စာအရှိဆုံး၊ အရဲဝံ့ အထက်မြက်ဆုံး မင်းခေါင်နော်ရထာသည် မင်းတရားကြီး၏ မျက်စိတစ်မှိတ်သည်မှာဘက် ကာကကလေးတွင် ပုန်စားဖီဆန်သူ ဖြစ်သွားချေပြီ။

ယခင်က တပ်မင်းကြီးမင်းခေါင်နော်ရထာ၊ ယခု သူပုန်သူကန်ခေါင်းဆောင်။

ထိုအခါ ယခင်က စက္ကရလည်း ဗိုလ်မင်း၊ ယခု သူပုန်တပ်ဗိုလ်။

မင်းခေါင်နော်ရထာနှင့်တကွသော တပ်အလုံးသည် တောင်ငူကြောမှ ပြန်သည်။ 'တောင်ငူကနေပြီးမှ နေပြည်တော်ကို ဝင်မယ်၊ နောင်တော်ကြီးမင်းဆိုဝင်ပြီး ဖြစ်ရပ်မှန်ကို ငါ ရှင်းပြမယ်'ဟု မင်းခေါင်နော်ရထာဆိုခဲ့သည်။

သို့သော် တောင်ငူစားက မြို့တွင်းအဝင်မခံ။ 'ဗိုလ်တွန်းနှင့် သူ့တပ်သည် မင်းတရားကြီးမရှိသည့်နောက်ဝယ် အမိန့်တော်ကို ဖီဆန်ကြပြီ'ဟူသော သတင်းကြောင့် တောင်ငူစားက မင်းခေါင်နော်ရထာကို ဖမ်းမည်ပြုလေသည်။

မြို့နန်းကျုံးနန်းကို မရောက်ခင်မှာပင် တောင်ငူစား အခြေမလှသည်ကို ရိပ်မိသော မင်းခေါင်နော်ရထာက မြင်းဇက်ကို ပြန်လှည့်လိုက်သည်။ ထိုမြင်းဇက်အလှည့်မှာပင် အရှေ့ရှေ့တိုသည် ဆန့်ကျင်ဘက်သို့ ကူးပြောင်းသွားသည်။

"ငါဟာ ပုန်စားသူလို့ သတင်းဖြစ်နေတယ်။ ဒီသတင်း မမှန်ကြောင်းနဲ့ မြေဒူးမင်းသား ငါ့အပေါ် အမြင်လွဲကြောင်း၊ မြသိန်းတန် သွေးသစ္စာစည်းကြပ်ပွဲကို ငါ လက်မခံနိုင်ကြောင်း နောင်တော်ကြီးမင်းကို လျှောက်တင်ဖို့ ငါလာခဲ့တယ်။ အခုတော့ တောင်ငူစားက ငါ့ကို ဖမ်းမလို့ လုပ်တယ်။ နန်းတော်က နောင်တော်ကြီးမင်းလည်း ငါ့ကို ပုန်စားလို့ သတ်မှတ်လိုက်ပြီ။ ငါ အသတ်မှတ်ခံလိုက်ရပြီ။ ငါတို့ရဲ့ ရိုးဖြောင့်တင်းမာတဲ့ နှလုံးသားများဟာ မင်းတရားကြီးနဲ့အတူ သေဆုံးသွားကြရပြီ။ အခု ငါ တကယ်ပဲ ပုန်စားတော့မယ်။ ဘယ်သူ့မျက်နှာ၊ ဘယ်သူ့သစ္စာကိုမှ ငါ ထောက်ထားစရာ မလိုဘူး။ ငါ အဝကို ချီမယ်။ အဝကို သိမ်းမယ်။ မင်းတို့ သေသေချာချာ စဉ်းစားပြီးမှ ငါနဲ့ လိုက်ခဲ့ကြ။ အခုအကြိမ်ဟာ ဆုံးဖြတ်ပြီးရင် ပုန်စားသူ၊ သူပုန်သူကန်ဖြစ်မှာပဲ။ မင်းတို့ နှစ်သက်ရာ ရွေး၊ ငါခွင့်ပေးတယ်။ ငါနဲ့ အဝလိုက်မလား၊ ရတနာသိင်္ခ နေပြည်တော်ပြန်ကြမလား"





မြင်းတစ်စီးတပ်ထဲမှ ထိုးထွက်လာကာ မင်းခေါင်နော်ရထာ၏ နောက်သို့ ဝင်ရပ်သည်။ မြင်းပေါ်တွင် စက္ကရ။

ထို့နောက် မြင်းနှစ်စီး၊ သမန်ကြီး သမန်ငယ်။

ထို့နောက် ...။

အယုဒ္ဓယမှ တပ်နုတ်လာစဉ်ကအတိုင်း။ မြင်းတစ်စီး၊ ရဲမက်တစ်ယောက်မကျန် မင်းခေါင်နော်ရထာနောက်မှ လိုက်ခဲ့ကြလေသည်။ အင်အားမယွင်း၊ တပ်သားမချို့။

သို့သော် မင်းခေါင်နော်ရထာ၏ တပ်မှူးများအနက် တစ်ယောက်သော တပ်မှူးမှ ပါမလာခဲ့တော့ပေ။ ထိုသူကား နောင်တော်ကြီးမင်းထံ သဝဏ်ပို့ခိုင်းလိုက်သော တပ်မှူးဣန္ဒသူ ဖြစ်သည်။

ရတနာသိင်္ခ နေပြည်တော်၏ အကျဉ်းကြေးတိုက်တွင်းတွင် နောင်တော်ကြီးမင်း အမိန့်တော်ဖြင့် တပ်မှူး ဣန္ဒသူ ရောက်ရှိနေလေသည်။

အဝကို မင်းခေါင်နော်ရထာ လုပ်ကြသည့် အချိန်မှာပင် နောင်တော်ကြီးမင်းသည် သတိုးမင်းစောဘွဲ့ခံ ညီတော် မြေဒူးမင်းသားကို နန်းရံထားလိုက်သည်။

အဝကို မင်းခေါင်နော်ရထာရသည်။ စက္ကရ အဝမြို့စောင့်တပ် ဗိုလ်မှူးဖြစ်လာသည်။ သမန်ကြီး သမန်ငယ်တို့ တပ်မှူးအဆင့် ရလာကြသည်။ ကာလအချိန်အခါနှင့် အခြေအနေတို့ ပြောင်းလဲသည်နည်းတူ၊ အဝကို မင်းခေါင်နော်ရထာ သိမ်းပိုက်တပ်စွဲပြီး သုံးလအတွင်းမှာပင် အပြောင်းလဲကြီး ပြောင်းလဲသွားသူတစ်ယောက် ပေါ်လာသည်။

ထိုသူကား အဝမြို့စောင့်တပ်မှူး ဖြစ်လာသူ စက္ကရပင်တည်း။

မုဆိုးဘို ထန်းလုံးတပ်မှ မွေးဖွားလာသော တပ်သားစက္ကရ၊ ပြည်ရေကြောင်း တိုက်ပွဲတွင် အိုးစားမှူးဖြစ်လာသော စက္ကရ၊ အင်္ဂတိုက်ပွဲတွင် သွေးသောက်ကြီးဖြစ်လာသော စက္ကရ၊ သံလျင်တိုက်ပွဲအပြီးတွင် တပ်မှူးဖြစ်လာသော စက္ကရ။ အယုဒ္ဓယစစ်ချီပွဲအစတွင် ဗိုလ်မင်းဖြစ်လာသော စက္ကရ။ သည်နှစ်နှစ်ကာလ၏ အခြားတစ်ဖက်၌ သေဆုံးသွားခဲ့ပေပြီ။ ယခု အဝမြို့စောင့်တပ်ဗိုလ်မှူး စက္ကရအဖြစ် မွေးဖွားလာသော စက္ကရကား တပ်တော်သားတို့ တစ်ခါမှ မတွေ့မမြင်ဖူးသည့် စက္ကရ ဖြစ်လာလေသည်။

သည်အဖြစ်ကို ပထမဆုံး သတိထား တွေ့ရှိအံ့သင့်ကြရသူများကား သမန်ကြီးနှင့် သမန်ငယ်။

ထိုနေ့က အဝမြို့ရိုး၏ သူရဲရိုများတစ်လျှောက် စက္ကူရုလှည့်လည်စစ်ဆေးရာနောက်သို့ သမန်ကြီးနှင့် သမန်ငယ်တို့လိုက်ပါကြရသည်။ စက္ကူရု၏နောက်မှ လိုက်ပါရင်း သမန်ကြီးက သမန်ငယ်ကို တိုးတိုးပြောလေသည်။

"သမန်ငယ် မင်း ညက သေလွန်ခဲ့သလား"

"ဟင့်အင်း၊ ဘာဖြစ်လို့လဲ"

"ငါလည်း အလွန်အကျွံ မရှိခဲ့ပါဘူး"

"အေးလေ၊ ခု ဘာဖြစ်နေလို့လဲ"

"ငါ သေသနံ့ရနေတယ်"

သမန်ငယ်က အနံ့ခံကြည့်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် မင်းရော ငါပါ မဟုတ်လေတော့ ဗိုလ်မင်းဆီကပဲ ဖြစ်ရမယ်"

သမန်ညီနောင်တို့မှာ စက္ကူရုကို ဗိုလ်မင်းဟုပင် နှုတ်ကျိုးနေကြသည်။

"ဟော...ဟုတ်ပါ့မလား၊ ဗိုလ်မင်းက ဒီလောက်သောက်သလား"

သမန်ငယ်က ခေါင်းကို လေးတွဲ့စွာ ခါယမ်းရင်း စက္ကူရု မကြားအောင် ပြောလေသည်။

"အစ်ကို မင်းက အဲဒီမောင်းတပ်စုမှာ အလုပ်များနေလို့ ခုတစ်လော ဗိုလ်မင်းနဲ့ မတွေ့ဘူး ဖြစ်နေတာ။ ငါက သေနတ်တပ်စုမှာ လေ့ကျင့်ပေးနေရလို့ ဗိုလ်မင်းနဲ့ သုံးရက်တစ်ခါလောက် တွေ့တယ်၊ တွေ့တိုင်း ဗိုလ်မင်း သေယစ်နေတာပဲ"

"ဟော..."

"သူ တစ်နေကုန် တစ်နေခန်း သောက်တယ်ကွ"

"မင်း မပြောဘူးလား"

"ငါ မပြောရဲဘူး၊ ဗိုလ်မင်းဟာ ဟိုတုန်းကလို မဟုတ်ဘူး၊ ဟိုတုန်းက သူ့မျက်နှာဟာ ငြိမ်ပြီး လေးနက် အေးဆေးတဲ့ မျက်နှာ၊ အခုတော့ တစ်ခုခု ကိုတွေးပြီး တင်းမာခက်ထန်နေတဲ့ မျက်နှာကွ၊ ငါတို့အပေါ် ဆက်ဆံတာ တောင် ဟိုတုန်းကလို ဟုတ်သေးလား၊ မင်း သတိထားကြည့်"

"ငါကတော့ အတွေ့နည်းလို့ သိပ်မသိဘူး၊ ပြောစမ်းပါဦး"





သူရဲရိုပေါက်တစ်ပေါက်ကို စစ်ဆေးရာမှ ပြန်လှည့်လာသော စက္ကူရုကို တွေ့ရသောကြောင့် သမန်ငယ်က မျက်နှာအရိပ်အကဲပြကာ ငြိမ်နေလိုက်သည်။

"သမန်ကြီး သမန်ငယ်"

"ဟုတ်ကဲ့ ဗိုလ်မင်း"

"မင်းတို့ပြန်လှည့်ကြ၊ သေနတ်စုကနေစောင့်၊ ငါ ဒီမှာ စစ်ပြီး လာခဲ့မယ်၊ သေနတ်ရဲမက်တွေကို စက်ကွင်းပစ်ဖို့ အသင့်ပြင်ထားခိုင်း"

"ဟုတ်ကဲ့ ဗိုလ်မင်း"

မြို့ရိုးဘက်က ကုန်းကမူအတိုင်း ဆင်းလာရင်း သမန်ငယ်က စကားဆက်လေသည်။

"ဟိုတုန်းက ဗိုလ်မင်း စကားမပြောတာက သူ့ပင်ကိုအတိုင်း စကားကိုနည်းလို့ကွ၊ အခုဟာက သူစကားတွေ ပြောချင်လျက်နဲ့ ဘယ်သူ့မှ မပြောဘူးဆိုတဲ့ သဘောမျိုးနဲ့ နှုတ်ဆိတ်နေတာ"

"ဟုတ်ပါ့မလားကွာ မင်းထင်တာ ဖြစ်ပါလိမ့်မယ်"

"ဟုတ်တယ်၊ ဗိုလ်မင်းဟာ အခုစိတ်လည်း သိပ်တိုနေတယ်၊ လက်အောက်ဗိုလ်တွေ၊ သွေးသောက်တွေ၊ တပ်မှူးတွေ၊ တပ်ပေါင်းဗိုလ်တွေကို နည်းနည်းလေးမှ အမှားမခံဘူး။ တစ်စွန်းတစ်စလေးမှ သည်းမခံဘူး။ အမှုတော်ယုတာ တိကျတယ်ဆိုပေမယ့် ရက်စက်ပြတ်သားလွန်းတယ် ဆိုရမယ်"

"မင်းက ဘာကြောင့် ဒီလိုပြောနိုင်သလဲ"

"တစ်လောက သေနတ်စု၊ စက်ကွင်းပစ် လေ့ကျင့်တုန်းမှာ သွေးသောက်တစ်ယောက်က သူ့တပ်သားငါးဆယ်အတွက် သေနတ်ငါးဆယ် ထုတ်ပေးထားရမယ့်အစား၊ သေနတ်လေးဆယ့်ရှစ်လက်တည်း ထုတ်ပေးမိတယ်။ ဗိုလ်မင်းတွေ့ပါလေရော၊ နှစ်လက်လျော့နေတော့ ဗိုလ်မင်းက မေးတယ်။ သွေးသောက်ကြီးလည်း တုန်တုန်ယင်ယင်ပေါ့ကွာ၊ အဲဒါ အမှုတော်လမ်းပေါ့တယ်ဆိုပြီး တစ်နေကုန်နေလှမ်းပစ်လိုက်တယ်၊ ညဘက်ကျတော့ တစ်ညလုံး ရေစိမ်ခိုင်းတယ်"

"အေးလေ၊ ဒါကြီးလေးတဲ့ ပေါ့လျော့မှုပဲ"

"ထားတော့ကွာ၊ ဒါတင်မကဘူး နောင် ဒီလို ပေါ့လျော့တာမျိုးတွေ့ရင် အစစ်အဆေးမရှိ ကွပ်မျက်မယ်လို့ အမိန့်ထုတ်တယ်"

"ဟုတ်လား"

“ဗိုလ်မင်း၊ သိပ်ကြမ်းတမ်း ခက်ထန်လာတယ်ကွ၊ ပြီးတော့ သေရည်လည်း နေ့ဆက်သောက်လာတယ်၊ သေယစ်နေတယ်လဲ မတွေ့ဖူးဘူး၊ ငါတော့”

သမန်ငယ်၏ စကားမဆုံးမီမှာပင် သမန်ငယ်၏ စကားတို့ကို ဖို၍ လေးနက်မှန်ကန်စေသည့် ဖြစ်ရပ်တစ်ခု ပေါ်လာလေသည်။

မြို့ရိုးမြေပြင်သို့ သမန်ညီနောင်တို့မရောက်မီ ကုန်းမြင့်အတိုင်း တစ်စုံတစ်ယောက်သည် ခြေလွှတ်လက်လွှတ်လိမ့်လာကာ သမန်ငယ်ဘေးမှ ဖြတ်သွားပြီး မြေပေါ်၌ မှောက်လျက် လဲကျသွားလေသည်။ ပြန်မထနိုင်။

“ဟ…ဘာဖြစ်တာလဲ”

သမန်ကြီး၏ တအံ့တသြ ရေရွတ်သံကို မြို့ရိုးထက်မှ ဆင်းလာသော စက္ကူရ၏ အသံနက်ကြီးက ဖုံးအုပ်သွားသည်။

“သားဖယ်လိုက်ကြစမ်း၊ ဟော့ကောင်လူမိုက် အခုပြန်ထ”

စက္ကူရ အပြေးဆင်းလာကာ မြေတွင် မှောက်လျက်လဲနေသူကို ခြေဖြင့်ကန်၍ ပက်လက်လှန်စေလိုက်သည်။ လဲကျသူသည် မျက်နှာမှ သွေးများကို သုတ်ရင်း တုန်တုန်ယင်ယင် ပြန်ထနေသည်။ သူရဲခိုပေါ်မှ တပ်သားများလည်း ထိတ်လန့်စွာ ကြည့်နေကြလေသည်။

စက္ကူရက ပြန်ထလာသော အကြပ်မှူး၏ မျက်နှာကို ပြင်းထန်စွာ ရိုက်ပစ်လိုက်ပြန်သည်။ အကြပ်မှူး၏ တစ်ကိုယ်လုံး တစ်ဖက်သို့ ယိုင်ထွက်သွားလေသည်။

“လူ့ငနွား၊ ခွေးတိရစ္ဆာန် ငါသေသောက်လို့ မင်းလိုက်သောက်တယ်ပေါ့ ဟုတ်လား၊ ဟေ့ ငါသေသောက်တာက သေကို ကြိုက်လို့ သောက်တာကွ၊ မူးယစ်ချင်လို့ အိပ်ပျော်ချင်လို့ မဟုတ်ဘူး။ မင်းတို့လိုလည်း ညက သေယစ် ပြီး မြို့ရိုးထိပ်မှာ ငိုက်မျဉ်းနေဖို့ မဟုတ်ဘူး နားလည်လား”

“ကျွန်…ကျွန်တော်”

“တိတ်…သေရည်နဲ့ မတန်မရာဘဲ သေသောက်တဲ့အကောင်၊ မင်း အခု မြို့ရိုးထိပ်နဲ့ မြေပြင်နဲ့ ပြေးတက်ပြေးဆင်း တစ်နေကုန်လုပ်၊ ည ရိက္ခာ မောင်းထုတဲ့အထိလုပ်”

“ကျွန်…တော်”

“မင့်ပါးစပ်ပိတ်”





စက္ကူရက ထပ်ရိုက်ပြန်သည်။ အကြပ်မှူးမျက်နှာ သွေးသံရဲရဲ မြင်မကောင်းတော့ပြီ။

“ငါ သေသောက်တာကို တုပြီးလိုက်သောက်ရင် ငါ့လိုနေ ဒါပဲ”

စက္ကူရ မြို့ရိုးပေါ် ပြန်တက်သွားသည်။

သမန်ကြီးနှင့် သမန်ငယ်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သမန်ကြီးက သက်ပြင်းချပြောလေသည်။

“ဒီအကြပ်ကို ငါသိတယ်၊ အဲမောင်းလုံ့စုက အလွန်အမှုထမ်း စေစပ်တဲ့ကောင်ပါ၊ ဒီကောင် ဒီနေ့ မြို့ရိုးသူရဲခိုမှာ တာဝန်မကျခဲ့ဘူး၊ တာဝန်ကျတာ သေနတ်စုက သူ့ညီတစ်ယောက်၊ သူ့ညီ နေမကောင်းလို့ မနက်လင်းအားကြီးကျမှ သူ့ညီအစား သူ့ကိုလာခေါ်တာ၊ အမှန်က ဒီနေ့အဖို့ ဒီကောင်တာဝန်မရှိဘူး။ ဒါကြောင့် ညက စိတ်လွှတ် ကိုယ်လွှတ် သေသောက်ခဲ့တာပဲ၊ ဗိုလ်မင်း ဘာမှ မစစ်မဆေးခဲ့ဘူး ထင်တယ်”

“မင်း မြင်တဲ့အတိုင်းပဲကွာ၊ ဘာပြန်ပြောခွင့် ရသလဲ”

ခက်တာပဲကွာ၊ ငါလည်း ဘာနားလည်ရမှန်း မသိတော့ဘူး”

“ငါလည်း နားမလည်ဘူး။ ဒါပေမယ့် တစ်ခုတော့ ငါသိတယ် အစ်ကို၊ အဲဒီအသိကို ငါ ဝမ်းပမ်းတနည်းနဲ့ လက်ခံလိုက်ရတာပဲ၊ ဗိုလ်မင်း အခု ဘာဖြစ်နေသလဲဆိုတာ ကောင်းကောင်းမသိဘူး။ တစ်ခု သေချာတာကတော့ ငါတို့ဟာ ငါတို့ရဲ့ ဟိုအရင်ကာလက ဗိုလ်စက္ကူရကို ဆုံးရှုံးလိုက်ရပြီ၊ အခုဗိုလ်စက္ကူရဟာ ဟိုတုန်းက ငါတို့ အင်မတန်ချစ်တဲ့ အင်မတန်လေးစားတဲ့ ဗိုလ်စက္ကူရ မဟုတ်တော့ဘူးကွ”

သမန်ငယ်ပြောရင်း မျက်ရည်လည်လာသည်။

သေနတ်စုများ၊ အဲမောင်းစုများ၊ စက်ကွင်းတွင် လုံ့တိုပစ်လေ့ကျင့်နေကြသော ရဲမက်များဖြင့် လှုပ်လှုပ်ရွရွ စည်ကားသော အဝမြို့တွင်း လွင်ပြင်ဆီသို့ ငေးကြည့်ရင်း သမန်ကြီးက တိုးတိတ်စွာ ညည်းညူနေသည်။

“ငါတို့ ဗိုလ်မင်းကို ဘာတွေကများ ပြောင်းလဲပစ်လိုက်ပါလိမ့်…”

*

ညဦးအချိန်မတော် ဆင့်ဆိုအမိန့်ရောက်လာသောကြောင့် စက္ကူရ အိပ်ရာမှ လူးလဲထလိုက်သည်။ ရုတ်တရက် ထလိုက်သောကြောင့် သေငွေ့တို့ ပြည့်လျှမ်းနေသော ဦးခေါင်းတွင်းမှ စစ်ခနဲ ကိုက်ခဲသွားသည်။

ခေါင်းရင်းမှ သေတ္တာကောင်းကို လှမ်းယူလိုက်ပြီး ခွက်ထဲသို့ မငဲ့တော့ဘဲ သည်အတိုင်း လည်ချောင်းထဲ သွန်ချလိုက်သည်။ လက်များ တုန်နေသောကြောင့် သေရည်တို့ နှုတ်ခမ်းစွန်းနှစ်ဖက်မှ ဖိတ်စင်ကျသွားကြသည်။

"ဘာအကြောင်းတဲ့လဲကွ"

မင်းခေါင်နော်ရထာ လွှတ်လိုက်သော တပ်မှူးက စက္ကုရ၏ လှုပ်ရှားမှုများကိုကြည့်ရင်း ဖြေရန် မေ့နေသည်။

"မေးနေတာ မကြားဘူးလား၊ ဘာကိစ္စတဲ့လဲ"

စက္ကုရ ပြင်းထန်စွာ ငေါက်ငမ်းလိုက်တော့မှ တပ်မှူးမှာ မျက်လုံးများ ဝိုင်းသွားပြီး . . .

"အဲဒါတော့ မသိပါဘူး ဗိုလ်မှူး၊ ချက်ချင်းလိုက်ခဲ့ပါလို့ပဲ တပ်မင်းက ပြောလိုက်တယ်"

"သွား မင်း အပြင်ကစောင့်"

တပ်မှူး အပြင်ထွက်သွားသည်။ စက္ကုရက သေတ္တာကောင်းကို မြှောက်ချီကာ နောက်ဆုံးလက်ကျန် သေရည်ကို မော့လိုက်သည်။

စက္ကုရ နန်းဆောင်အပြင်သို့ ရောက်သောအခါ လေ့ကားရင်းမှာ မြင်းဖြူကြီးအာကာ အသင့်ဖြစ်နေပေပြီ။

"အာကာ မင်းပဲကောင်းတယ် သိလား"

စက္ကုရက ပြောပြောဆိုဆို မြင်းပေါ်သို့ တက်လိုက်သည်။ ထို့နောက် မင်းခေါင်နော်ရထာ စခန်းချရာ အဝအလယ် နန်းဆောင်ဆီသို့ မြင်းကို စိုင်းခဲ့လေသည်။

* * *

[၁၂]

နန်းဆောင်ရှေ့ လှေကားခြေရင်းတွင် မြင်းများကို တွေ့ရသည်။ ဆယ်စီး ဆယ့်ငါးစီးမကရှိမည်။ ပေါင်းမိုးလှည်းများကိုလည်း တွေ့ရသည်။ စက္ကုရ နားမလည်စွာဖြင့် လှေကားထစ်များအတိုင်း အပြေးတက်လာခဲ့သည်။ လုံ့ရှည်ကိုင် ရဲမက်များက စက္ကုရကို ဦးညွှတ်ရင်း လမ်းဖယ်ပေးလိုက်ကြသည်။

နန်းဆောင်တွင်းသို့ ရောက်လာသည်။

ကညင်ဆီမီးတိုင်များဖြင့် နန်းဆောင်တွင်းမှာ လင်းထိန်နေသည်။ ညဉ့်နက်သန်းခေါင်ကျော် အချိန်ကြီးတွင် တပ်မင်း၏ နန်းဆောင်၏ မီးရောင်တွေ ဝင်းနေသည်ကို တွေ့ရသောကြောင့် စက္ကုရ အံ့အားသင့်နေသည်။

"လာဟေ့ စက္ကုရ"

ခန်းမဆောင်တွင်းမှာ မင်းခေါင်နော်ရထာ ရှိနေသည်၊ မှန်မှဝင်ဝင်ချင်း မင်းခေါင်နော်ရထာက စက္ကုရကို လှမ်းခေါ်လိုက်လေသည်။ မင်းခေါင်နော်ရထာကို မျက်နှာမူလျက် မိမိကို ကျောပြုလျက် ထိုင်နေကြသော လူအုပ်ကိုလည်း တွေ့ရသည်။ ရဲမက်တပ်သားဝတ်စုံမဟုတ်။ သူတို့ . . .

လူအုပ်ထဲမှ တစ်စုံတစ်ယောက်သည် နောက်လှည့်ကြည့်လိုက်သည်။ ထူထပ်စွာ အုပ်ပေါင်း ပေါင်းထားသော ပဝါနှင့် ခြုံထားသော ဖျင်စောင်ကြီးကို ထိုသူက ခွာလိုက်သည်။

"ဟာ . . . သူကြီး"

စက္ကူရ၏ အသံဝါကြီး ခန်းမဆောင်အတွင်း ဟိန်းသွားလေသည်။

"ဟုတ်ပါတယ် ဗိုလ်မင်း၊ ကျုပ်တို့ပါ၊ ကနစိုး တစ်ရွာလုံး ရောက်လာကြပြီလေ"

စက္ကူရက ကနစိုးသူကြီး၏ လက်ကို တင်းကျပ်စွာ ဖျစ်ညှစ်လိုက်သည်။ ထိုင်နေသော လူအုပ်များကို စေကြည့်သည်။ ကောင်းစွာမှတ်မိနေသော မျက်နှာများထက်မှ အပြုံးကို တွေ့ရလေသည်။

"သတင်းတွေ အားလုံးကြားတယ် ဗိုလ်မင်း၊ ကြားကြားချင်းမှာပဲ ရွာသူရွာသားအားလုံးက တပ်မင်းကြီး မင်းခေါင်နော်ရထာရှိရာ သွားမယ်။ တပ်မင်းကြီးထံ ခိုလှုံမယ်ဆိုပြီး တဖွဖွပြောကြတော့တာပဲ၊ ကျုပ်နဲ့ ရွာထဲက လူကြီးသူမတွေကလည်း သတင်းတွေ ကြားရကတည်းက ဗိုလ်မင်းတို့ တပ်မင်းကြီးတို့ဘက်ကနေပြီး တောက်တခေါက်ခေါက်ဖြစ်နေကြတာကလား၊ ကျုပ်တို့ စည်းဝေးတိုင်ပင်ကြတယ်။ တပ်မင်းကြီးမင်းခေါင်နော်ရထာဆီ ခိုလှုံရင်း ကနစိုးတစ်ရွာလုံးလည်း ပုန်စားသူဖြစ်မှာပဲ၊ ကျုပ်တို့ အဖြစ်ခံမလား။ ကျုပ်တို့ ချစ်ကြည်လေးစားတဲ့ တပ်မင်းကြီးတို့ကို ဒီအတိုင်းပဲ သတင်းနားစွင့်ထောင်နေမလား၊ နောက်ဆုံးတော့ တပ်မင်းကြီးနဲ့ သူ့တပ်ဆီ အရောက်သွားမယ်လို့ပဲ တညီတညွတ် ဆုံးဖြတ်လိုက်တယ်၊ တပ်မင်းကြီးလက်အောက် ခိုလှုံလို့ ကျုပ်တို့လည်း ပုန်စားသူ ဖြစ်ချင်ဖြစ်ရောဆိုပြီး လာခဲ့ကြတာ၊ မိုးက ကောင်းနေတော့ ခရီးသိပ်ကြမ်းတယ်၊ ကနစိုးကနေ ဒီအထိ တစ်လခွဲလောက်ကြာတယ် ဗိုလ်မင်း၊ လမ်းမှာလည်း အစစ်အဆေး အစောင့်အကြပ်တွေက ထူပြောပါဘိသနဲ့ ကျုပ်တို့က မိုးကြီး ရေလွှမ်းပြီး ရွာပျက်လို့ တစ်ရွာလုံး ပြောင်းလာတာပါလို့ လီးလွှဲ ပြောခဲ့ရတာပေါ့။ အခုတော့ ကျုပ်တို့ ရည်ရွယ်ချက်အောင်ပြီ၊ ဗိုလ်မင်းတို့ဆီရောက်ပြီ"

ကြက်သီးမွှေးညင်း ထမတတ် စက္ကူရ အံ့သြသွားသည်။ အောက်ပြည်အောက်ရွာ ကနစိုးမှ အဝသို့ လာခဲ့ရသော ခရီးသည် နည်းနည်းနောနော ကြမ်းသည့်ခရီးမဟုတ်။

သူကြီးက အကျိုးအကြောင်း ရှင်းပြပြီးအဆုံးတွင် ရွာသားများ စက္ကူရအနီး ဝိုင်းအုံလာကြသည်။ ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ခန်းမဆောင်အတွင်း စကားပြောသံ ရယ်သံများ ရိုက်ခတ်သွားသည်။





စက္ကူရသည် ရွာသားများကို စကားပြန်ပြောရင်း ရွာသားများအကြားမှာ တိုးရွေ့ရင်း လူအုပ်ထဲသို့ ကျီးကန်းတောင်းမှောက်ကြည့်ကာ တစ်ယောက်သောသူကို ရှာလေသည်။

သူကြီးက စက္ကူရအနီးရောက်အောင် တိုးဝှေ့ဝင်လာပြီး စက္ကူရ ကြားရုံမျှ လေသံဖြင့် ပြောလိုက်သည်။

"ဘဒ္ဒါ ဟောဟိုဘက်က လေသာဆောင်မှာ မိန်းမသူတွေကို အဲဒီဘက်မှာ ထည့်ခံထားတယ်"

လေသာဆောင်ဘက်သို့ စက္ကူရ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်ခဲ့သည်။ မီးရောင်ကွယ်၍ လရိပ်လင်းနေသော လေသာဆောင်စင်္ကြံတွင် ကနစိုး ရွာသူများ။

နှုတ်ဆက်သံများကို ကျော်လွှားလျက် ဝရန်တာလက်ရန်းဘက်ဆီသို့ စက္ကူရထွက်ခဲ့သည်။ ဟင်္သာပြဒါးသုတ် တိုင်လုံးကြီးတစ်လုံးကို မှီနေသော သဏ္ဌာန်ကို လရိပ်မှုန်တရီအမှောင်တွင် တွေ့လိုက်ရသည်။

စက္ကူရ နေရာတွင် ရပ်လိုက်သည်၊

"ဘဒ္ဒါ"

အပြင်သို့ ငေးမျှော်နေသောသဏ္ဌာန် လှုပ်ရှားသွားသည်။ အမှောင်ရိပ်တွင်း၌ မျက်နှာများကို မမြင်ကြရ။ သို့သော် နှစ်စုံသော မျက်လုံးတို့အမှောင် ကိုထွင်းဖောက်နေကြသည်သို့ ရှိသည်။

"ဘဒ္ဒါ"

ဘဒ္ဒါပြေးလာသည်။ စက္ကူရ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ ပွင့်ဟနေသော ရင်ခွင်တွင်းသို့ ဘဒ္ဒါ ရောက်လာသည်။ စကားမဆိုမိကြ။ ပြောရန်လည်း မလိုဟု သိနေကြသည်။ သို့သော် ဘဒ္ဒါရှိုက်ငိုနေသည်။ ချစ်ကြင်နာခြင်းကြီးစွာ ဆံနွယ်များကို ဖွဖွလိမ်းသပ်ပေးရင်း ထူးခြားသောအနံ့ကို စက္ကူရ ခံစားရသည်။

ကောက်ရိုးနံ့၊ သင်းပျံ့ မွှေးနံ့တို့နှင့်အတူ လွင်မျောပါလာ သနပ်ခါးနံ့က မြတ်နိုးတပ်မက်စွာ ရှူရှိုက်မိလေသည်။

*

"မောင်ကြီး သေရည်တွေ သိပ်သောက်တတ်နေပြီနော်"

"အဖော်ကောင်းတစ်ယောက်လည်း ဖြစ်တယ်၊ ပြီးတော့ ကျုပ် သေရည်ကို ကြိုက်တယ်"

"ဘဒ္ဒါ သိထားတာကတော့ စိတ်နှလုံး နားခိုစရာ မတွေ့တာက စပြီး သေရည်ကို ယောကျ်ားတွေ သောက်တတ်သွားကြတာပဲ။ မောင်ကြီးကော စိတ်နှလုံး နားခိုစရာ မတွေ့လို့ သေရည် စသောက်တာလား"

"ဒါတွေ မင်းတို့ နားမလည်ပါဘူးကွာ"

"အင်းလေ ...အရင်က နားမလည်ပေမယ့် အခု မောင်ကြီးရဲ့ ဇနီးအနေနဲ့ နားလည်ပိုင်ခွင့် ရှိလာပြီမဟုတ်လား။ မောင်ကြီးနဲ့ အရေးအရာမှန်သမျှဟာ ဘဒ္ဒါနဲ့ မဆိုင်ဘူးလား။ စစ်မက်ရေး၊ တပ်အရေးတွေကိုတော့ ဘဒ္ဒါ သိခွင့်ရတယ်။ ဒီကိစ္စလေးကို ဘဒ္ဒါ ဘာမှမသိရဘူးလား"

"ကျုပ် သေရည်သောက်တာ မင်း မကြိုက်လို့လား ဘဒ္ဒါ"

"ဘဒ္ဒါ အဲဒီလို မပြောပါဘူး မောင်ကြီးရယ်၊ စစ်သည်တော်တစ်ယောက်ရဲ့ဘဝ ဘယ်လောက် ကြမ်းတမ်းတယ် ဆိုတာလည်း ဘဒ္ဒါ သိပါတယ်။ အင်အားကို ဘယ်လောက်သုံးရတယ်ဆိုတာလည်း ဘဒ္ဒါ သိပါတယ်။ ဒီအတွက် သေရည်ကို မှီဝဲကြတယ်ဆိုတာကိုလည်း ဘဒ္ဒါ နားလည်ထားပါတယ်။ အခု တပ်မင်းကြီးရဲ့ တပ်ထဲမှာ သေရည်မသောက်တဲ့ တပ်သားရယ်လို့ မရှိပါဘူး။ ဒါပေမယ့် မောင်ကြီးလောက် ဘယ်သူမှ သေ အသောက်မကြမ်းကြဘူးလေ"

"ကျုပ် သေယစ်ပြီး အမှုဆော် လစ်ဟင်းပေါ့လျော့တာ ဘဒ္ဒါ ဘယ်နှစ်ခါ တွေ့ဖူးသလဲ"

"ဟုတ်ပါတယ် မောင်ကြီးရယ်၊ ဘဒ္ဒါ ဒါကို ပြောတာ မဟုတ်ပါဘူး။ မောင်ကြီးဟာ ဗိုလ်မင်းအရာရလာတဲ့အထိ သေတစ်စက်မှ မသောက်ခဲ့ဘူးလို့ သမန်ကြီးတို့က ပြောပါတယ်။ သဖန်းပုံးစခန်း အောင်ပွဲညကျမှ သေစသောက်တာဆို ဟုတ်လား"

"အေးလေ ...အဲဒါ ဘာဖြစ်သလဲ"

"အဲဒါကိုပဲ ဘဒ္ဒါ သိချင်တာပေါ့။ သေတစ်စက်မှ လျှာပေါ်မတင်ခဲ့တဲ့ သူဟာ သဖန်းပုံးအောင်ပွဲညကမှ သောက်တတ်လာတယ်။ သည့်နောက်မှာ ဘယ်သူနဲ့မှ မတူအောင် ဟောဒီ တပ်မထဲမှ ဘယ်ဗိုလ်မှူး၊ ဗိုလ်မင်း၊ တပ်မှူး အိုလေ ...အကြပ်၊ သွေးသောက်၊ တပ်တွေအထိ ဘယ်သူနဲ့မတူ ကြောက်ခမန်း





လိုလို သေသောက်တယ်။ မောင်ကြီး ဘာလို့ ဒီလောက်ထိ အသောက်ကြူးနေရတာလည်း ဘဒ္ဒါ သိချင်တာ"

"ကျုပ် ပြောပြီးပါပကော၊ ကြိုက်လို့လို့ဆိုနေ"

"မယုံဘူး၊ မဖြစ်နိုင်ဘူး"

"ဘာကိုလဲ"

"မောင်ကြီး သောက်တာဟာ ကြိုက်လို့ သောက်တာမျိုး မဟုတ်ဘူး။ ဘဒ္ဒါတို့ မဏိပူရမှာ နေစဉ်က သေရည်ကို လောကမှာ အကြိုက်ဆုံး ယောကျ်ားလို့ ပြောရမယ့် ဝရီးတစ်ယောက် ရှိတယ်။ သူက သူ့ဘာသာ သေရည်ချက် ပြီး ပျော်ပျော်ရွှင်ရွှင် စုံစုံမက်မက်နဲ့ကို သောက်တာ။ သူ သေသောက်တာက သေမူးတာက သိပ်ပျော်စရာကောင်းတယ်"

"ကျုပ်ကကော"

"မောင်ကြီး သောက်တာက ဝမ်းထဲမှာ ရင်ထဲမှာ တစ်ခုခုရှိနေလို့ အဲဒါကို မေ့ပျောက်ဖို့၊ ဖျက်ဆီးဖို့ သေရည်တွေကို လောင်းလောင်းချနေတဲ့ သောက်ပုံမျိုး၊ ဘဒ္ဒါရဲ့ ဝရီးလို စုံစုံမက်မက် သောက်တာမျိုး မဟုတ်ဘူး။ ပြီးတော့ မောင်ကြီးသေသောက်တာ သေမူးတာဟာ မောင်ကြီးအတွက်တော့ မသိဘူး။ ဘဒ္ဒါအတွက်တော့ အကြင်လင်မယားဖြစ်ခဲ့ပြီး တစ်လနီးပါးကာလတစ်လျှောက်လုံးမှာ မောင်ကြီး သေရည်သောက်ပုံဟာ ကြောက်စရာ၊ ထိတ်လန့်စရာ၊ စိတ်မချမ်းသာစရာလို့ပဲ မြင်နေရတယ်"

"မင်း တကယ်ပဲ ဒီလိုမြင်နေသလား ဘဒ္ဒါရယ်"

"ဘဒ္ဒါဟာ ဟိုးကနစိုးရွာ မျှော်စင်ဘက်က လှမ်းအကြည့်ပခုံးမှာ မြားမှန်သွားတာကို မြင်လိုက်ရကတည်းက မောင်ကြီးကို ချစ်ခဲ့မိတဲ့ မိန်းကလေးပါ"

"မင်း တကယ်ပြောနေတာလား ဘဒ္ဒါ"

"မောင်ကြီးကို ပြောသင့် မပြောသင့် စဉ်းစားနေတာကြာပြီ။ ဘဒ္ဒါရဲ့ အချစ်ကို မောင်ကြီး မယုံရင် အခုပဲ ပြောပြလိုက်တော့မယ်။ ကနစိုးရွာကနေ ပြီး မိုးထဲလေထဲမှာ မြစ်အသွယ်သွယ်၊ တောင်အထပ်ထပ်၊ တောအထပ်ထပ် ဖြတ်ပြီး တစ်လခွဲလောက်ကြာတဲ့ ခရီးကြမ်းကြီးကို မိန်းမသူတန်မဲ့ လိုက်ပါလာ ပြီး ဟောဒီအဝထိ အရောက်ချီလာတာ သူကြီးနဲ့ ကနစိုး ရွာအုပ်ရွာခေါင်းတွေ ပြောသလို တပ်မင်းကြီး လက်အောက်ခိုလှုံချင်လို့ မဟုတ်ဘူး။ ဘဒ္ဒါ ဒီအရေးတွေကို သိပ်မသိဘူး။ သိလည်းမသိချင်ဘူး။ ဘဒ္ဒါအဖို့ ဒီအရေးတွေဟာ အလှမ်းဝေးလှတယ်။ ဘဒ္ဒါ သိတာက အဝမှာ မောင်ကြီးရှိတယ်။ မောင်ကြီးရှိရာ ဘဒ္ဒါ

လာချင်တယ်။ ဘဒ္ဒါချစ်တဲ့မောင်ကြီးနဲ့ အတူနေချင်တယ်။ ဒါပဲ၊ ဒီလိုပြောလိုက်လို့ မောင်ကြီးက မိဘဒ္ဒါဟာ ဗိုလ်မှူးစက္ကုရရဲ့ ဇနီးမယားမပီသဘူးလို့များ မထင်လိုက်ပါနဲ့နော်"

အင်အားကြီးမားသော သံယောဇဉ်မေတ္တာ၏ ရှေ့မှောက်၌ စက္ကုရ ဘာကိုမှ ပြန်မပြောနိုင်လောက်အောင် စိတ်နှလုံးထိခိုက်သွားလေသည်။

"မောင်ကြီးအပေါ် အဲဒီလောက်ချစ်တဲ့ ဘဒ္ဒါကို မောင်ကြီးရင်ထဲရှိသမျှ ဖွင့်ပြောပြပါလားဟင်။ မောင်ကြီး ဒီလိုဖြစ်နေတာကို ဘဒ္ဒါ မကြည့်ရက်ဘူး။ မောင်ကြီး ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ညှဉ်းပန်းတဲ့အနေမျိုးနဲ့ သေရည်တွေသောက်နေတာကို ဘဒ္ဒါ မမြင်ရက်ဘူး"

"နေပါဦး ဘဒ္ဒါရယ်၊ ဒီလိုအနေမျိုးနဲ့ သေရည်တွေ သောက်နေတယ်လို့ မင်းက ဘာဖြစ်လို့ ပြောနေတာတုံး"

"အချစ်ဟာ သာမန်အသိနဲ့ မမြင်နိုင်တာ နားမလည်နိုင်တာတွေကို မြင်တယ်၊ နားလည်တတ်တယ် မောင်ကြီး"

"အချစ်ဟာ ..."

နှလုံးမှလာသော စကားတို့သည် အခြားသောနှလုံး၏ နံရံသို့ အခါခါ ပဲ့တင်ရိုက်ဟည်းသွားလေသည်။

ထိုစကားလုံးများကြောင့်ပင် မီမိရင်တွင်း၌ လပေါင်းများစွာကတည်းက ရှုပ်ထွေးနက်ရှိုင်းစွာ အကျိတ်အခဲဖြစ်တည်နေသော ခက်မာသည့်ဝေဒနာ အစိုင်အခဲတို့ ကွဲအက်ကြေမွသွားကြပြီဟု စက္ကုရ ခံစားလိုက်ရသည်။

မထွေးနိုင်၊ မအန်နိုင် နှလုံးသည်းပွတ်၌ ရှုးဝင်စွဲမြဲနေသော အရာတို့ကို ဖွင့်ထုတ်နိုင်ပြီဟု စက္ကုရ တွေးလိုက်သည်။

"မင်းပြောတာတွေ အားလုံးမှန်တယ် ဘဒ္ဒါ၊ မောင်ကြီး သေကျူးတဲ့ သေသမားကြီးဖြစ်နေတာဟာ အင်မတန်ကြီးမားလွန်းတဲ့ ဝေဒနာတစ်ခု ရှိနေလို့ အဲဒီဝေဒနာကြီး အရည်ပျော်ပြီကျသွားလေမလားလို့ ထုခွဲဖျက်ဆီးတဲ့အနေနဲ့ သေသောက်ရာက အစ အခုလို"

"အဲဒီဝေဒနာအားလုံး ဘဒ္ဒါကို ပေးလိုက်ပါ မောင်ကြီး"

"နားထောင်စမ်း အချစ်မောင်ကြီးလေ ..............................................

.......................................................................................................

................"

* * *

# [၁၃]

အဝကို မင်းခေါင်နော်ရထာသိမ်း၍ အခိုင်အလုံနေပြီး လေးလအကြာတွင် နောင်တော်ကြီးမင်းထံမှ အမိန့်တစ်ခုရောက်လာသည်။ အမိန့်မှာ မင်းခေါင်နော်ရထာ ဗိုလ်တွန်နှင့် တပ်အားလုံး နေပြည်တော်သို့ အသာအယာလိုက်လာစေ။ ပုန်စားသူအဖြစ်မှ ပကတိလွတ်ကင်းစေကာ အပြစ်မြူမှုန် တစ်စုံတစ်ရာ မရှိစေဘဲ ရှိမြဲအရာအတိုင်း သူကောင်းပြုမည်ဟူသော အမိန့်။

အမိန့်ကို ဆောင်ကြဉ်းလာသူကား တပ်မင်းကြီး မင်းလှနော်ရထာကိုယ်တိုင်တည်း။

မင်းခေါင်နော်ရထာသည် ငယ်သူငယ်ချင်း မင်းလှနော်ရထာကို အဝနန်းဆောင်၏ အကောင်းဆုံး ခန်းမကြီးထဲ၌ ကြီးကျယ်ခမ်းနားစွာ ကြိုဆိုညည့်ခံလေသည်။

နီးရင်း ပွန်းတီးခဲ့ကြသော နေပြည်တော်တပ် ရဲမက်တို့နှင့် အဝရဲမက်တို့လည်း ထိုညည့်ခံကြိုဆိုသဘင်၌ ပျော်ရွှင်စွာ တွေ့ဆုံနှုတ်ဆက်ကြသည်။

တပ်မင်းကြီးနှစ်ပါးတို့ ခန်းမ၏အမြင့်ဆုံးနေရာတွင် တွဲယှဉ်ထိုင်ကာ ရယ်မောစားသောက် ပြောဆိုကြသည်။

မှဆိုးဘို ထန်းလုံးတပ် စတည်သည့် အချိန်အကြောင်းကို တပ်မင်းကြီးနှစ်ပါးတို့ စားမြုံ့ပြန်နေကြသည်။ တပ်မင်းကြီးနှစ်ပါးစလုံး၏ အမူအရာများ နှပျို့ရွှင်လန်းနေလေသည်။

မင်းလှနော်ရထာက ဆေးဆုံတွင် ဆေးထပ်ဖြည့်လျက် ပြောသည်။

"မောင်တွန် မင် စက္ကုရတစ်ယောက်ကော မမြင်ပါလား"

“အား ဟုတ်ပေသားပဲ။ စက္ကူရုအကြောင်းတောင် ငါ မင်းကို မပြောမိသေးဘူး”

“စက္ကူရု ဘာဖြစ်လို့လဲ”

မင်းခေါင်နော်ရထာက လက်ကာပြပြီး အနီးတစ်ဝိုက်သို့ လှမ်းကြည့်သည်။ နေပြည်တော် တပ်ဗိုလ်မှူးများ၏ဝိုင်းတွင် သစ်သီးလင်ဗန်းများချပေးနေသော ဘဒ္ဒါကို မြင်သွားသည်။ ဘဒ္ဒါကို ခေါ်လာရန် အနီးမှ ရဲမက်တစ်ယောက်အား အမိန့်ပေးလိုက်သည်။

ဘဒ္ဒါရောက်လာသည်။ တပ်မင်းကြီး မင်းလှနော်ရထာကို ယခုလို နီးနီးကပ်ကပ် မတွေ့ဖူးသဖြင့် ဘဒ္ဒါ မနေတတ်။ ခြေစုံရပ်လျက် မျက်လွှာချနေသည်။

“မောင်ရွှေ၊ ဒါ စက္ကူရုရဲ့ဇနီးပဲ၊ အဝစောင့်တပ်ဗိုလ်မှူးကတော် ဘဒ္ဒါဆိုတာ သူပေါ့”

ဖွာလက်စဆေးတံကို မင်းလှနော်ရထာ ဆက်မဖွာမိ။

“စက္ကူရု အိမ်ထောင်ကျတာကို ငါ မပြောမိဘူး။ မကြာသေးဘူးကွ။ ငါတို့ ဒီအဝကိုရောက်မှ။ ဘဒ္ဒါက ဟိုး အောက်ပြည် ကနစိုးရွာကလိုက်လာတာ။ မင်းတို့တစ်တွေ မုတ္တမချီသွားကြတုန်းက တို့ချည်း ကျန်ရစ်ခဲ့ပါရောလား။ အဲဒီမှာ ရိက္ခာအရှာထွက်ရင်းနဲ့ ဒီကောင်မလေးနဲ့ တွေ့လာခဲ့ကြတာတဲ့လေ”

“ဟုတ်လား။ စက္ကူရုလို စစ်ကလွဲပြီး ဘာမှမသိတဲ့ လူမျိုးကို အိမ်ထောင်ရှင်ဖြစ်အောင် လုပ်နိုင်တဲ့ မိန်းကလေးဟာ နှယ်နှယ်ရရ မဟုတ်ပေဘူး။ လာပါဦး၊ ဟော သမီး ရှေ့တိုးပါ”

မင်းလှနော်ရထာက တရင်းတနှီးခေါ်သည်။ မင်းလှနော်ရထာ၏ ပွင့်လင်းပျူငှာသောအသွင်ကြောင့် ဘဒ္ဒါ အနေရသက်သာသွားသည်။ မင်းလှနော်ရထာကိုလည်း ချက်ချင်းပင် ခင်မင်မိသွားလေသည်။

“နေစမ်းပါဦး မောင်တွန်၊ မင့်ကောင် စက္ကူရုက သူ့ကတော်စိုးကို ဒီလိုပဲ ဧည့်ဝတ်ပြုခိုင်းထားပြီး သူက ဘယ်ရောက်နေသလဲ”

“အား...ဟုတ်ပေသား၊ ဘဒ္ဒါ စက္ကူရုတစ်ယောက်တော့”

“ရှိပါတယ် တပ်မင်း။ ဟိုဘက်အဆောင်မှာ နေပြည်တော်တပ်မှူးတွေကို ဧည့်ခံနေပါတယ်”

“ဧည့်ခံနေတာလား၊ သူကပဲ ဧည့်သည်ပြန်လုပ်ပြီး သေသောက်နေတာလား။ ဟား...ဟား...သွားခေါ်ချေ၊ သွားခေါ်ချေ”





တစ်ဖက်အဆောင်တွင် စက္ကူရုကို တပ်မှူးများဝိုင်း၍ တွေ့ရသည်။ တဝါးဝါး ရယ်မောနောက်ပြောင်နေကြသော စစ်သားကြီးများအလယ်၌ စက္ကူရု တိတ်ဆိတ်စွာ ရှိနေသည်။ ဘဒ္ဒါက ခပ်လှမ်းလှမ်းမှ အရိပ်အခြည်ပြသည်။ စက္ကူရု ဝင်လာသည်။

“မောင်ကြီးကို တပ်မင်းကြီးနှစ်ပါးက အခေါ်ခိုင်းလိုက်လို့”

ဘဒ္ဒါက လေသံဖြင့်ပြောသည်။ စက္ကူရု မျက်မှောင်ကြုတ်၍ နားထောင်သည်။

“သူတို့ ဘာအကြောင်းတွေ ပြောနေကြသလဲ ဘဒ္ဒါ”

“တွေ့ရာလေးပါးပြောရင်း သောက်ရင်း စားရင်းပဲ မောင်ကြီး”

“နေပြည်တော်အကြောင်း၊ နောင်တော်ကြီးမင်းဆီက အမိန့်သဝဏ်လွှာအကြောင်း မဟုတ်ဘူးလား”

“ဘဒ္ဒါ ရောက်သွားချိန်မှာတော့ အဲဒီအကြောင်း ပြောသံမကြားခဲ့ရဘူး”

“ကောင်းပြီလေ သွားကြတာပေါ့”

စက္ကူရု သက်ပြင်းရှိုက်လျက် ပြောသည်။ သူတို့နှစ်ယောက် ထွက်အလာ ဝိုင်းမှ တပ်မှူးတစ်ယောက်က လှမ်း၍ နောက်ပြောင်လိုက်သည်ကိုပင် ဘာမျှ မတုံ့ပြန်ဖြစ်ခဲ့တော့။

“ဟား...ဗိုလ်မင်း စက္ကူရု၊ ဗိုလ်မင်း စက္ကူရုနဲ့ အဝမြို့စောင့်တပ်မှာ သူ့ရဲကောင်းဆိုပြီး သတင်းမွှေးလှတာ။ ဗိုလ်မင်းကတော်နဲ့လည်း တွေ့ရော ကောက်ကောက်ပါအောင် ထလိုက်သွားတာပါပဲလား။ တို့ဗိုလ်မင်းကလည်း ကတော်ကြောက်ပဲကိုး”

ဝါးခနဲ ရယ်ကြသည်။

*

“ကိုင်း...စက္ကူရု ရောက်လာပါပြီဗျား”

မင်းခေါင်နော်ရထာက ကျီစယ်သံဖြင့် ပြောလိုက်သည်။ မင်းလှနော်ရထာက စက္ကူရုကို တစ်ခါမှ မမြင်ဖူးသလို ခြေဆုံးခေါင်းဖျားကြည့်လျက်။

“စက္ကူရု၊ အင်း...မောင်မင်း အရင်ထက် ပိုပြီး ကြံ့ခိုင်လာပါလားကွ”

“အဲဒါ ဘဒ္ဒါ လက်ထဲရောက်မှ ဒီကောင် လူမွေးလူရောင် ပြောင်လာတာ”

မင်းလှနော်ရထာက သေနွက်ကို စားပွဲပေါ်ချ၍ ပြောသည်။

"စက္ကရု"

"အမိန့်ရှိပါ တပ်မင်း"

"သဖန်းပုံးတိုက်ပွဲအပြီးမှာ ငါပြောခဲ့တာ မင်းအမှတ်ရသေးလား"

အဖြေလိုချင်၍ မေးသော အမေးစကား မဟုတ်ကြောင်း စက္ကရုသိသဖြင့် ဘာမှ ပြန်မပြော။ မင်းလှနော်ရထာက ဆက်ပြောသည်။

"လျှာပေါ် တစ်ခါမှ မတင်ဖူးခဲ့တဲ့ သေရည်ကို မင်း အဲဒီညကမှ စသောက်တာလေ။ ပြီးတော့ မူးမူးနဲ့ မင်းပြောသေးတာကော။ ကျွန်တော် တစ်ခုခုကို ထပ်ပြီး နားလည်ချင်သေးတယ်၊ ကျွန်တော် သိချင်သေးတယ်။ ဒါပေမယ့် ဘာကို သိရမှာတုံးတဲ့။ အဲဒီတုန်းက ငါက မောင်တွန့်ကို ပြောခဲ့သေးတယ်။ ဒီကောင်ရဲ့ဓားသနားထားဖို့ လိုပြီလို့။ ကိုင်း...အခု မင်းမှာလုပတဲ့ ဖနီးသည်တစ်ယောက် ရှိနေပြီ။ အခုကော ပြောဦးမလား။ ကျွန်တော် တစ်ခုခုထပ်ပြီး သိချင်သေးတယ်လို့"

မင်းခေါင်နော်ရထာက အားပါးတရရယ်လေသည်။ စက္ကရုနှင့် ဘဒ္ဒါကား မတုန်မလှုပ်။ မင်းလှနော်ရထာက၊

"မင်း အခုလို အတည်အတံ့ ဖြစ်သွားတာ ငါ ဝမ်းသာသဟေ့ စက္ကရု၊ မင့်မှာ ပြည့်စုံသွားပြီဆိုရမယ်။ စစ်ကိုလည်း သိပြီ။ အချစ်ကိုလည်း သိပြီ။ မင်းကို ဒီလို ပြည့်စုံအောင် လုပ်ပေးနိုင်တဲ့အတွက် ငါ ဂုဏ်ပြုချင်တာကတော့..."

မင်းလှနော်ရထာက စကားကို အဆုံးမသတ်ဘဲ စားပွဲအောက်ရောက်နေသော ခါးစည်းကြိုးဆီသို့ လက်နှိုက်သည်။ လက်ပြန်ထုတ်လိုက်သောအခါ တပ်မင်းကြီး၏ လက်ထဲ၌ လှပသော ဆင်စွယ်ရိုးတပ် ရွှေကနုတ်ပန်းဖော်ပြောင်းတိုသေနတ်လေးတစ်လက်။

ပြောင်းတိုသေနတ်လေးကို မင်းလှနော်ရထာက စားပွဲပေါ်တင်လိုက်သည်။

"စစ်နဲ့ပဲ မွေးလျှော်ကြီးပြင်းလာခဲ့တဲ့ ယောကျ်ားကြီးတစ်ယောက်ကို ပိုပြီးရင့်ကျက်ပြည့်စုံလာအောင် လုပ်ပေးဖို့ဆိုတာ ငါလည်း မတတ်နိုင် မောင်တွန့်လည်း မတတ်နိုင်ဘူးကွ။ ဒါမျိုးဆိုတာ မင်းတို့ ငါတို့က အားနွဲ့သူတွေလို့ ထင်ထားတဲ့ မိန်းမသူတွေသာ တတ်နိုင်တာမျိုးကွ သိလား"

မင်းလှနော်ရထာ၏ စကားကို အားလုံး စိတ်ဝင်တစား နားထောင်နေကြသည်။

"စစ်ပွဲရဲ့ သူရဲကောင်းတစ်ယောက်ကို သူ့ဘဝမှာလည်း ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် သူတို့ မိန်းမသူတွေက ပြုနိုင်စွမ်းတယ်ကွ။ သူတို့ကို မိန်းမသူတွေ ဆိုပြီး အရေးအရာမထားလို့ မဖြစ်ဘူး"





သေနတ်ကို ကောက်ကိုင်ကာ ကျွမ်းကျင်စွာ လှည့်ပတ်ကစားသည်။

"ငါ့သမီး ဘဒ္ဒါကတော့ စက္ကရုကို ပိုမိုကောင်းမွန်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်မယ့် ပါရမီဖက် ဖြစ်တယ်လို့ ငါ ယုံကြည်တယ်။ သမီး ဘဒ္ဒါအကြောင်းကို မောင်တွန့်ဆီက ငါ အခုပဲ ကြားခဲ့ရပြီ။ ဒါကြောင့် ဘဒ္ဒါကို ဂုဏ်ပြုတဲ့အနေနဲ့"

ပြောင်းတိုသေနတ်၏ ပြောင်းဘက်မှ ကိုင်ကာ ဆင်စွယ်ရိုးဘက်ကို ဘဒ္ဒါရှေ့သို့ တိုးပေးသည်။

"ယောဒိဖရန်စစ် (ဖရန်စစ် = ပြင်သစ်) လုပ် ပြောင်းတိုသေနတ်ကို ငါချီးမြှင့်လိုက်တယ်"

ကောင်းချီးပေးသံများ ဆူညံသွားသည်။ သေနတ်ကို လက်ခံလှမ်းလင့်သော ဘဒ္ဒါ၏ လက်အစုံ တုန်ယင်နေသည်။ အနီးမှာ ရပ်နေသော စက္ကရု၏ မျက်ခမ်းသားများ တဆတ်ဆတ် တုန်နေသည်ကိုမူကား ဘယ်သူမှ မသိကြ။

*

ညဉ့်ဦးသဘင် ပျော်ရွှင်စွာ ပြီးစီးသွားခဲ့သော်လည်း မင်းလှနော်ရထာ၏ လာရင်းအကြောင်းသို့ စကားပြောကြသောအခါတွင်မူ ပျော်ရွှင်မှုအားလုံး ချုပ်ငြိမ်းသွားလေသည်။

မင်းခေါင်နော်ရထာသည် သေနတ်ကို ဝုန်းခနဲ ဆောင့်ချကာ အံကြိတ်လျက် ပြောလေသည်။

"မောင်ရွှဲ...မင်းနဲ့ ငါဟာ မုဆိုးဘိုထွက်၊ ငယ်ပေါင်းသွေးသောက်တွေပါကွာ။ ငါတို့အကြောင်း အထူးပြောစရာမလိုပါဘူး။ အခု မင်းဟာ နောင်တော်ကြီး၊ မင်းရဲ့တမန်တော်အဖြစ် ငါက ပုန်စားသူအဖြစ် တွေ့ကြရပေမယ့် ငါတို့နှစ်ယောက်ကြားက သံယောဇဉ်ဟာ ဘာတစ်ခုမှ မပြောင်းလဲပါဘူး။ သို့သော် မင်းယူလာတဲ့ အမိန့်တော် သဝဏ်လွှာအတွက် မင်းကို ငါ စကားတစ်ခွန်း ပြောရတော့မယ်"

"အစခပ်သိမ်းကောင်းသော စကားဖြစ်ဖို့ ငါမျှော်လင့်ပါတယ် မောင်တွန့်"

"ဒါတော့ ငါမသိပါဘူး။ ငါဟာ နတ်ရွာစံမင်းတရားကြီးမင်းအဖြစ်ကို ယူတော်မူမယ်လို့ တိုင်ပင် ရည်ကြတဲ့ ကာလကတည်းက အသက်ကို သစ်ရွက်တစ်ရွက်၊ ပန်းတစ်ပွင့်နှိုင်းပြီး ငါ့အရှင်မင်းမဖြစ်သမျှ ဓားမချပြီဆိုပြီး သူ့ရန်သူ

တစ်ထောင်စု၊ နှစ်ထောင်စုတွေ့လည်း တစ်ဝိုလ်ချင်းထွက်၊ အရေးတော်လှအောင် ဆောင်ရွက်ခဲ့တဲ့ကောင်ပါ။ ဒါပေမယ့်...မင်းတရားကြီး အလောင်းတော် မြေမှ မကျသေး။ ငါ့အပေါ် ငါ့လူတွေအပေါ် ယုံယုံကြည်ကြည်မရှိကြ။ နှောင့်နှေးပုပန်တဲ့ သံသယတွေနဲ့ ကြည့်မြင်တာကို ခံခဲ့ရတယ်။ စစ်ဆုတ်ခရီးလမ်းလျှောက် သူ့စစ်ကို ခံရင်း၊ ရိက္ခာ ရှာဖွေဖြည့်သွင်းခဲ့ရတာကိုလည်း မြေဒူးမင်းသားက အမိန့်နဲ့ တားတယ်။ အသက်မသေချင်သေးလို့ ရိက္ခာကို ရရာ မြို့ရွာတွေမှာ ရှာဖွေ ယူစားကြရတာကိုလည်း ငါ မသင့်မတင့် ကျင့်ကြ၊ နိုင်ငံမြို့ရွာ ဇနပုဒ် ကျေးလက်ချောက်ချားအောင် လုပ်တယ်ဆိုပြီး အမည်ဆိုး ငါ့အပေါ် တပ်တယ်။ မှတ္တမ မြသိန်းတန်ဘုရား သွေးသစ္စာစည်းကြပ်ပွဲကို ငါမယုံလို့ နေပြည်တော်က နောင်တော်ကြီး ရှိပါလျက်နဲ့၊ မင်းတရားကြီး အလိုတော်အတိုင်း သားတော် ကြီး ငယ်စဉ်ဆက် ထီးနန်းဆက်ခံဖို့ ရှိပါလျက်နဲ့ မြေဒူးမင်းသား သစ္စာပွဲ မလျှော်ကြောင်း နောင်တော်ကြီးဆီ ငါသဝဏ်စေခဲ့တယ်။ သဝဏ်ယူသွားတဲ့ ငါ့တပ်မှူးကို နေပြည်တော်က ဖမ်းပြီး ကြေးတိုက်သွင်းခဲ့တယ်။ ညီတော် နောင် တော်ချင်း ဖြစ်ကြလို့ ညီစကား နောင်ယုံ၊ နောင်စကား ညီ ယုံမှာ မလွဲဘူး။ ငါ့စကားငါ့သဝဏ်သာ သူတို့အဖို့ ရယ်သွမ်းသွေးစရာ၊ မုန်းတီးစရာ ဖြစ်ခဲ့တယ်။ သည့်နောက် ငါ့ကို နောင်တော်ကြီးမင်းကရော အိမ်ရှေ့စံ မြေဒူးမင်းသားကပါ ပုန်စားသူလို့ အမိန့်တော်ပြန်တယ်။ မြေဒူးဟာ မြသိန်းတန်ဘုရား သစ္စာယူပွဲက သူ့အပြစ်သူ အချိန်မီ တိမ်ငုပ်ပျောက်ပျက်သွားအောင် သူ့နောင်တော်ကို လျှောက် တင်မှာ မလွဲကောန်ပဲ။ အခု ငါ့ကျေးဇူးရှင် မင်းတရားလည်း မရှိတော့ဘူး မောင်ရွှဲ သူငယ်ချင်း၊ မင့်စကားကို ငါ ယုံပြီး လိုက်ခဲ့ရင် ငါကိုယ်တိုင်ကော ငါ့လူတွေပါ ဆင်းရဲကြီးစွာ ရောက်မှာ မလွဲဘူး၊ ယောကျ်ားကောင်းတို့ဆိုတာ ကိုယ့်အသက် လုရေးမှာ မထိတ်မလန့်သာ မရှိရပြီ သူငယ်ချင်း၊ ဘုန်းကံအလျောက် တစ်သက် မှာ တစ်ခါဖြစ်လိုရာသာ ဖြစ်စေတော့ ငါမလိုက်ဘူး။ မင်း ပြန်တော့ မောင်ရွှဲ”

မင်းခေါင်နော်ရထာ၏ တင်းမာသော စကားအဆုံးတွင် သဘင်တစ်ခု လုံး တိတ်ဆိတ်သွားသည်။

မင်းလှနော်ရထာလည်း နှုတ်ခမ်းကို တင်းတင်းစေ့လျက် ခေါင်းကို လေးပင်စွာ ခါယမ်းနေသည်။

စက္ကူရုက သေခွက်ကို စားပွဲပေါ် လှမ်းတင်ပြီး နေရာမှ ထလိုက်မည်ပြုသော် လည်း ဘဒ္ဒါက လက်မောင်းကို ဆွဲထားလိုက်သောကြောင့် ပြန်ထိုင်သွားသည်။ စက္ကူရုနှင့် ဘဒ္ဒါတို့၏ အလှုပ်အရှားကို မည်သူမျှ သတိမပြုမိကြ။





“အားလုံးကို ငါပြောလိုက်မယ်၊ ငါ နောက်ထပ် ဘာစကားမှ မပြော ချင်တော့ဘူး၊ မပြောတော့ဘူး၊ ကဲ...သေသောက်ကြ၊ စက္ကူရုမောင်ရွှဲကို သေငှဲ့ပေး၊ ငါ့ကိုလည်း ပေးစမ်း၊ များများပေး များများ၊ အမူးယစ်ဆုံးအထိ ငါသောက် မယ်၊ ငါ့သူငယ်ချင်းရှေ့မှာ ငါ လဲကျသွားသည်အထိ”

စူးရဲသောအကြည့်များနှင့် စက္ကူရုနှင့် ဘဒ္ဒါတို့ မျက်လုံးချင်းဆုံကြသည်။

တပ်မင်းကြီး မင်းခေါင်နော်ရထာက သေခွက်ကို မြှောက်လိုက်သည်။ ဘဒ္ဒါက စက္ကူရု၏ခွက်ထဲသို့ တကောင်းမှ သေရည်များ လောင်းထည့်ပေးသည်။

မင်းခေါင်နော်ရထာ၏ အသံဝါကြီး ပေါ်လာသည်။

“ကဲ...အားလုံးဟော၊ အားလုံး ဟောဒီ မောင်ရွှဲခေါ် မင်းလှနော်ရထာ ကြီးနဲ့ သူ့တပ်တွေက နက်ဖြန်မနက်အစောပြန်ကြတော့မှာ ဒီည ငါတို့သူငယ် ချင်းနှစ်ယောက်ရဲ့ နှုတ်ဆက်ပွဲမှာ အားလုံး မီးကုန်ယမ်းကုန် သောက်ကြ၊ ကင်းလှည့်ကျတဲ့ ကောင်ကလွဲပြီး အားလုံးကို လွှတ်လွှတ်လပ်လပ် သောက်ခွင့် ပေးတယ်။ ကိုင်း...သူငယ်ချင်း”

သေတကောင်းနှင့် သေခွက်ချင်း ထိခတ်သံများ၊ လောင်းငှဲ့သံများ၊ တဝါးဝါး ရယ်မောသံများဖြင့် သဘင်တစ်ခုလုံး ဆူသွားသည်။

မတုန်မလှုပ်ရှိနေသူမှာ တစ်ဦးတည်း။ ဘဒ္ဒါ။

* * *

## [၁၄]

တပ်စခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

စစ်ပွဲအလယ်တွင် ကြောက်စရာပွဲ ဝင်တတ်ကြသော စစ်သားကြီးများသည် ယခုလိုဆိုတော့လည်း အပြစ်မဲ့ကလေးငယ်များသဖွယ် အိပ်မောကျနေကြသည်။

ကိုယ်ပေါ်မှ တင်းတိမ်စကို ဘဒ္ဒါအသာအယာဖယ်သည်။

လက်ယာဘက်သို့ ငဲ့စောင်းကြည့်သည်။ မောင်ကြီး စက္ကုရ၏ မျက်နှာပေါ်သို့ ဆီမီးအလင်းက ဖျော့တော့စွာ ကျနေသည်။ အိပ်မောကျနေသော မောင်ကြီးစက္ကုရ။ သူ့သား စစ်သည်လုပ်စေ့ဟု သူ့အမေက မွေးပေးလိုက်သည့် စစ်သားကြီး။ အိပ်မောကျနေသော မျက်နှာပြင်ထက်ဝယ် အပြစ်ကင်းစင်သော အရိပ်အငွေ့များ ဖုံးလွှမ်းနေသည်။ ပခုံးပေါ် ရောက်နေသော မောင်ကြီးစက္ကုရ၏ လက်တဘက်ကို ဘဒ္ဒါ ဖြည်းညင်းစွာ ဖယ်လိုက်ရသည်။ မောင်ကြီးနိုးမသွားစေချင်။

အို မောင်ကြီး ဘယ်လိုမှလည်း နိုးမည်မဟုတ်။

ညက သူ့တပ်မင်းနှင့်အတူ တဟားဟား အော်ရယ်လျက် သေခွက်ကို အပြိုင်သောက်ခဲ့ကြသည်။ သဘင်အတွင်းရှိ ဗိုလ်မင်း အကြပ်၊ တပ်မှူးတွေ အားလုံးကိုလည်း မောင်ကြီး စိန်ခေါ်လျက် သေသောက်ပြိုင်ခဲ့သေးသည်။ မရေမတွက်နိုင်သော သေခွက်များကို တစ်ခွက်ပြီးတစ်ခွက် မောင်ကြီး မော့ချသည်။ နောက်ဆုံးတွင် 'ဘဒ္ဒါရေ...'ဟု အော်ကာ သေခွက်လွတ်ကျသွားပြီး လူလည်း ပုံလဲကျသွားသည်အထိ။

ဘဒ္ဒါ စက်ရာမှထမည်။ မောင်ကြီး မနိုးနိုင်မှန်းသိလျက်နှင့်ပင် ညင်သာစွာ လှုပ်ရှားမိနေသည်။ စက်ရာခေါင်းရင်းရှိ ဆီမီးနောက်တစ်ခုကို ထွန်းညှိသည်။ လုံလောက်သောအလင်းရောင်ကို ရပြီ။





ခေါင်းအုံးအောက်သို့ ဘဒ္ဒါ လက်လျှိုသည်။ ပြန်ထုတ်လိုက်သောအခါ ဘဒ္ဒါလက်ထဲတွင် သဝဏ်လိပ်တစ်ခု။ ဆီမီးအလင်းအောက်သို့ နီးကပ်စွာ တိုးရွှေ့ကာ ဘဒ္ဒါသဝဏ်ကိုဖြန့်သည်။

မောင်ကြီး ဟိုနေ့က နှုတ်မှရွတ်ထားသည့်အတိုင်း ဘဒ္ဒါကိုယ်တိုင် လိုက်ရေးထားသည့် စာလုံးများ။

> ဘုန်းတော်ကြီးသော မင်းတရား ရွှေနားတော်သို့ ကျွန်တော်မျိုး စက္ကုရ လျှောက်သွင်းပို့စေအပ်ပါသည်။
>
> ဤသဝဏ်လွှာ ရေးသူမှာ တပ်မင်းကြီး မဟာမင်းခေါင်နော်ရထာတပ်မှ ဗိုလ်စက္ကုရ ဖြစ်ပါသည်။ သဝဏ်ပို့ဆက်ခြင်း အကြောင်းကား ဤနေ့မှလွန်မြောက်၊ ကာလပိုင်းတစ်ခုသို့ ရောက်သည်ရှိသော် မင်းခေါင်နော်ရထာသည် အဝမှ တပ်ကို နုတ်၍ တစ်ပါးသောအရပ်သို့ ..............................
> ..................................................................................
> ..................................................... ။

မိမိ၏ လက်ရေးများကိုပင်လျှင် ဘဒ္ဒါ တစ်ခါမှ မမြင်ဖူးသလို ကြည့်နေမိသည်။ မကောင်းမှုတစ်ခုခု ကျူးလွန်ရသလို ခံစားနေရသည်။

သဝဏ်အဆုံးပိုဒ်ကို ဖတ်မိပြန်သည်။

> တပ်မင်း မင်းခေါင်နော်ရထာ၏ တပ်အတက်အဆုတ်၊ အလှုပ်အရှား အသွားအလာ အပြောင်းအရွှေ့များကို ထပ်မံ၍ မပြတ်မလပ် လျှောက်ကြားပို့စေမည်ဖြစ်ပါကြောင်း ကျွန်တော်မျိုး စက္ကုရ.......... ။

သဝဏ်ကိုင်ထားသော ဘဒ္ဒါ၏လက်များ ဆတ်ဆတ်တုန်လာသည်။ ဖခင်ရင်းသဖွယ် ချစ်မြတ်နိုးအားကိုးရသော မင်းကြီးမင်းခေါင်နော်ရထာ၏ မျက်နှာကို မြင်ယောင်သည်။ 'သမီး ဘဒ္ဒါ'ဟု ခေါ်လေ့ရှိသော မင်းကြီး အသံဝါကြီးကို ကြားယောင်သည်။

သဝဏ်ကို ဆီမီးတိုင်၏ မီးတောက်ပေါ်သို့တင်ရန် စိတ်ကူးကြည့်သည်။

မောင်ကြီးစက္ကုရဆီမှ လူးလွန့်ညည်းတွားသံပေါ်လာသည်။

မောင်ကြီး၏နှုတ်ခမ်းများ ယောင်ယမ်းလှုပ်ရှားနေသည်ကို တွေ့ရသည်။ အသံမထွက်သော်လည်း နှုတ်ခမ်းလွှာ၏ အလှုပ်အရှားကို ကြည့်ရုံဖြင့် သိလိုက်သည်။ ဘဒ္ဒါ... ဘဒ္ဒါတဲ့။

ပင်ပန်းကြီးစွာ သက်ပြင်းတစ်ချက် ရှိုက်သည်။

မောင်ကြီးစက္ကူရ၏ နဖူးပြင်သို့ မိခင်တစ်ဦး၏ ကရုဏာမျိုးဖြင့် အသာအယာ မွတ်သပ်ပေးမိသည်။ ဟိုတလောက မောင်ကြီးပြောသော စကားများကို ကြားယောင်လာသည်။

“မောင်ကြီး သေကျူးတဲ့သေ သမားကြီး ဖြစ်နေတာဟာ
အင်မတန်ကြီးမားတဲ့ ဝေဒနာတစ်ခု ရှိနေလို့၊ အဲဒီဝေဒနာကြီး
အရည်ပျော်ကျသွားလေမလားလို့ ထုရွှဲဖျက်ဆီးတဲ့အနေနဲ့
သေသောက်ရာကအစ အစုလို…”

အို မောင်ကြီးရဲ့ ဝေဒနာဟာ ဘဒ္ဒါရဲ့ ဝေဒနာပါ။ နလုံးကြေကွဲနေတဲ့ စစ်သားကြီးရဲ့အဖြစ်ကို ဘဒ္ဒါမကြည့်ရက်ဘူး။ မောင်ကြီးအတွက် ဘဒ္ဒါအသက်ရှင်နေတာမဟုတ်လား။

သဝဏ်ကို ပြန်လိပ်လျက် ဘဒ္ဒါခါးစည်းကြိုးကို ပြင်ဝတ်သည်။

သဝဏ်လိပ်ကို ရင်ဝတ်အတွင်းသို့ ထည့်သည်။

ခါးစည်းကြိုးထဲသို့ ညဥ့်က မင်းကြီးမင်းလှနော်ရထာ လက်ဆောင်ပေးခဲ့သော ဖရန်စစ်လုပ် ဆင်စွယ်ရိုးတပ် ရွှေကနုတ်ပန်းဖော် ပြောင်းတိုသေနတ်ကို ထိုးထည့်လိုက်သည်။

စက်ရာဘေးမှ ဘဒ္ဒါ ခွာခဲ့သည်။

ကင်းအလှည့်ကျ ရဲမက်မသိအောင် မင်းကြီးမင်းလှနော်ရထာ၏ တပ်သားများ စခန်းချရာတဲဆီသို့ သွားရပေမည်။ ပြီးတော့ မောင်ကြီးစက္ကူရ မှာကြားထားသလို နေပြည်တော်ပြန်မည့် မင်းလှနော်ရထာ၏ တပ်သားများအနက်မှ မောင်ကြီး၏ လူယုံတော် တပ်မှူးတစ်ယောက်ထံ ဤသဝဏ်ကို ပေးရမည်။

မောင်ကြီးစက္ကူရက…

‘သူ့လက်ထဲကို ရောက်အောင်ထည့်။ ဘယ်သူမှ မသိစေနဲ့ ဘဒ္ဒါ။ သူ့ကိုလဲ မောင်ကြီးပြောပြီးသား။ ဒီည ဘဒ္ဒါ လာပေးလိမ့်မယ်လို့၊ မောင်ကြီးရဲ့ဝေဒနာကို ဘဒ္ဒါ မျှဝေခံစားလိုတယ်ဆိုရင် ဒီအမှုကို လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်ပြီး ဆောင်ရွက်ပါ ဘဒ္ဒါ။ ဒီသဝဏ်ဟာ မောင်ကြီးနဲ့ ဘဒ္ဒါတို့ရဲ့ အနာဂတ်ကို ဆုံးဖြတ်မယ့် သဝဏ်’ဟု မှာထားသည်။

ပြီးတော့ ဆိုသေးသည်။





‘မင်းကြီးမင်းလှနော်ရထာပေးတဲ့ ပြောင်းတိုသေနတ်ကိုတော့ ဘဒ္ဒါပဲ ယူထား၊ ဘဒ္ဒါ ကိုယ်နဲ့မကွာ အမြဲဆောင်ထား။ တပ်တော်အတွင်းမှာ အရေးတော်များ ရှုပ်ထွေးလှတယ်။ အရေးကြုံရင် ဘဒ္ဒါ အဲဒီသေနတ်ကိုသာသုံးကြားလား’

တိတ်ဆိတ်အားကြီးသော တဲစခန်းတစ်လုံး၏ ညဥ့်အမှောင်တွင် ကျားသစ်မတစ်ကောင်၏ လှုပ်ရှားမှုမျိုးဖြင့် လှုပ်ရှားနေသူမှာ ဘဒ္ဒါတစ်ဦးတည်း။

တထိတ်ထိတ်ခုန်နေသော ရင်ထဲတွင် အသံတစ်သံသည် ပဲ့တင်မပြတ် အခါမလပ် မြည်ဟည်းနေသည်။

ချစ်တဲ့မောင်ကြီးအတွက်၊ ချစ်တဲ့မောင်ကြီးအတွက်၊ ချစ်တဲ့မောင်ကြီးအတွက်၊ ချစ်တဲ့…။

* * *

## [၁၅]

ခြောက်လပြည့်ရန် သုံးရက်သာ လိုတော့သည်။

အင်းဝမြို့မှ မင်းခေါင်နော်ရထာ၏ တပ်အဖို့ သည်းမျှသော ကာလထက်ပို၍ ကြာရှည်စွာ အဝတွင် တပ်စွဲနေရန်မဖြစ်တော့။

နောင်တော်ကြီးမင်းက စစ်ကိုင်းမှ ရပ်တန့်ဆိုဆီး၍ အဝကို လုပ်ကြသည်။ နေပြည်တော် တပ်မများနှင့် မင်းခေါင်နော်ရထာ၏ တပ်တစ်တပ်တည်း စစ်ပြိုင်ရေးတွင် မြို့တွင်းတပ်မှာ အင်အားချင်း မယှဉ်သာ။

သို့သော် အတိုက်အခိုက်ထက် ရိက္ခာက ပို၍အခက်အခဲတွေ့လာသည်။ မင်းခေါင်နော်ရထာသည် တပ်မှူးဗိုလ်မှူးများအားလုံးကို စုညီစုရုံး တွေ့ဆုံလေသည်။

'အဝမှာ ဆက်နေလို့ မဖြစ်တော့ဘူး။ လက်နက်၊ ရဲမက်အင်အား၊ သေနင် ဘာတစ်ခုမှ တို့ကြောက်စရာမလိုပါဘူး။ ဒါပေမယ့် တို့မှာ ရိက္ခာပြတ်လပ်ပြီ။ တို့ အဝကိုစွန့်ပြီး စခန်းစစ်မျက်နှာ ပြောင်းကြရလိမ့်မယ်'

သားရေချပ်မြေပုံကို နန်းဆောင်နံရံတွင် ချိတ်ဆွဲကာ တန်နက်နှင့် တနေ့လယ်လုံးလုံး စုဝေးတိုင်ပင်ကြသည်။ နောက်ဆုံးတွင် ခရီးလမ်း၊ အင်အား၊ နေရာဒေသ အင်္ဂါရပ် အသင့်လျော်အလျောက်ပတ်ဆုံး ဒေသတစ်ခုကို ရွေးချယ်လိုက်ကြသည်။

'ဒီညပဲ တပ်နုတ်ပြီး ငါတို့ဇင်းမယ်ကို သွားမယ်'

ဗိုလ်မှူး၊ တပ်မှူးများ အသီးသီး နန်းဆောင်ထဲမှ ထွက်သွားကြသော်လည်း စက္ကာရတစ်ယောက်သာ ကျန်နေရစ်ခဲ့သည်။





'စက္ကာရ မင်း မသွားသေးဘူးလား၊ မြို့စောင့်တပ်ကို သွားသိမ်းလေ'

'ကျွန်တော် တစ်ခုပြောချင်လို့ပါ တပ်မင်း'

'ပြော'

'တပ်ချီရင်၊ တပ်မင်းအပါးမှာ ကျွန်တော်လိုက်ပါပါရစေ'

အေး လိုက်ခဲ့။ သမန်ကြီးနဲ့ သမန်ငယ်ကို မြို့စောင့်အကြီးအမှူးပေးလိုက်။ အေးလေ အမှန်တော့ ဒီလိုအခါမျိုးမှာ ငါ့အနားမှာ မင်းကလွဲလို့ ဘယ်သူရှိဦးမှာလဲ စက္ကာရ။ ဒီတစ်ခါတော့ မင်းတစ်ယောက်တည်းတင် မဟုတ်ဘူး။ ဗိုလ်မှူးမင်းကတော် ဘဒ္ဒါပါ ငါ့အနားမှာ ရှိနေပြီ။ ဟား ဟား ဟား'

စက္ကာရ မပြုံးမရယ် ရှိလေသည်။

* * *

## [၁၆]

နဂါးပွက်တောင်ကို ကွေ့ပတ်လိုက်သောအခါ ဆင်ခြေလျော တောင်တန်းများကို တွေ့ရသည်။ ရိုးမ၏ အစအနအဖျားအစွန်းများ ဖြစ်ဟန်တူသော တောင်ကမူတို့သည် မနိမ့်လွန်း မမြင့်လွန်းသော မျက်နှာပြင်ဖြင့် လှပနေကြသည်။

ဆောင်းဦးနှင်းမှုန်တို့ တစ်တောလုံး တစ်တောင်လုံးတွင် ဖွေးမစ်ရှိကြသည်။ ကျောက်စရစ်ဆေါသော မြေပြင်ထက်က ချုံဖုတ်နှင့် မြက်တောတို့အပေါ်တွင် နှင်းမြူစတို့ ပင့်ကူမွှေးယှက် တွဲခိုနေကြသည်။

နှင်းကား မြေပြင်တွင် ထုထပ်ဖြူလွှစွာ။

မြေပြင်အထက် ခင်တန်းတောင်ရိုးအပေါ်တွင်ကား ပါးလျားမှိုင်းညို့စွာ။

ခင်တန်းအထက် သစ်ပင်ထိပ်ဖျားဆီတွင်မူ နှင်းသည် ကျိုးကျဲဖျော့တော့သွားလေသည်။

တောနှင့်တောင်ကို နှင်းငွေ့သည် အဆင်းသုံးမျိုးနှင့် သီဖောက်လွှမ်းခြုံထားသည်။

နှင်းရည်သောက်သစ်ခွတို့က မန်ကျည်းပင်ထက်တွင် ကြောင့်ကြမဲ့စွာ ပွင့်အာနေကြသည်။ တောသဇင်ရနံ့သည်လည်း နှင်းဆွတ်လေအေးထဲတွင် ဝေ့ဝိုက်မျောလွင့်နေတတ်သည်။ နေခြည်အပွင့်၊ နေပြောက်အဆင်းတွင် သစ်ရွက်များမှ နှင်းပေါက်တို့ ရွက်ကြောများအပေါ်သို့ ဖြိုးဖြိုးဖြောက်ဖြောက် စုန်ဆင်းနေကြသည်။

နှင်းရည်ကြွေသံ တဖောက်ဖောက်။

မြင်းခွာသံ တဖြောင်းဖြောင်းကျိုးကျဲ ထွက်ပေါ်လာသည်။





အလယ်မှ မြင်းညိုကြီးအပေါ်တွင် မင်းခေါင်နော်ရထာ။ ဝဲဘက်ဘေးတွင် စက္ကရ၊ စက္ကရ နောက်ဘက်နားတွင် ဘဒ္ဒါ၊ မြင်းသုံးစီး၏နောက် မလှမ်းမကမ်းတွင် မင်းခေါင်နော်ရထာ၏ လက်ရွေးစင်ကိုယ်ရံရဲမက်တစ်စု လိုက်ပါလာကြသည်။

"ဒီနေရာဟာ ရေလွဲကိုးခရိုင်နေရာပဲကွ။ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်ရာလောက်က အနော်ရထာမင်းကြီးရဲ့ လက်ရာတွေကြားထဲကို အခုဖြတ်သွားနေကြတာ"

မင်းခေါင်နော်ရထာက စက္ကရကို အေးချမ်းစွာ ပြောလာသည်။

"ရေကို အကန့်အကန့် ဆည်ယူလိုက်တဲ့ ပြက်ခရွှေတောင်၊ ကယွတ်တောင် ဆိုတာ ဟိုးဘက်မှာ ဝိုးတဝါး တွေ့နေရတဲ့ မှိုင်းညို့ညို့တောင်ကြီးတွေဖြစ်မယ်။ အင်း...ပန်းလောင်မြစ်ကတော့ ဟိုဘက်မှာ ရှိလိမ့်မယ်ထင်တယ်"

မင်းခေါင်နော်ရထာ၏ မောက်ရှထက်တွင် နှင်းများစိုရွှဲနေသည်။ မျက်ရည်အစိမ်းရင့်စစ်ဝတ်စုံအပေါ်မှ ထပ်ဝတ်လာသော ကြိုးသေးကိုယ်ကျပ်တွင်လည်း နှင်းစက်များ အဖွေးသား ရှိနေလေသည်။

"ဟောဒီ ကျောက်ဆည်နယ်ဟာ လယ်တွင်းနယ်တွေအနက်မှာ အဝပြော အချမ်းသာဆုံးနယ် ဖြစ်ခဲ့တယ်။ အနော်ရထာမင်းကြီးဟာ နိုင်ငံအလုံး အေးချမ်းအောင်ပြုရင်း ဒီအလုပ်တွေကိုလည်း မနားမနေ အားသွန်ခဲ့ပေတာပဲ။ အေးကွာ တိုင်းပြည် နိုင်ငံအေးချမ်းရင်တော့ ငါတို့လည်း အနော်ရထာမင်းနဲ့ သူ့သူရဲကောင်းတွေလို ရေတွေဆည်၊ ကန်တွေတူး၊ လယ်တွေတည်ပြီး ပြည်သူပြည်သားတွေ ရိက္ခာခနအလျှံပယ်ဖြစ်အောင် လုပ်ကြရမှာပေါ့။ ယောကျ်ားကောင်းဆိုတာ စစ်ချည်းတိုက်နေလို့ မပြီးဘူးကွ"

အေးမြသန့်ရှင်းသော နံနက်ခင်းဝယ် မင်းခေါင်နော်ရထာသည် မျက်မှောက်ဘဝကိုပင် မေ့လျော့နေဟန်။

"မြင်းစက်လျော့ပေးလိုက်မယ်ကွာ။ ဒီနေရာကို ဖြတ်သွားရတာ ငါ့စိတ်တွေ ကြည်နူးနေတယ်။ အင်း... ဓားနဲ့ကျောက်မီးသေနတ်တွေကို လွှင့်ပစ်ပြီး တံစဉ်နဲ့ ကောက်ဆွတ်ကိုင်နိုင်ကြဖို့ အချိန်အခါဟာ ဘယ်လောက်များ ကြာဦးမလဲ မသိပါဘူးကွာ"

နှင်းမှုန်တို့အကြား မင်းခေါင်နော်ရထာသည် တည်ငြိမ်လေးနက်နေသည်နှင့်အမျှ စက္ကရမှာ လှုပ်ရှားပူလောင်နေသည်။

"ဆင်ခြေလျှောတောင်တွေနဲ့ ခင်တန်းတောစပ်နဲ့ သစ်ပင်ကြီးတွေ၊ ပန်းပင်တွေ၊ စမ်းချောင်းတွေနဲ့ ဘယ်လောက်သာယာတဲ့ နေရာလဲ ကြည့်စမ်း စက္ကုရ။ ဟောကောင် ငါပြောနေတာ ကြားရဲ့လားကွ"

"ဟုတ်...ဟုတ်ကဲ့ တပ်မင်း"

"မင်းကတော့ စစ်ရဲ့အလုကလွှဲပြီး ဘာကိုမှ မမြင်တတ်တဲ့ ကောင်ပါပဲကွာ။ ဟား...ဟား"

ခင်တန်းတောစပ်အနီးသို့ ရောက်လာကြသည်။

"ဇင်းမယ်ရောက်လို့ နေပြည်တော်က ငါ့ကို အမေ့အလျော့ရှိသွားခဲ့သည် ဆိုရင်ပေါ့ကွာ၊ ငါ တံစဉ်နဲ့ ကောက်ဆွဲပဲကိုင်ချင်တယ်။ အေးလေ ဒါက မဖြစ်နိုင်တဲ့အရေးပဲ။ ငါဆိုတဲ့အကောင်ရဲ့ လက်လည်း ဓားနဲ့ သေတကောင်းပဲ ကိုင်တတ်နေပြီဟာကိုး"

ကျောက်တုံးများက ရစ်ခွေစီးဆင်းနေသည့် စမ်းချောင်းငယ်တစ်ခုကို ဖြတ်ကြရသဖြင့် မြင်းဇက်ကို ပို၍ လျှော့ပေးလိုက်ကြသည်။

"အင်း...အဲဟို ခင်တန်း လွန်ရင်တော့ ဇက်ဖွင့်စိုင်းကြစို့ဟေ့။ သဘာဝလှပမှုအတွက် စိတ်တံခါးကို ပိတ်ပစ်ရတော့မယ်။ စက္ကုရ မင်း ဘာဖြစ်နေတာလဲ။ ဘဒ္ဒါနဲ့ စိတ်ဆိုးကြသလား။ ဇနီးမယား ခင်ပွန်းဆိုတာ ဒီလိုပေါ့ကွာ၊ အချစ်ဆိုတာ ...အဲ...ငါလည်း မပြောတတ်ဘူးကွ၊ ဟား...ဟား...ဟား"

စမ်းချောင်းကို ဖြတ်ပြီးခဲ့ပြီ။

"ခင်တန်းရိုးဖြတ်ကြစို့။ ခင်တန်းလွန်ရင် တောအုပ်ထဲဝင်ရတော့မယ် ထင်ရဲ့။ အင်း...ဒီနေရာလေး ငါ လွမ်းလိုက်ပါသေးတော့။ ငါ့ဘဝမှာ ဒီကာလမျိုးလေးဆိုတာ ရခဲဘိခြင်း။ ကိုင်း...လာဟေ့ စက္ကုရ"

မြင်းပေါ်၌ မတ်မတ်ပြင်ထိုင်ရင်း မြင်းဇက်ကို ဖွင့်ရန် မင်းခေါင်နော်ရထာ အသင့်ပြင်လိုက်သည်။

*

နှင်းမြူဆိုင်းသော ဆောင်းနံနက်၏ အအေးဓာတ်အောက်တွင် စက္ကုရ မျက်နှာမှာ ချွေးစေးတွေ ပြန်နေသည်။ စစ်သွေးတို့ဖြင့် နီမြန်းတင်းမာနေလေ့ရှိသော စက္ကုရ၏ ပါးပြင်နှစ်ဖက်သည် ဖြူရော်သွေးဆုတ်နေသည်။

မဆေးလှသောအတိတ်ဆီမှ ပုံကားချပ်များသည် တစ်ချပ်ပြီးတစ်ခု မျက်နှာပေါ်သို့ ရိုက်ပုတ်တိုးဝင်လာကြသည်။





အဝမြို့စောင့်တပ်သို့ မင်းကြီးမင်းလှနော်ရထာရောက်လာစဉ်က ဘဒ္ဒါအား ဖရန်စစ်လုပ်ပြောင်းတိုသေနတ် လက်ဆောင်ချီးမြှင့်စဉ်ကာလက မင်းကြီး မင်းလှနော်ရထာ ပြောခဲ့သော စကားလုံးများ။

"စစ်နဲ့ပဲ မွေ့လျော် ကြီးပြင်းလာခဲ့တဲ့ ယောကျ်ားကြီးတစ်ယောက်ကို ပိုပြီး ရင့်ကျက်ပြည့်စုံလာအောင် လုပ်ပေးဖို့ဆိုတာ ငါလည်းမတတ်နိုင်၊ မောင်တွန်လည်း မတတ်နိုင်ဘူးကွ။ ဒါမျိုးဆိုတာ မင်းတို့ငါတို့က အားနွဲ့သူတွေလို့ ထင်ထားတဲ့ မိန်းမသူတွေသာ တတ်နိုင်တာမျိုးကွ။ စစ်ပွဲရဲ့ သူရဲကောင်းကို လူ့ဘဝမှာလည်း ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် သူတို့မိန်းမသူတွေက ပြုနိုင်စွမ်းတယ်ကွ"

"ငါ့သမီး ဘဒ္ဒါကတော့ စက္ကုရကို ပိုမိုကောင်းမွန်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်မယ့် ပါရမီဖက်ဖြစ်တယ်လို့ ငါယုံကြည်တယ်"

စက္ကုရနှလုံးသားများ ပေါက်ကွဲတော့မတတ် ဖြစ်လာသည်။

မလှမ်းမကမ်းနောက်ဆီမှ လိုက်လာသော ဘဒ္ဒါကို လှည့်ကြည့်မိသည်။

မြင်းဇက်ကြိုးပေါ်သို့ အလိုက်သင့်တင်ထားသောလက်များကို ငုံ့ကြည့်မိပြန်သည်။ စစ်ပွဲဝင်လက်နက်မျိုးစုံတို့ကို ကိုင်ဆောင်ခဲ့သောလက်၊ ရန်သူ့သွေးကို ဖောက်ထုတ်ခဲ့သောလက်။ ယခုသော်မူ ထိုလက်များကိုပင် စက်ဆုပ်မုန်းတီးလာတော့သည်။

တပ်မင်းကြီး မင်းလှနော်ရထာကား ရှေ့ခင်တန်းတောစပ်ကို ဖြတ်ရန် မြင်းကို အသင့်ပြင်နေပြီ။

မင်းကြီး၏မြင်းကား အရှေ့သို့ ရောက်သွားသည်။ စက္ကုရကား မြင်းဇက်ကို မကိုင်ဖြစ်။ မြင်းလည်ဆံမွှေးများပေါ်တွင် ဇက်ရောလက်ပါ ပုံကျနေသည်။ မြင်းကိုနှင်ရန် မကြိုးစားမိ။

ခင်တန်းတောစပ်ဆီသို့ တူရူနေသော ဤကာလတဒင်္ဂ။

ဤမြင်းတို့၏ ခြေလှမ်းတစ်ရွေ့။

မိမိရင်ထဲမှ မရပ်မနား မြည်ဟည်းနေသော နှလုံးခုန်သံသည် ခင်တန်းတောစပ်တစ်ဝိုက်ကို ဖုံးသွားပြီဟု စက္ကုရ ထင်သည်။

တောစပ်သို့ ဝင်ပြီ။

အတိုင်းမသိသော နာကျင်ခြင်းတို့ဖြင့် တစ်ကိုယ်လုံး လွင့်စဉ်သွားမည်နှယ်...။

"စက္ကုရ လာလေကွာ၊ ဘာဖြစ်လို့ နောက်ချန်"

ခင်တန်းတောစပ်ထဲမှ သေနတ်သံများ တဖြောင်းဖြောင်းအဆက်မပြတ် ပေါ်လာသည်။ စက္ကရူ အသံနက်ကြီးဖြင့် အော်လိုက်သည်။

မင်းခေါင်နော်ရထာ မြင်းပေါ်မှကျသည်။

နှင်းငွေ့မြူလွှာများကို ယမ်းငွေ့များ ဖုံးသွားသည်။

ဖြူလွှဖွေးဥနှင်းစက်တို့ကို အနီရောင်ဖုံးသွားသည်။

မြင်းကို ဒုန်းစိုင်းကာ အနီးသို့ ရောက်သွားချိန်တွင်မှ မင်းခေါင်နော်ရထာသည် မြင်မကောင်း ရှုမကောင်း သွေးသံရဲရဲဖြင့် လဲကျနေပေပြီ။

ရင်ဝမှပွက်ခနဲ ထွက်အန်လာသော သွေးတို့နှင့်အတူ မင်းခေါင်နော်ရထာသည် မီးလျှံထွက်မတတ် မျက်လုံးများဖြင့် စက္ကရူကို တစ်ချက်ကြည့်ကာ ငြိမ်သက်သွားသည်။

သို့သော် မျက်လုံးများ မပိတ်။

တောစပ်တောင်တန်းတစ်ဝိုက် ပဲ့တင်ရိုက်သွားသော သေနတ်သံများကြောင့် နောက်မှတပ်များ ဖြိုင်ဖြိုင်လှုပ်ကာ အပြင်းနှင်လာကြသည်။ မြင်းရော လူပါ အရှုပ်ရှုပ် အထွေးထွေး၊ ခင်တန်းစပ်ဆီမှ သေနတ်သံများ မစဲသေး။ ရုတ်ခြည်းပင် အေးချမ်း တိတ်ဆိတ်သော တောစပ်တစ်ဝိုက်မှာ မြင်းဟီးသံ၊ အော်ဟစ်သံ၊ သေနတ်သံများဖြင့် သာယာမှု ပျက်စီးသွားသည်။ အေးမြဖြူဖွေးသော နှင်းစက်တို့အပေါ်တွင် ပူနွေးနီရဲသော သွေးများ စွန်းထင်းပေကျသွားသည်။

“ဘဒ္ဒါ…ဘဒ္ဒါ…မောင်ကြီး ဒီမှာ၊ ဒီဘက်ကိုလာ”

“မောင်ကြီး…မောင်ကြီး”

“တပ်မင်းကျပြီ၊ ရန်သူပုန်းပြီး ပစ်နေတယ်”

“ခင်တန်းစပ်ထဲ ဖွတ်ဝင်ကြဟေ့”

“လက်နက်တွေ စွန့်ကြ၊ မင်းကြီးရဲ့တပ်က ဝိုင်းလာပြီ”

“ဘဒ္ဒါ…ဘဒ္ဒါ”

“မောင်ကြီး”

နောက်မှ လိုက်လာသော မြင်းစီး ကိုယ်ရံတပ်များ ကစဉ့်ကလျားဖြစ်သွားသည်။ သို့သော် ချက်ချင်း ပြန်စုရုံးကာ ခင်တန်းချုံစပ်များဆီသို့ အတင်းဝင်ကြသည်။ တောစပ်တွင် ပုန်းခိုနေကြသော ရတနာသိမ်တပ်သားများ သေနတ်ကို အသုံးမပြုသာတော့။ ဓားချင်း၊ လှံချင်း၊ ရင်ဆိုင်ခုတ်သည့် တိုက်ပွဲအသွင် သို့ ပြောင်းသွားသည်။

“အားလုံးရပ်လိုက်ကြ၊ တပ်မဝိုင်းထားပြီ”





ရုန်းရုန်းရွှားရွှားအသံနက်ကြီး၏ သြဇာကြောင့် တိုက်ခိုက်နေသူများ ရုတ်တရက် ရပ်သွားသည်။

မဟာမင်းလှနော်ရထာ။

တပ်မင်းကြီး မင်းလှနော်ရထာကို တွေ့လိုက်ကြသည့်အတွက် နှစ်ဖက်တပ်များ အတိုက်ရပ်သွားသည်။ မင်းလှနော်ရထာသည် လဲကျနေသော မင်းခေါင်နော်ရထာဆီ ပြေးသွားကာ မင်းခေါင်နော်ရထာဘေးတွင် ဒူးထောက်ထိုင်လိုက်သည်။

“မောင်တွန် သူငယ်ချင်းရယ် မင်း…”

မင်းခေါင်နော်ရထာ၏ ဦးခေါင်းကို ပွေ့ထူလိုက်မည်အပြုမှာပင် တောစပ်တစ်နေရာဆီက ရှုရှုဝါးဝါး အသံတစ်ချက်ပေါ်လာသည်။ ရန်သူကို လက်စားချေတော့မည် ခြသေ့မတစ်ကောင်၏ အာခေါင်ကို ခြစ်၍ အော်လိုက်သံမျိုး ဖြစ်သည်။ အသံရှင်ကား ဘဒ္ဒါ။

“ရှင် ကျွန်မနား မလာနဲ့။ သစ္စာဖောက်၊ လူယုတ်မာ ထွက်သွား”

နေခြည်လက်၍ နှင်းကွဲပေပြီ။

သစ်ခက်တို့အကြားမှ ဖောက်ထွင်းစီးဆင်းလာသော ရွှေရောင်အလင်းမျှင်များအောက်တွင် လှုပ်ရှားနေသည့် သဏ္ဌာန်နှစ်ခုကို တွေ့လိုက်ကြရသည်။ စက္ကရူနှင့် ဘဒ္ဒါ။ စက္ကရူက တစ်လှမ်းချင်း တရွေ့ရွေ့ ရှေ့သို့ တိုးသွားနေသည်။ ဘဒ္ဒါက တစ်လှမ်းချင်း တရွေ့ရွေ့ နောက်သို့ဆုတ်သည်။

“ရှေ့မတိုးနဲ့ သစ္စာဖောက်၊ ရှင်ထွက်သွား ထွက်သွား၊ ရှင့်နောက်ကို ကျွန်မ မလိုက်နိုင်ဘူး”

ဘဒ္ဒါ၏အသံသည် ရင်အုံ စွဲဝင်နေသော တံစို့ချောင်းကို ဆွဲထုတ်နေသည့် သားကောင်တစ်ကောင်၏အော်သံမျိုးနှင့်လည်း တူနေသည်။ မကောင်းဆိုးဝါး တစ်ကောင်နှင့် တွေ့သော ကလေးငယ်တစ်ယောက်နှယ်လည်း ဖြစ်သည်။ စက္ကရူကား အသက်ကင်းမဲ့သော လှုပ်ရှားမှုမျိုးဖြင့်သာ ဆိတ်ဆိတ်စွာ တရွေ့ရွေ့ တိုးဝင်နေသည်။

“ရှင် ကျွန်မနား မလာနဲ့နော်”

စက္ကရူက လက်ဝါးနှစ်ဖက်ကိုဖြန့်ရင်း ဘဒ္ဒါဆီသို့သာ တိုးရွေ့နေသည်။ အသံတစ်စုံတစ်ရာမထွက်။ စက္ကရူ မျက်နှာကား လှုသေကောင်လို ဖြူဖွေးနေချေသည်။

“သစ္စာဖောက် လူယုတ်မာ၊ ရှင်ဟာ သူရဲကောင်း မဟုတ်ဘူး၊ စက္ကူရ ဆိုတဲ့လူဟာ ရှင် မဟုတ်တော့ဘူး။ ရှင့်ကြောင့် ရှင့်ကြောင့် တပ်မင်းကြီး မင်းခေါင်နော်ရထာ ကျဆုံးသွားရပြီ။ မင်းကြီး ဒီလိုဖြစ်မယ်ဆိုတာ သိလျက်နဲ့ ရှင် …ရှင် သစ္စာဖောက်တယ်။ ရှင့်ကို ကျွန်မ ယုံစားပြီး အကူအညီပေးခဲ့တယ်”

စက္ကူရ တစ်ခုခုကို တဖွဖွရေရွတ်နေဟန်ရှိသည်။ သို့သော် အသံကား ထွက်မလာ။ သူရဲကောင်း စစ်သားကြီးတစ်ဦး၏ အသွင် လုံးဝမရှိတော့။ စက္ကူရ သည် ဘဒ္ဒါရှေ့တွင် အဆမတန် သေးငယ်သွားသည်ဟု ထင်ရသည်။

တရွေ့ရွေ့ နောက်ဆုတ်ရင်းဖြင့်ပင် ဘဒ္ဒါ သစ်ပင်တစ်ပင်ကို ကပ်မိ သွားသည်။ စက္ကူရကား ရှေ့ဆက်တိုးလျက်။

“ရှင် ကျွန်မအနား မလာနဲ့ မလာနဲ့”

နှင်းနှင့် မြူကို ဖောက်ခွဲစီးဝင်လာသော နေခြည်တန်းသည် ဘဒ္ဒါ၏ မျက်နှာပေါ်သို့ ကျရောက်နေသည်။ ဘဒ္ဒါ၏မျက်လုံးအစုံတွင် နေခြည်လင်းလက် စွာ တောက်ပနေသည်။ ထိုမျက်လုံးများမှပင် အလင်းရောင်များ ပြန်၍အန်ထွက် လာလေသည်။

“မလာနဲ့၊ သစ္စာဖောက် မလာနဲ့”

ဘဒ္ဒါ ရူးသွပ်သွားပြီ ထင်ရသည်။

လက်အစုံကို တင်းတင်းဆုပ်သည်။ ထိုနောက် ဘယ်လက်သည် ခါးစည်း ကြိုးဆီသို့ ရောက်သွားသည်။ ခါးစည်းကြိုးတွင်ကား ပြောင်းတိုသေနတ်၏ လှပသော ဆင်စွယ်လက်ကိုင်ရိုး။

ပြောင်းတိုသေနတ်ကို ဘဒ္ဒါ ဆွဲထုတ်ယူသည်။ သေနတ်ကိုင်ထားသော ဘယ်လက်ပေါ်တွင် ညာလက်ဖြင့်ထပ်၍ ဆုပ်ကိုင်သည်။ ဝင်းလက်သော သေနတ်ပြောင်းငယ်၏ ဦးတည်ရာကား စက္ကူရ။

“သစ္စာဖောက်”

တစ်တောလုံး ပဲ့တင်ထပ်သွားအောင် အော်ဟစ်လိုက်သောအသံ၏ နောက်ထပ်ကြပ်မကွာ ပေါ်လာသည်ကား သေနတ်သံ။

စက္ကူရ၏ ရင်အုံဘယ်ဘက်တွင် အနီကွက်ကြီး ဖြစ်ပေါ်လာသည်။ သွေးကွက်ပေါ်သို့ စက္ကူရ လက်ဖြင့် မအုပ်။ ဆတ်ဆတ်တုန်နေသောလက်ကို ဘဒ္ဒါဆီသို့ ဆန့်တန်းဝှေ့ယမ်းနေသည်။ လှမ်းဆဲခြေထောက်ကို ရပ်တန့်သွား သည်။ ယိမ်းယိုင်လှုပ်ခါလာသည်။ ထိုနောက် …





စက္ကူရ ဒူးများ ဖြည်းညင်းစွာ သွက်ခွေသွားကာ နှင်းတို့စွတ်စိုဆဲ မြက် ခင်းပေါ်သို့ လဲကျသွားလေသည်။

“ဗိုလ်မင်း”

ပြိုင်တူအော်လိုက်သော အသံနှစ်ခု ပေါ်လာပြန်သည်။ သမန်ကြီးနှင့် သမန်ငယ် ဖြစ်သည်။ စက္ကူရ လဲကျနေရာဆီသို့ ပြေးလာကြသည်။ သို့သော် စက္ကူရထံသို့ မရောက်။

“ရပ်လိုက်ကြစမ်း”

ဘဒ္ဒါ၏ အမိန့်ပေးသံကြောင့် သမန်ကြီး သမန်ငယ်တို့ တုံ့ခနဲ ရပ်လိုက် ကြရသည်။ ဘဒ္ဒါက သေနတ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားဆဲ။

“ဘယ်သူမှ ကြည့်စရာမလိုဘူး။ သစ္စာဖောက် ဗိုက်စက္ကူရဟာ ဘဒ္ဒါနဲ့ သက်ဆိုင်တယ်။ နေရာက မရွေ့နဲ့။ သမန်ကြီး သမန်ငယ် နင်တို့ရဲ့ ဗိုလ်မင်း ဟာ သူ့အပြစ်ကို သူခံယူနေတာ”

သမန်ညီနောင်တို့ မလှုပ်ရဲကြ။

ဘဒ္ဒါ၏ လက်ထဲမှ သေနတ်ပြောင်းဝတွင် ယမ်းငွေ့များ အူနေဆဲပင်။ နှင်းဆွတ်နေခြည်တန်းများကြားတွင် သေနတ်ပြောင်းမှ ယမ်းငွေ့ဖြူပြာပြာတို့ သည် လှပစွာ လွင့်လူးစီးယှက်နေကြသည်။

“ငါ့ရဲ့သစ္စာဖောက်လေ၊ ငါချစ်တဲ့ သစ္စာဖောက်ကို ငါ သုတ်သင်လိုက် တယ်။ သူသေသွားပြီလား သေရမှာပေါ့။ မသန့်ရှင်းတဲ့ နှလုံးသားတည်တည်ကို ငါပစ်ဖောက်ပြီး ဆေးကြော ပစ်လိုက်တာပဲ။ သူသေရမှာပေါ့။

သေနတ်ကိုကိုင်ရင်း ဘဒ္ဒါ စက္ကူရ လဲကျနေရာသို့ ပြေးသွားသည်။ ဒူး ထောက်ကြည့်သည်။ သွေးသံအလူးလူး အလိမ်းလိမ်း စက္ကူရကို ရင်ခွင်တွင် ပွေ့ထူလိုက်သည်။

“သူ သေသွားပြီ”

စက္ကူရကို အသာအယာ ပြန်ချသည်။ ထိုနောက် ဘဒ္ဒါ ပြန်ရပ်သည်။

အားလုံး ငေးငိုင်တိတ်ဆိတ်စွာ ရှိနေကြချိန်မှာပင် ဘဒ္ဒါ၏ ရူးရူးသော အသံ ပေါ်လာပြန်လေသည်။

“ဗိုလ်မင်းစက္ကူရကို ဘဒ္ဒါ ပစ်သတ်လိုက်တယ်။ ဘဒ္ဒါ သူ့ကို မဖော် ပြနိုင်လောက်အောင် ချစ်လွန်းလို့၊ မြတ်နိုးလေးစားလွန်းလို့ သူ့ကို သတ်ပစ် လိုက်တာပဲ။ သူ ဒီအတိုင်း အသက်ရှင်သွားမှာကို ဘဒ္ဒါ မကြည့်ရက်ဘူး။ သူဟာ ယောက်ျားကောင်း၊ သူရဲကောင်း မဟုတ်တော့ဘူး။ သူဟာ သူ့နှလုံးသား

ကို သူသစ္စာဖောက်ခဲ့တယ်။ ဒီနေ့ ဒီအချိန် ဟောဒီနေရာကို တပ်မင်း မင်းခေါင်နော်ရထာ ရောက်လာမယ်ဆိုတာကို သတင်းပို့ခဲ့တာသူ။ သူ ဘဒ္ဒါကို လွှန်ခဲ့တဲ့ ငါးရက်က ပြောခဲ့တယ်။ တပ်မင်းကိုလည်း သစ္စာမဖောက်ချင်ဘူး။ ပုန်စားသူအဖြစ်နဲ့ စစ်တိုက်နေရာကိုလည်း ငြီးငွေ့တယ်တဲ့။ တပ်မင်းနဲ့ နေပြည်တော်အရေးကိုလည်း သူနားမလည်တော့ဘူးတဲ့။ ဒါပေမယ့်...သူ မင်းကြီးဆီ ဝင်ပြီးအရာရာ တိုးတက်အောင်ပဲ အမှုထမ်းချင်တော့တယ်တဲ့။ ဒါပေမယ့်...တပ်မင်းကို သစ္စာမဖောက်ရက်ဘူးတဲ့လေ။ သူ...သူ ဟောဒီ ဘဒ္ဒါရင်ခွင်ထဲမှာ သေဆုံးနေတဲ့ ဗိုလ်မှူး စက္ကူရ၊ နောက်ဆုံးတော့ တပ်မင်းကို ဖမ်းမိအောင် သူ သတင်းပို့ပြီး ဘုရင်မင်းမြတ်လက်အောက် ခိုလှုံမယ်၊ မင်းကြီးလက်အောက်မှာ တပ်မင်းနဲ့ အတူ အမှုတော်ထမ်းမယ်လို့ သူဆုံးဖြတ်တယ်။ ဘဒ္ဒါ သူ့ကို ချစ်တယ်။ သူစိတ်ချမ်းသာတာကိုပဲ ဘဒ္ဒါ မြင်ချင်တယ်။ သူ့အလိုပြည့်အောင် ဘဒ္ဒါကူညီပေးခဲ့တယ်။ အဝကို မင်းကြီးမင်းလှနော်ရထာတပ် လာပြီးအပြန်မှာ သူလျှို့ဝှက်သဝဏ်ကို တပ်သားတစ်ယောက်ဆီပါသွားအောင် ဘဒ္ဒါကိုယ်တိုင် ပို့ပေးခဲ့တယ်။ ဒါပေမယ့် အခု ဘဒ္ဒါ သိပြီ။ အို...မဟုတ်ဘူး၊ ဘဒ္ဒါ မသိဘူး။ ထီးရေး နန်းရေး စစ်မက်ရေး ဒါတွေ ဘဒ္ဒါ မသိဘူး။ ဘဒ္ဒါဟာ ငယ်ရွယ်တဲ့ မိန်းမသားတစ်ယောက်။ ဘဒ္ဒါသိတာက ဟိုမှာ တပ်မင်း မရှုမလှ လုပ်ကြံခံရပြီ။ တပ်မင်းကျတာ သူ့ကြောင့် သူတပ်မင်းအပေါ် သစ္စာဖောက်တယ်။ သူ့တပ်မင်းကို သူသစ္စာဖောက်တယ်။ သစ္စာမဲ့တဲ့ ဖောက်ပြန် မှားယွင်းတဲ့ သူ့အပြစ်ကို ဘဒ္ဒါ မမြင်ရက်ဘူး။ ဘဒ္ဒါ သူ့ကို ချစ်တယ်။ မောင်ကြီးကို ဘဒ္ဒါ ချစ်တယ်။ မောင်ကြီးကို ချစ်လို့ ဗိုလ်မှူး စက္ကူရကို ဘဒ္ဒါ သတ်ပစ်လိုက်တယ်။ အခု ဗိုလ်မှူး စက္ကူရ မရှိတော့ဘူး။ မောင်ကြီးလည်း မရှိတော့ဘူး။ သစ္စာတရားအတွက် ဘဒ္ဒါ တာဝန်ကျေပြီ။ ချစ်တဲ့လင်ယောကျ်ားအတွက် တာဝန်ကျေတဲ့ ဇနီးမယားလည်းဖြစ်အောင်...”

“သမီး...မလုပ်နဲ့”

မင်းလှနော်ရထာ အော်ရင်းပြေးသွားသည်။

နောက်ကျသွားပေပြီ။

သေနတ်သံတစ်ချက် ပေါ်လာပြီး ဘဒ္ဒါ လဲကျသွားသည်။ လှပသော နဖူးဆံစပ်ဆံနွယ်တို့ သွေးအလိမ်းလိမ်း။ စက္ကူရအပေါ်သို့ ဘဒ္ဒါ လဲကျသွားသည်။

“မိန်းကလေးရယ်၊ သမီးရယ်။ ဘပေးခဲ့တဲ့ သေနတ်ဟာ မင်းတို့အတွက် သွေးမြေကျစရာ ဖြစ်ခဲ့ပါပြီကော”





မင်းလှနော်ရထာ၏ မျက်နှာမှ မျက်ရည်များ စီးကျလာသည်။

ရွှေကနုတ်ပန်းဖော်သေနတ်၏ ဆင်စွယ်ရိုးကို မလွှတ်တမ်း ဆုပ်ကိုင်ထားဆဲ။ ဘဒ္ဒါ၏လက်သည် စက္ကူရ၏ဝဲဘက်ရင်အုံပေါ်တွင် လှပစွာ ကျရောက်နေလေသည်။

နေအပွင့်တွင် အထက်ဆီမှ ပြိုကျလာဟန်တူသော နှင်းထုသည် နောက်ဆုံးနှင်းအဖြစ် သိပ်သည်းထူထပ်စွာ လွှမ်းခြုံသွားသည်။

ရင်းစားပြန်မရနိုင်တော့သော ဆုံးရှုံးမှုရှေ့တွင် တပ်မင်းကြီးမင်းလှနော်ရထာ၏ မျက်ရည်များက နောက်ဆုံးအဖြစ် ဦးညွှတ်နေသည်။

“သူငယ်ချင်းရယ် ဒီမနက်၊ ဒီအချိန်၊ ဟောဒီကျောက်ဆည်နယ်မှာ မင်းကို ဖမ်းဖို့ တာဝန်ဟာ ငါ့တာဝန်မဟုတ်ခဲ့ပါဘူး၊ နောက်မှ ငါသိရလို့ ငါစစ်ကိုင်းကနေ အပြင်းလိုက်လာတာပါ၊ မင်းကို ငါသာဖမ်းခွင့်ရရင် အခုလိုမတွေ့ရပါဘူး၊ မင်းကို ဒီလို အသေပစ်ဖမ်းမယ်ဆိုတာ ငါမသိခဲ့ရသလို မင်းရဲ့သူရဲကောင်း စက္ကူရလည်း မသိခဲ့ရှာပါဘူး။ အခုတော့ သူငယ်ချင်းရယ် လောကမှာ တို့မသိတဲ့အဖြစ်သနစ်တွေကြောင့်ပဲ မင်းနဲ့အတူ စက္ကူရနဲ့ ဘဒ္ဒါတို့ ချစ်သူနှစ်ဦးပါ သွေးမြေရောက်ခဲ့ပါပကော။ မင်းတို့အားလုံးရဲ့ နှလုံးသားကို ငါမြတ်နိုးစွာ ဦးညွှတ်ခဲ့ပါတယ်။ ချစ်သူနှစ်ဦးနဲ့အတူ၊ နေရစ်ခဲ့တော့ သူငယ်ချင်းရယ်”

ကြမ်းတမ်းသော လက်ခုံတို့ဖြင့် မဆည်တန့်နိုင်သော မျက်ရည်တို့ကို သုတ်အပြီး ပြန်လှည့်လိုက်သည်တွင် တစ်ယောက်ကိုတစ်ယောက် ဖက်လျက်သည်းထန်စွာ ငိုကြွေးနေကြသော စစ်သားကြီးနှစ်ယောက်ကို မင်းကြီးမင်းလှနော်ရထာ တွေ့လိုက်ရလေသည်။

သူတို့နှစ်ဦးကား စက္ကူရ၏ လက်ရုံးကြီးနှစ်ယောက်။

သမန်ကြီးနှင့်သမန်ငယ်။

ချစ်ဦးညို

၈၄၊ မေဖော်ဝါရီ။

■



ချစ်ဦးညို။
Designed by THIHA Group